မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၉၉) ခရစ်နှစ်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက် | မြန်မာသက္ကရာဇ် (၁၃၇၀) | (၁၅-၁-၉၉) ရက်နေ့တွင် စတင်တည်ထောင်သည်။

## စစ်အစိုးရ၏ စွပ်စွဲပြောဆိုချက်များသည် မဟုတ်မမှန်ကြောင်း အတိုက်အခံများဘက်မှပြန်လည်ချေပ



နအဖရဲချုပ် ခင်ရီ

စစ်အစိုးရမှ စက်တင်ဘာလ (၇) ရက်နေ့က နေပြည်တော်တွင်ကျင်းပပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတရပ်တွင် ရဲချုပ်ခင်ရီက တိုင်းပြည်တွင်းဖြစ်ပွားနေသည့် ဗုံးပေါက်ခွဲမှုများနှင့်ပတ်သက်၍ အတိုက်အခံများအား စွပ်စွဲပြောဆိုသွားချက်များသည် မဟုတ်မမှန်ကြောင်း အတိုက်အခံအင်အားစုများဘက်မှ ပြန်လည်ငြင်းဆိုချေပလိုက်သည်။

သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အကြီးအကဲဖြစ်သူ ရဲချုပ်ခင်ရီမှ အဲန်အယ်လ်ဒီအဖွဲ့ဝင်များအပါအဝင် အတိုက်အခံအများအပြားအား ဗုံးဖောက်ခွဲမှုနှင့်အခြားအဖျက်အမှောင့်လုပ်ငန်းများနှင့်ဆက်လျဉ်း၍ ဖမ်းဆီးထားခြင်းဖြစ်သည်ဟု သတင်းထောက်များအားပြောဆိုခဲ့သည်။

အဲန်အယ်လ်ဒီအဖွဲ့ဝင်များဖြစ်သည့် ရန်ရွှေ၊ ဇော်ဇော်အောင်နှင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက် (HRDP) အဖွဲ့ဝင်တဦးလည်းဖြစ်သည့် ဦးမြင့်အေးတို့သည် ရွှေပြည်သာရှိ ကြံ့ခိုင်ရေးရုံးအား ဗုံးဖောက်ခွဲသူများဖြစ်ပြီး ဖောက်ခွဲရေးပစ္စည်းများနှင့်အတူဖမ်းဆီးရရှိခဲ့သည်ဟု ရဲချုပ်ခင်ရီက သတင်းစာရှင်းလင်းပွဲတွင်ပြောဆိုခဲ့သည်။

အဆိုပါဖောက်ခွဲမှုများအား ပြည်ပအခြေစိုက် အဲန်အယ်လ်ဒီ (အယ်လ်အေ)၊ မြန်မာ့ဒီမိုကရေစီရေးဖိုရမ်အဖွဲ့ (GDB) တို့မှ နိုင်ငံခြားအကူအညီများရယူလျက် ပြည်တွင်းသို့ပေးပို့ကာ ဗုံးဖောက်ခွဲမှုများကိုလုပ်ဆောင်စေလျက်ရှိသည်ဟုလည်း ရဲချုပ်ခင်ရီက စွပ်စွဲပြောဆိုခဲ့သည်။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မိမိတို့အဖွဲ့အစည်းသည် အကြမ်းမဖက်လှုပ်ရှားမှုဝါဒကို လိုက်နာဆောင်ရွက်နေသည့်အဖွဲ့အစည်းတရပ်ဖြစ်ပြီး ယခုရဲချုပ်ခင်ရီ စွပ်စွဲပြောဆိုနေသည့်သူများမှာလည်း ယခင်ကအဖွဲ့ဝင်ဟောင်းများသာဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ထို့ပြင် အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သည့် ဦးဉာဏ်ဝင်းမှ အဆိုပါသတင်းစာရှင်းလင်းပွဲတွင်ပြောကြားသွားခြင်းများသည် စွပ်စွဲချက်အဆင့်သာရှိပြီး ထင်ရှားသည့်သက်သေမရှိကြောင်းနှင့် အန်အယ်ဒီအပေါ်တွင် ဖိအားသက်ရောက်စေသည့်သဘောဖြစ်ကြောင်းရှင်းလင်းသွားသည်။

HRDP အဖွဲ့ဝင်တဦးဖြစ်သူ ဦးမောင်မောင်လေးမှ “ကျနော်တို့က လူ့အခွင့်အရေးကိစ္စပဲလုပ်တယ်။ မည်သည့် တခြားကိစ္စမှ လက်ခံဆောင်ရွက်ခြင်းမရှိဘူး။ အကြမ်းဖက်မှုကိစ္စတွေ ကျနော်တို့ကိုယ်တိုင်လည်း ဆန့်ကျင်တယ်။ ဘယ်လိုအကြမ်းဖက်မှုမျိုးကိုမဆိုဆောင်ရွက်တဲ့ အဖွဲ့အစည်း၊ အစိုးရ အကုန်ဆန့်ကျင်တယ်၊ အဲဒီအပေါ်မှာ ကျနော်တို့က တစုံတရာအားပေးစရာ၊ ပတ်သက်စရာအကြောင်းဘာမှမရှိဘူး”ဟု ပြောဆိုခဲ့ပြီး ရဲချုပ်ခင်ရီ၏စွပ်စွဲချက်များမှာ မှားယွင်းကြောင်းပြောဆိုခဲ့သည်။

ထို့အပြင် စစ်အစိုးရမှ ၁၉၈၈ အရေးအခင်းကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ မိုးသီးဇွန်အား ဗုံးဖောက်ခွဲရာတွင်ကြိုးကိုင်ပေးသူအဖြစ် စွပ်စွဲထားခဲ့သည်။ ၎င်းနှင့်ပတ်သက်၍လည်း မိုးသီးဇွန်က အတိုက်အခံများအား သောင်းကျန်းသူ၊ အကြမ်းဖက် စသည်ဖြင့် စွပ်စွဲပြောဆိုနေသော်လည်း အမှန်တကယ် အကြမ်းဖက်နေသည့်အုပ်စုမှာ သန်းရွှေစစ်အုပ်စုသာဖြစ်ကြောင်းနှင့် ၈၈ အရေးတော်ပုံကြီးအား အကြမ်းဖက်ဖြိုခွင်းခဲ့သဖြင့် ရဟန်းရှင်လူပြည်သူ (၁) သောင်းခန့်သေဆုံးခဲ့ရပြီး ဒီပဲယင်းအရေးအခင်းတွင်လည်း လူထုခေါင်းဆောင်အား လုပ်ကြံသတ်ဖြတ်ရန်ကြိုးပမ်းခဲ့ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအားလည်း လူမဆန်စွာသတ်ဖြတ်ခဲ့ကြပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ရပ်ရွာများကိုလည်း မီးရှို့၊ လူသတ်၊ မုဒိန်းကျင့် စသည့်အကြမ်းဖက်မှုများအားလုံး ကျူးလွန်ကြသူများမှာ စစ်အုပ်စုသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာလ (၁၁) ရက်နေ့က ပဲခူးတိုင်း၊ ကျောက်ကြီးဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍လည်း ဗုံးခွဲသည့်တရားခံမှာ ကေအဲန်ယူမဖြစ်သည်ဟု စက်တင်ဘာလ (၁၆) ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် စွပ်စွဲဖော်ပြထားသော်လည်း ကေအဲန်ယူမှ မိမိတို့ မဟုတ်ကြောင်း ငြင်းဆိုချေပခဲ့သည်။ ❖

## မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အယူခံဝင်ခွင့်ရရှိရေးအတွက် မိသားစုရှေ့နေမှဆက်လက်ကြိုးပမ်း



စက်တင်ဘာလ (၁၁) ရက်။

မြန်မာအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် မိမိအား တရားမဝင်ထိန်းသိမ်းထားခဲ့မှုအား ဥပဒေကြောင်းလမ်းအရ အယူခံတင်သွင်းနိုင်ရေးအတွက် အကျိုးတော်ဆောင်ရှေ့နေဖြစ်သူ ဦးကြည်ဝင်းနှင့် တွေ့ဆုံခွင့်ရရန်အတွက် အာဏာပိုင်တို့ထံသို့ လွန်ခဲ့သည့်လ (၂၇) ရက်နေ့က တင်ပြထားခဲ့ရာ ယခုလ (၁) ရက်နေ့က အာဏာပိုင်တို့ဘက်မှ ခွင့်ပြုလိုက်သည်ဟုသိရသည်။

စက်တင်ဘာလ (၁) ရက်နေ့က ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ရှိနေအိမ်တွင် နံနက် (၉ း ၁၅) နာရီမှစတင်ကာ မိနစ် (၃၀) ကြာ ဒေါ်အောင်ဆန်းစုကြည်နှင့် အကျိုးတော်ဆောင်ရှေ့နေ ဦးကြည်ဝင်းတို့တွေ့ဆုံခွင့်ရရှိခဲ့ပြီး ယင်းအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်သည်ဟုလည်း သိရသည်။ ဥပဒေအကျိုးဆောင်နှင့် တွေ့ဆုံခွင့်ရရှိခဲ့သော်လည်း အချိန်ကာလတိုတောင်းလွန်းလှသဖြင့် ကိစ္စရပ်များကို အပြီးသတ်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘဲ အယူခံလျှောက်လွှာအား ဖတ်ရှုကြည့်နိုင်စေရန်အတွက် ဒေါ်အောင်ဆန်းစုကြည်ထံသို့ပေးခဲ့ရသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းမှပြောဆိုခဲ့သည်။

ယခုလ စက်တင်ဘာ (၁၁) ရက်နေ့က စတုတ္ထအကြိမ်အဖြစ် အချိန် (၂) နာရီခန့် ထပ်မံတွေ့ဆုံခဲ့ပြီး သူမအား တရားမဝင်ဆက်လက်ထိန်းသိမ်းထားခြင်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ရှေ့နေဦးကြည်ဝင်းက ပြောဆိုခဲ့သည်။

ကျန်းမာရေးကိစ္စနှင့်ပတ်သက်၍ ပြီးခဲ့သည့် စက်တင်ဘာလ (၁) ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်က မိမိကျန်းမာရေးကောင်းကြောင်းနှင့် ကိုယ်အလေးချိန် နဲနဲကျနေကြောင်းသာပြောဆိုခဲ့ပြီး ယခုတကြိမ် ဦးကြည်ဝင်းနှင့်တွေ့ဆုံသည့်အခါတွင် ဒေါ်အောင်ဆန်းစုကြည်က မိမိ၏ကျန်းမာရေးကိစ္စနှင့်ပတ်သက်၍ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းမှသာ ထုတ်ဖော်ပြောကြားလိမ့်မည်ဖြစ်ကြောင်း

**စာမျက်နှာ (၁၇) ကော်လံ (၄) သို့....**

## အမျိုးသားဒီမိုကရေစီမအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခြင်းနှစ် (၂၀) ပြည့်အခမ်းအနားကျင်းပ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းတည်ထောင်ခဲ့သည့် နှစ် (၂၀) ပြည့်အခမ်းအနားအား ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့က ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းရှိအဖွဲ့ချုပ်ရုံးတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ (၂၀) နှစ်ပြည့်မြောက်သည့်အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တောင်းဆိုချက် (၅) ချက်ပါရှိသည့် အထူးကြေညာချက်တစောင်ထုတ်ပြန်ခဲ့ပြီး ယင်းကြေညာချက်ပါအချက် (၅) ချက်အား ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းမှ “ကျနော်တို့ ပြည်သူလူထုကိုပေးထားတဲ့ကတိကဝတ်နဲ့အညီ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးဖို့၊ နံပါတ် (၂) အချက်အနေနဲ့က အဖွဲ့ချုပ်ရဲ့ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနဲ့အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ကို ခြွင်းချက်မရှိလွှတ်ပေးဖို့၊ နံပါတ် (၃) အချက်အနေနဲ့ကတော့ ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေကြရတဲ့ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ ဒီမိုကရေစီအင်အားစုများ၊ နိုင်ငံရေးအကျဉ်းသားအားလုံး ကန့်သတ်ခြင်းမရှိဘဲ အမြန်ဆုံးလွှတ်ပေးဖို့၊ နောက်တခုက ကျနော်တို့ အဖွဲ့ချုပ်စည်းရုံးရေးအဖွဲ့များကို ခေတ္တဆိုပြီးတော့ပိတ်ထားတာ အခု (၅) နှစ်ကျော်ပါပြီ။ အဲဒီတော့ ကာလကြာရှည်စွာချိပ်ပိတ်ထားခြင်းမှ အမြန်ဆုံးဖွင့်လှစ်ပေးဖို့၊ တောင်းဆိုချက်အမှတ် (၅) အနေနဲ့ကတော့ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲဝင်ခဲ့ပြီး ဖျက်သိမ်းခံရတဲ့ တိုင်းရင်းသားပါတီတွေကို ပြန်လည်ထူထောင်ခွင့်ပေးပြီး နိုင်ငံရေးပါတီအနေနဲ့ လွတ်လပ်စွာဟောပြောစည်းရုံးလှုပ်ရှားခွင့်ပေးဖို့ဖြစ်တယ်”ဟု ပြောဆိုခဲ့သည်။

အခမ်းအနားသို့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေအပါအဝင် မကြာသေးခင်ကမှ ပြန်လည်လွတ်မြောက်လာသည့် သတင်းစာဆရာကြီးဦးဝင်းတင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာသန်းငြိမ်းနှင့် ဦးခင်မောင်ဆွေတို့လည်း တက်ရောက်ကြကြောင်းသိရှိရသည်။

ဥက္ကဋ္ဌဖြစ်သူဦးအောင်ရွှေမှ ပြန်လည်လွတ်မြောက်လာသည့် ဦးဝင်းတင်၊ ဦးခင်မောင်ဆွေနှင့် ဒေါက်တာသန်းငြိမ်းတို့အား မူလတာဝန်များတွင် ပြန်လည်ထမ်းဆောင်ပါရန်ဖိတ်ခေါ်ခဲ့ရာ ဦးဝင်းတင်မှ ယခင်ထမ်းဆောင်ခဲ့သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အထွေထွေအတွင်းရေးမှူးနေရာတွင် ပြန်လည်တာဝန်ထမ်းဆောင်ရန်အတွက် သဘောတူလက်ခံခဲ့ကြောင်းလည်းသိရသည်။

အလားတူအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည့်နှစ် (၂၀) ပြည့်အခမ်းအနားတရပ်ကို ထိုင်း–မြန်မာနယ်စပ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) တွင်လည်း အောက်တိုဘာလ၊ (၂) ရက်နေ့ကကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ နိုင်ငံတကာရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဌာနခွဲများ၊ မဟာမိတ်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ညှိနှိုင်းဆွေးနွေးတဲ့ညီညွှတ်မှုဖြင့် တည်ဆောက်ရမည်

အနှစ် (၂၀) တိုင်တိုင် ခရီးကြမ်းကြီးအားရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် ယနေ့လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေသည် အထိအခိုက် အမှားအယွင်းမခံနိုင်သည့် အခြေအနေတခုအတွင်း သက်ဆင်းရောက်ရှိနေပြီဖြစ်သည့်သကာလ နိုင်ငံ့ကံကြမ္မာအား ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် လက်တွဲညီညီ မြဲမြံသည့်သတိဖြင့် လုပ်ဆောင်ကြရန် အထူးလိုအပ်သည့်ကာလလည်းဖြစ်သည်။

အဆိုပါဖြတ်သန်းခဲ့ရသည့်ကာလများတွင် နိုင်ငံအတွင်း မီတင်းနေထိုင်ကြသည့် လူမျိုးစုတိုင်းရင်းသားပေါင်းစုံအနေဖြင့်လည်း နိုင်လိုမင်းထက်ပြု ရက်စက်ရိုင်းပြသည့် စစ်အာဏာရှင်တို့၏ တဖိုလ်ကျ တဖိုလ်တက်အုပ်စိုးမှုအောက်တွင် နှစ်ကာလအချိန်အတော်ကြာ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အခြားခြားသော အခွင့်အရေးအနှစ်သာရများ ဆိတ်ကွယ်ပျက်သုဉ်းနေခဲ့ရပြီး တိုင်းပြည်၏ မြောက်များလှစွာသော သယံဇာတများမှာလည်း ဖက်ဆစ်စစ်အုပ်စု၏ ကိုယ်ကျိုးရှာစီးပွားရေးစနစ်အောက်တွင် ချွတ်ခြုံကျ ကုန်လုကုန်ခင်ပင်။

ဤကဲ့သို့ အဘက်ဘက်မှချို့ယွင်းနေသည့်ကာလအချိန်တွင် နအဖစစ်အုပ်စုအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားတို့အပေါ် ငဲ့ညှာထောက်ထားခြင်းမရှိပဲ မြန်မာပြည်အား နိုင်ငံတကာအလယ်တွင် တရားဝင်အစိုးရအဖြစ် ဆက်လက်အုပ်စိုး ချယ်လှယ်ခွင့်ရစေရန်အတွက် ပြည်သူ့ဆန္ဒအစစ်အမှန်ဖြစ်သည့် (၉၀) ပြည့်ရွေးကောက်ပွဲအား မျက်ကွယ်ပြုလျစ်လျူရှုကာ ၎င်းတို့စိတ်ကြိုက် အုပ်စိုးချယ်လှယ်နိုင်မည့် ထင်ရာစိုင်းအခြေခံဥပဒေအား အတင်းအဓမ္မရေးဆွဲအကောင်အထည်ဖော်လျှက် နိုင်ငံအား စစ်ကျွန်ပြုရန်ကြိုးပမ်းအားထုတ်လျက်ရှိပေသည်။

ဤအာဏာရှင်စနစ်ဆိုးကြီး အမိမြေအတွင်းမှ ပျောက်ကွယ်ပျက်သုဉ်းရေးအတွက် ကိုယ်စီကိုယ်င အားသန်ရာ သန်ရာဘက်မှ နည်းလမ်းမျိုးစုံဖြင့် ကျရာအခန်းကဏ္ဍမှ တိုက်ပွဲဝင်ရင်း ကုန်လွန်ခဲ့သည့် နှစ်ပေါင်း (၂၀) သမိုင်းစဉ်ကာလတလျှောက် ဖြတ်သန်းခဲ့၊ တွေ့ကြုံခဲ့ကြရသည့်ဖြစ်စဉ်များအတွင်း မတူကွဲပြားခြားနားသည့် အခြေအနေသဘောထားများ ရှိကောင်းရှိခဲ့သော်ငြား ယနေ့ကာလအနေဖြင့် အခြေအနေတရပ်၏တောင်းဆိုမှုများကြောင့် တဦးတယောက်၊ တစုတဖွဲ့ဖြင့် ရည်ရွယ်ချက်ပန်းတိုင်ဆီသို့ လျှောက်လှမ်းနေကြမည့်အစား အပြန်အလှန် အသိအမှတ်ပြု လေးစားသမှုဖြင့် အမိနိုင်ငံ့အကျိုးအားရည်မျှော်၍ ဘုံရန်သူအား အမြစ်ပြတ်ချေမှုန်းရန် တူညီစွာဆုံးဖြတ်ချက်ချရမည့်အချိန်ကာလသို့ မလွဲမသွေရောက်ရှိလာပြီဖြစ်ပေသည်။

နိုင်ငံရေးအကြပ်အတည်းကိုဖြေရှင်းနိုင်စေရန်အတွက် တခုတည်းသောနည်းလမ်းဖြစ်သည့် ...

– ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ရန်။

– ပြည်သူ့လွှတ်တော်ခေါ်ပေးရန်။

– နိုင်ငံရေးအရ တန်းတူရည်တူ တွေ့ဆုံဆွေးနွေးအဖြေရှာရန်ဟူသည့် "စု၊ လွှတ်၊ တွေ့" မူဝါဒလမ်းစဉ်တရပ်ကို ဦးဆောင်ပါတီအဖွဲ့ချုပ်အနေဖြင့် လက်ကိုင်ထားပြီး နအဖစစ်အုပ်စုအား ယနေ့အချိန်ထိတိုင် အစဉ်တစိုက်တောင်းဆိုလျှက်ရှိသကဲ့သို့ လက်ရှိအာဏာစွဲကိုင်ထားသည့်စစ်အုပ်စုအနေဖြင့်လည်း နိုင်ငံအတွင်း စစ်မှန်သည့်ဒီမိုကရေစီ ဖြစ်ပေါ်လာစေရန်အတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပေသည်။

မည်သို့ပင်ဖြစ်စေ ပြည်တွင်းပြည်ပရှိ ပါတီ၊ အဖွဲ့အစည်းများ၊ အတိုက်အခံအင်အားစုများအနေဖြင့်လည်း အဆိုပါမူဝါဒလမ်းစဉ်အား ခိုင်မြဲတူညီစွာ လက်ကိုင်ထားရန်လိုအပ်ပြီး ...

အဖွဲ့ချုပ် ရှင်သန်အားကောင်းစေရန်အတွက် စုပေါင်းဝန်းရံထားရေး၊ ပြည်သူ့လွှတ်တော်တရပ် ပေါ်ပေါက်လာစေရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးရေးနှင့် လူထုခေါင်းဆောင်၏ ခေါင်းဆောင်မှုအောက်တွင် အားလုံးပါဝင် ပံ့ပိုးဝန်းရံထား ပေးရေးဟူသည့် ကြွေးကြော်သံ (၃) ရပ်ကို မဏ္ဍိုင်စိုက်ထူ၍ မင်းဆိုးမင်းညစ်အောက်မှ အမြန်ဆုံးလွတ်မြောက်ရန် အပြန်အလှန်လေးစားမှုဖြင့် အချိတ်အဆက်မိမိ အတူလက်တွဲဝန်းရံတိုက်ပွဲဝင်ရန် အချိန်ကြရောက်ပြီဖြစ်ပါကြောင်း ...။

❖ ❖ ❖

**သုံးမွှင့်ဆိုင်ဆွေးနွေးပွဲအား ...ထောက်ခံကြ...**

# မြန်မာ့အတိုက်အခံ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့ဩဇာလွှမ်းမိုးမှုအရှိဆုံးအမျိုးသမီးများတွင် အဆင့် (၃၈) ရှိ

ဩဂုတ်လ (၁၀)။



စီးပွားရေးနှင့်ငွေကြေးဆိုင်ရာ မဂ္ဂဇင်းတခုဖြစ်သည့် (Forbes) မဂ္ဂဇင်းမှ ၂၀၀၈ ခုနှစ်အတွက် ကမ္ဘာပေါ်တွင် ဩဇာလွှမ်းမိုးမှုအရှိဆုံးအမျိုးသမီး (၁၀၀) ၏စာရင်းအား ထုတ်ပြန်ရာတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် အဆင့် (၃၈) နေရာတွင်ရှိကြောင်း သိရှိရသည်။

ယမန်နှစ်က ယင်းမဂ္ဂဇင်း၏ထုတ်ပြန်ချက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် အဆင့် (၇၁) နေရာတွင်ရှိခဲ့ပြီး ယခုနှစ်ထုတ်ပြန်ချက်စစ်တမ်းအရ ဒေါ်အောင်ဆန်းစုကြည်၏ဩဇာလွှမ်းမိုးမှုသည် တိုးတက်မှုရှိလာသည်ဟုသိရသည်။

၂၀၀၃ ခုနှစ်မှစတင်ကာ နေအိမ်အကျယ်ချုပ်ခံဘဝဖြင့်နေထိုင်နေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏နိုင်ငံရေးအမြင်၊ နိုင်ငံရေးရပ်တည်ချက်နှင့် လှုပ်ရှားဆောင်ရွက်မှုများကြောင့် နိုင်ငံတကာ၏အသိအမှတ်ပြုလေးစားခံရသည့်ပုဂ္ဂိုလ်တဦးဖြစ်ပြီး ဆုအတော်များများကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသူဖြစ်သည်။

(Forbes) မဂ္ဂဇင်း၏ ၂၀၀၈ ခုနှစ်အတွက်ထုတ်ဝေသည့်စာရင်းတွင် ဂျာမဏီဝန်ကြီးချုပ် အဲန်ဂျယ်လာမာခေလ်းသည် နံပါတ် (၁) နေရာတွင်ရှိပြီး အမေရိကန်နိုင်ငံခြားရေဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က (၇)၊ အန္ဒိယနိုင်ငံ ကွန်ဂရက်ပါတီဥက္ကဋ္ဌ ဆိုနီယာဂန္ဒီက နံပါတ် (၂၁)၊ အမေရိကန်အထက်လွှတ်တော်အမတ် ဟယ်လာရီကလင်တန်က နံပါတ် (၂၈)၊ အောက်လွှတ်တော်ဥက္ကဋ္ဌ ဒီမိုကရက်ပါတီအမတ် နန်စီပလိုစီက နံပါတ် (၃၅)၊ ဖိလစ်ပိုင်သမတ အာယိုရိုက နံပါတ် (၄၁) နှင့် အမေရိကန်သမတကတော် လော်ရာဘုရှ်က နံပါတ် (၄၄) ဖြစ်ကြောင်းသိရသည်။

အဆိုပါစာရင်းထဲတွင် စီးပွားရေးလုပ်ငန်းရှင် (၅၄) ဦးနှင့် နိုင်ငံရေးလောကမှ ခေါင်းဆောင်အမျိုးသမီး (၂၃) ဦးပါရှိပြီး စာရင်းတွင်ပါသည့်သူများသည် ချမ်းသာကြွယ်ဝရန်မလိုအပ်ပဲ လူအများအပေါ် ဩဇာသက်ရောက်မှုရှိနေဖို့အတွက်သာဖြစ်ကြောင်းလည်းသိရသည်။ အဆိုပါစာရင်းအား ကောက်ခံရာတွင် စီးပွားရေးလုပ်ငန်းများမှ အကြီးအကဲများ၊ အစိုးရပိုင်းအကြီးအကဲများနှင့် အခြားနယ်ပယ်အသီးသီးရှိ အကြီးအကဲများ၏ အသိအမှတ်ပြုလေးစားခံရသည့်အပေါ်တွင် အခြေခံပြုစုထားခြင်းဖြစ်ကြောင်းလည်းသိရသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်အား ဒန်ဒီးလွတ်မြောက်ရေးဆိုင်ရာဆုချီးမြှင့် နိုင်ငံတကာအနေဖြင့်လည်း မြန်မာပြည်သူများအားမေ့ထားမည်မဟုတ်

နေအိမ်တွင် အကျယ်ချုပ်ဖြင့် အထိမ်းသိမ်းခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဗြိတိန်နိုင်ငံ၊ စကော့တလန်နယ်ရှိ ဒန်ဒီးမြို့တော်ဝန်မှနေ၍ စက်တင်ဘာလ (၃) ရက်နေ့က၊ Dundee Freedom Award လွတ်မြောက်ရေးဆိုင်ရာဆုအားချီးမြှင့်လိုက်ပြီး ၎င်းဆုအား မြန်မာ့အရေးလှုပ်ရှားနေသည့် Burma Campaing UK အဖွဲ့မှ Anna Roberts မှနေ၍ ကိုယ်စားလက်ခံရယူခဲ့သည်။ ဆုပေးပွဲအခမ်းအနားသို့ ဒန်ဒီးမြို့တော်ကောင်စီဝင်များ၊ စကော့တလန်လွှတ်တော်အမတ်များနှင့် မြန်မာ့အရေးလှုပ်ရှားနေကြသူများ စုစုပေါင်း လူ (၁၀၀) ကျော်တက်ရောက်ခဲ့ကြသည်။ အဆိုပါဆုအားလက်ခံယူသည့် Anna Roberts မှနေ၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး လက်ရှိမြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများနှင့် ဒေါ်အောင်ဆန်းစုကြည် ရင်ဆိုင်နေရသည့် လက်ရှိအခြေအနေအခက်အခဲများအား တက်ရောက်လာသူများကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင်"ဒန်ဒီးမြို့တော်ကောင်စီကနေ ဒေါ်အောင်ဆန်းစုကြည်ကို မြို့တော်ရဲ့လွတ်မြောက်ရေးဆိုင်ရာဆုချီးမြှင့်ပါတယ်။ ဒီဆုဟာ မြို့တော်ရဲ့ တန်ဖိုးထားတဲ့ ဆုတဆုပါ။ လူတော်တော်များများကို သူတို့ပေးလေ့မရှိပါဘူး။ ဒါကြောင့် ဒီဆုဟာ ဂုဏ်ယူစရာကောင်းပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်လို့ လူအတော်များများသိလာဖို့အတွက် အခွင့်အလမ်းတရပ်လည်းဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံမှာ ဘာတွေဖြစ်နေတယ်၊ စစ်အစိုးရဆိုတာ ဘယ်လိုလဲ စသဖြင့် အများသိရှိလာစေဖို့အတွက် အခွင့်အလမ်းကောင်းဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။

"ဒေါ်အောင်ဆန်းစုကြည်အခြေအနေနဲ့ပတ်သက်လို့ ကျမတို့ အမြဲတမ်းစိုးရိမ်ပူပင်နေရပါတယ်။ အခုအချိန်မှာ သူအစာငတ်ခံဆန္ဒပြနေတယ်ဆိုတဲ့ သတင်းမျိုး၊ အခြားမရေမရာသတင်းမျိုးတွေ ကြားနေရပါတယ်။ ဒါပေမယ့်ကျိန်းသေတာတခုကတော့ မြန်မာနိုင်ငံအခြေအနေနဲ့ပတ်သက်လို့ ကုလသမဂ္ဂက ဆောင်ရွက်နေတာတွေအပေါ် ဒေါ်အောင်ဆန်းစုကြည်က အရမ်းဒေါသထွက်နေတယ်။ စိတ်ပျက်နေတယ်ဆိုတာကတော့ မြင်သာပါတယ်။ မစ္စတာဂန်ဘာရီ မြန်မာနိုင်ငံလာတုန်းက ဒေါ်အောင်ဆန်းစုကြည်ဘက်ကတွေ့ဆုံဖို့ငြင်းပယ်တယ်ဆိုတာလည်း ကုလသမဂ္ဂဘက်ကဆောင်ရွက်ချက်တွေဟာ ဘာမှရလဒ်ထွက်မလာဘူးလို့မြင်တဲ့သဘောလို့ ထင်ပါတယ်။ ဒ့ါကြောင့် ကုလသမဂ္ဂအနေနဲ့ မြန်မာ့အရေးဆက်လက်ဆောင်ရွက်မယ်ဆိုရင် အချိန်သတ်မှတ်မှုရှိရမယ်။ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်လာစေရမယ်။ တကယ့်ကိုစစ်မှန်တဲ့နိုင်ငံရေးအသွင် ကူးပြောင်းမှုမျိုးဖြစ်ရမယ်ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်ကထောက်ပြနေပါတယ်"ဟု သူမက ဆက်လက်ပြောဆိုသွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ သတ္တိ၊ စွမ်းဆောင်မှုနဲ့ ပိုင်းဖြတ်မှုတွေအပေါ် ကမ္ဘာတဝှမ်းမှ ဂုဏ်ပြုဆုများချီးမြှင့်ခြင်းဖြင့် အသိအမှတ်ပြုနေကြခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိပြည်သူများအားလည်း ကမ္ဘာ့အသိုင်းအဝိုင်းမှ မေ့မထားဘဲ ၎င်းတို့နှင့်အတူရှိနေကြောင်းနှင့် မြန်မာနိုင်ငံလွတ်မြောက်သည်အထိ အတူတကွ ဆက်လက်လှုပ်ရှားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

❖



# တနှစ်ကျော်ကြာတိမ်းရှောင်နေသည့် မနီလာသိန်းဖမ်းဆီးခံရ ၈၈ မျိုးဆက်ကျောင်းသားများမှ ကြေညာချက်တစောင်ထုတ်ပြန်

စက်တင်ဘာ (၁၁) ရက်

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ မနီလာသိန်းအပါအဝင် ယုံကြည်ချက်ကြောင့် မတရားဖမ်းဆီးခံထားရသည့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ပတ်သက်၍ စာမှတ် ၈/၂၀၀၈ (၈၈) အား စက်တင်ဘာလ (၁၅) ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကြေညာချက်တွင် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များအား မတရားဖမ်းဆီးထားနေသော်လည်း မိမိတို့၏ ယုံကြည်ချက်ဖြစ်သည့် တိုင်းပြည်၏ဒီမိုကရေစီနှင့်လူ့အခွင့်အရေးရရှိရေး လှုပ်ရှားကြိုးပမ်းနေမှုများကို နောက်ဆုတ်သွားမည်မဟုတ်ကြောင်းဖော်ပြထားသည်။ မိမိတို့အနေဖြင့်အမျိုးသားညီညွတ်ရေးသည် အလွန်အရေးကြီးကြောင်း ထောက်ပြပြောဆိုထားခဲ့ပြီးဖြစ်သည်နှင့်အညီ ယင်းအမျိုးသားညီညွတ်ရေးအတွက် တွေ့ဆုံဆွေးနွေးအဖြေ ရှာခြင်းနည်းလမ်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု ယုံကြည်လျက်ရှိသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မတရားဖမ်းဆီးခံထားရသည့် မနီလာသိန်းအပါအဝင် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများကို ချက်ချင်းလွှတ်ပေးကာ တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် တိုင်းပြည်၏ အခက်အခဲကို အဖြေရှာရန်အချိန်ဖြစ်ကြောင်း



၈၈ မျိုးဆက်ကျောင်းသူမနီလာသိန်း

ယခုဖမ်းဆီးထားသည့် မနီလာသိန်းအပါအဝင် အတင်းအဓမ္မဖမ်းဆီးခံထားရသူများအားလုံးအား ညှင်းပန်းနှိပ်စက်ခြင်းမပြုလုပ်ရန်နှင့် အကယ်၍ တစုံတရာထိခိုက်ချို့ငဲ့မှုများဖြစ်ခဲ့ပါက စစ်အစိုးရတွင်သာ တာဝန်ရှိကြောင်း ဖော်ပြထားသည်။

ထို့အပြင် တိုင်းပြည်အတွင်းတွင် မည်သည့်တဖက်သတ်လုပ်ဆောင်ချက်များကိုမှ မိမိတို့ (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့နေဖြင့် လက်ခံမည်မဟုတ်သလို ငြိမ်ခံနေမည်မဟုတ်ကြောင်း၊ တိုင်းပြည်ဒီမိုကရေစီရရှိရေးနှင့် အမျိုးသားညီညွတ်ရေးအတွက် အကြမ်းမဖက်ငြိမ်းချမ်းသောနည်းဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

(၈၈) မျိုးဆက်ကျောင်းသားအဖွဲ့ဝင်ဖြစ်သူ မနီလာသိန်းသည် ယမန်နှစ်ကဖြစ်ပွားခဲ့သည့် လောင်စာဆီဈေးနှုန်းကျဆင်းရေး လမ်းလျှောက်ဆန္ဒပြပွဲအတွင်း စစ်အာဏာပိုင်တို့၏ဖမ်းဆီးမှုကို တနှစ်ကျော်ကြာ တိမ်းရှောင်ပုန်းအောင်းနေခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာလဆန်းပိုင်းက ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်တွင် စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးမှုကိုခံခဲ့ရသည်။

လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ကိုအုံ့ဖွယ်ကျော်၏ မိခင်အား ကျန်းမာရေးအခြေအနေအား သွားရောက်သတင်းမေးမြန်းရာမှ ယခုကဲ့သို့ အဖမ်းအဆီးခံရခြင်းဖြစ်ပြီး ယခုအခါတွင် အာဏာပိုင်တို့က မည်သည့်နေရာတွင် ဖမ်းဆီးထိန်းသိမ်းထားသည်ကိုမူ မသိရှိရသေးပေ။ သူမ၏ခင်ပွန်းသည်ဖြစ်သူ ကိုကျော်မင်းယု (ခ) ကိုဂျင်မီမှာလည်း ဆန္ဒပြပွဲတွင်ပါဝင်လှုပ်ရှားခဲ့သည့်အတွက် ယခုအခါတွင် ထောင်သွင်းအကျဉ်းချခံထားရသည်။

မနီလာသိန်းသည် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံရေးအကျဉ်းသားများ လွှတ်မြောက်ရေးနှင့် ပညာရေးမြှင့်တင်ရေးတို့တွင် ပါဝင်ဆန္ဒပြခဲ့မှုကြောင့် ထောင်ဒဏ် (၁၀) နှစ်ကျခံခဲ့ရသည်။ ယခုအခါ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကျောင်းသားခေါင်းဆောင်များအား စစ်အစိုးရမှ ပုဒ်မအမျိုးမျိုးတပ်ကာ တရားစွဲဆိုလျက်ရှိသည်။

❖

# ၈၈ မျိုးဆက်ကျောင်းသားများအား စတင်ရုံးထုတ်အမှုစစ်ဆေး အာဏာပိုင်တို့မှ ပုဒ်မ (၈) ခု၊ အမှုပေါင်း (၂၀) ဖြင့် တရားစွဲဆို



စစ်အစိုးရမှ အမှုပေါင်း (၂၀) ဖြင့် တရားစွဲဆိုခြင်းခံနေရသည့် ၈၈ မျိုးဆက်ကျောင်းသားများ

စက်တင်ဘာလ (၁၂) ရက်။

ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်အပါအဝင် (၈၈) မျိုးဆက်ကျောင်းသားအဖွဲ့မှ (၃၀) ကျော်ကို ယခုလ စက်တင်ဘာ (၉) ရက်နေ့က ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးအနေဖြင့် အင်းစိန်ထောင်အကျဉ်းထောင်တွင် ရုံးထုတ်ခဲ့ကြောင်းသိရသည်။

ကိုမင်းကိုနိုင်အပါအဝင် (၈၈) မျိုးဆက်ကျောင်းသားအဖွဲ့မှ (၃၄) ဦးကို ပုဒ်မ ၃၃ (က)၊ ၁၇ (၁) တို့ဖြင့် စွဲဆိုရုံးထုတ်ခြင်းဖြစ်ပြီး စစ်အစိုးရ၏ကြေညာချက် ၅/၉၆ အရ အမျိုးသားညီလာခံကို နှောင့်ယှက်ဖျက်ဆီးမှုဖြစ်မှုပုဒ်မ ၁၃၀ (ခ) အရ နိုင်ငံခြားတိုင်းပြည်များအား အကြည်အညိုပျက်စေမှု စသည်တို့ဖြင့် စွဲဆိုထားကြောင်းသိရသည်။ ပုဒ်မ ၁၃၀ (ခ) မှာ ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်းက မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ လုံခြုံရေးကောင်စီတွင် တရုတ်နှင့်ရုရှမှ မြန်မာ့အရေးအား ဗီတိုအာဏာသုံး ပယ်ချခဲ့သည့်အပေါ်တွင် ဝေဖန်ခဲ့သောကြောင့် စွဲဆိုသည့်ပုဒ်မဖြစ်ကြောင်းသိရသည်။

ယခုဖမ်းဆီးတရားစွဲဆိုထားသည့် (၈၈) မျိုးဆက်ကျောင်းသားအဖွဲ့မှ အများစုမှာ ယခင်က စစ်အစိုးရ၏အကျဉ်းထောင်တွင် (၁၅) နှစ်ကျော်ခန့် ပြစ်ဒဏ်ချမှတ်ခံရပြီးသူများဖြစ်ပြီး ယမန်နှစ် ၂၀၀၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် လောင်စာဆီဈေးနှုန်းကျဆင်းရေးတွင် လမ်းလျှောက်ဆန္ဒပြခဲ့သည့်အတွက်ကြောင့် ဖမ်းဆီးခံထားရသူများဖြစ်သည်။ ဤဆိုပါ (၈၈) မျိုးဆက်ကျောင်းသားများအား စစ်အစိုးရက ပုဒ်မအမျိုးမျိုးဖြင့်ပြောင်းလဲစွဲဆိုကာ ဖမ်းဆီးထားသည်မှာ (၁) နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်ဖြစ်သူ ကိုမင်းကိုနိုင်အား ပြည်ပသတင်းမီဒီယာများတွင်ပါရှိသည့် အင်တာဗျူးဖြေဆိုပြောကြားမှုများကို သက်သေအထောက်အထားပြကာ တင်ပြစွဲဆိုမှုများလည်း ရှိခဲ့သည်ဟုသိရသည်။

ကိုမင်းကိုနိုင်က "ကျနော်တို့ကို ထောင်အနှစ် တထောင်ပဲချချ။ ဖုန်းကွယ်ထားလို့မရပါဘူး။ ကျနော်တို့အနေနဲ့ ဥပဒေဘောင်အတွင်းကနေ ဆက်လက်ရင်သွားမှာဖြစ်ပါတယ်"ဟု တရားသူကြီးကိုပြောဆိုခဲ့ကြောင်း အမှုလိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေဦးညီညီလှိုင်က ပြောပြခဲ့သည်။

(၈၈) မျိုးဆက်ကျောင်းသားများအား

## အယ်ဒီတာ့ထံပေးစာ...

နေ့စွဲ ၁၄၊ ၈၊ ၀၈
အယ်ဒီတာချုပ်
မိုးကြိုးသတင်းစဉ်

ကျနော်ဦးတင်မောင် မယ်ဆိုင်မြို့မှ စာရေးအကြောင်းကြားအပ်ပါသည်။ ကျနော်များ မယ်ဆိုင်မြို့တွင် မြန်မာလူငယ်အများအပြား တာချီလိတ်မြို့မှလာရောက် ဈေးရောင်းအလုပ်လုပ်သူများဖြစ်ကြပါသည်၊ မယ်ဆိုင်မြို့တွင် မြန်မာလူငယ်များနှင့် ပတ်သက်သည့် မည်သည့်အဖွဲ့



အစည်းမျှမရှိပါသဖြင့် ကျနော်ဦးဆောင်၍ စာစောင်များဖြန့်ဝေပေးဖတ်ခြင်း၊ နိုင်ငံရေးနှင့်ပတ်သက်သည့်သတင်းများဖြန့်ဝေခြင်းကို Col, Hkun Okher (General Secretary) , National Democratic Front ၏အကူအညီဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ခေတ်ပြိုင်နှင့်ရောဝတီမဂ္ဂဇင်းမှ လည်းစာစောင်များပေးပို့ခြင်းဖြင့် အကူအညီရရှိနေပါသည်။ မေလနှင့်ဇွန်လထုတ် မိုးကြိုးသတင်းစဉ်ကို ဦးခွန်ဥက္ကာမှ ရရှိဖတ်ရှုရသည့်အတွက် အလွန်အမင်းဝမ်းမြောက်မိပါသည်။ မိုးကြိုးသတင်းစာတွင် သတင်းစုံလင်ခြင်း၊ လူငယ်များအတွက် အလွန်အကျိုးရှိမည်ထင်ပါသဖြင့် ကျနော်များမယ်ဆိုင်မြို့သို့ဖြန့်ဝေပေးပါရန် အထူးအကြံပြုအပ်ပါသည်။ လိုအပ်သည့်အကြောင်းအရာများကို အကြောင်းပြန်ပေးပါရန် ပန်ကြားအပ်ပါသည်။

ဦးတင်မောင်

Mr Tin Maung, 111\4 Ko Sai
Moo 7 Mae Sai, Chaing Rai (57130)
Thailand
Phone 089-6378906

---

သို့
တာဝန်ခံအယ်ဒီတာ (မိုးကြိုးသတင်းစဉ်)

လေးစားစွာဖြင့် စာရေးဆက်သွယ်လိုက်ပါတယ်။ အမြဲတမ်းပုံမှန်ရောက်ရှိနေသည့် မိုးကြိုးသတင်းစဉ်သည် ကျနော်ထံသို့မရောက်တာကြာပြီဖြစ်သည့်အတွက်ကြောင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်ပေါင်းစုံ အခြေအနေသတင်းအချက်အလက်များနှင့်ကင်းကွာနေကြရသည့်အတွက်ကြောင့် မိုးကြိုးသတင်းစဉ်အားပုံမှန်ပေးပို့စေလိုပါသည်။



အစဉ်လေးစားစွာဖြင့်

Nyunt Maung #D#4
Klong Prem Prison
33\2, Ngam Wong Wan Road
Chatuchak, Bangkok, 10900
Thailand

မိုးကြိုးသတင်းစဉ် သို့

စာမူများ၊ ဝေဖန်အကြံပြုစာများ ဆက်သွယ်ပေးပို့နိုင်သည်။

အယ်ဒီတာအဖွဲ့
(မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ)



# ရာသီရိုင်းကို ဘယ်လိုရင်ဆိုင်အနိုင်ယူကြမလဲ

**(ရှုမိုင်း)**

> “ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုတာ။ အကောင်အထည်ဖော်တာ တ စုံတရာမရှိဘဲ ဘယ်လိုရွေးကောက်ပွဲအသစ်ကိုမှ လက်ခံစဉ်းစားလိမ့်မယ် မဟုတ်ဘူးဆိုတာမှာ ညီညွတ်နေကြတယ်၊ ဒီညီညွတ်မှုတွေဟာ သိပ်ကိုအားရစရာ ကောင်းပါတယ်၊ ”

(၁)

၂၀၀၈ ခုနှစ်မကြာခင်ကုန်တော့မယ်။

၂၀၀၉ ထဲမှာ စစ်အုပ်စု ဘာတွေလုပ်လာနိုင်သလဲ။

၂၀၁၀ မှာ ချောချောမောမော အောင်ပွဲခံဘိသိတ်သွန်းနိုင်ရေးအတွက် စစ်အုပ်စု ဘာတွေပြင်နေပြီလဲ။

စစ်အုပ်စုပြင်ဆင်ဆောင်ရွက်နေတာနှင့် အားချင်းမျှတဲ့ (သို့မဟုတ်) စစ်အုပ်စုထက် ပိုမိုကြီးမားတဲ့ လှုံ့လစိုက်ထုတ်မှုမျိုးနှင့် အစီအမံမျိုးတွေ ကျနော်တို့ ဘယ်လိုကြိုးကြိုးကုပ်ကုပ် အားထုတ်နေကြပြီလဲ။

ကိုယ့်ကိုယ်ကို စက္ကန့်တိုင်းမှာ မေးခွန်းထုတ်နေသင့်တယ်။

စက္ကန့်တိုင်းမှာ ဆန်းစစ်နေသင့်တယ်။ အစမပြုရသေးဘူးဆိုရင် အစပြုကြရလိမ့်မယ်။ မလုံလောက်သေးဘူးဆိုရင် လုံလောက်အောင် အားစိုက်ကြရလိမ့်မယ်။

၂၀၁၀ မှာ စစ်အုပ်စုစိတ်ထင်တိုင်း ဖြစ်မသွားရေး၊ စစ်အုပ်စုရဲ့ ကြံစည်စိတ်ကူးထားတာတွေ တစမကျန်ပျက်သွားရေး၊ စစ်အုပ်စုရဲ့အခြေခံဥပဒေ ၂၀၀၈ ဆိုတာကြီးကို ဘယ်လိုမှ အသက်သွင်းအတည်ပြုလို့ကိုမရအောင် ဆန့်ကျင်ဖျက်သိမ်းပစ်နိုင်ရေးနှင့် ဒီမိုကရေစီခေတ်သစ်တစ်ရပ်ဖန်တီးရေးဟာ ကျနော်တို့အားလုံးရဲ့ ကနေ့ကာလလုပ်ငန်းတာဝန်တွေဖြစ်တယ်။

အလှည့်အပြောင်း အချိုးအကွေ့ဆိုင်ရာ လုပ်ငန်းရည်မှန်းချက်တွေဖြစ်တယ်လို့ ကျနော်မြင်တယ်။

စစ်အုပ်စုဟာ စစ်အာဏာရှင်စနစ်ကို ကမ္ဘာတည်အောင်လုပ်ချင်တယ်။ လုပ်လည်းလုပ်တော့မယ်။ ဒါကို ကျနော်တို့ ဘယ်လိုတားဆီးကြမလဲ။

၂၀၁၀ ဟာ သူ့အတွက် သေရေးရှင်ရေးကိစ္စဖြစ်တော့ မီးကုန်ယမ်းကုန် အားကုန်အင်ကုန် သုံးမှာသေချာတယ်။ ဒီပွဲကို သူအပျက်မခံနိုင်ဘူး။ အပျက်ခံမှာမဟုတ်ဘူး။

ဒီပွဲကို အနှောက်အယှက်အနည်းဆုံးနှင့် အောင်မြင်စွာပြီးဆုံးသွားရေးဟာ စစ်အုပ်စုရဲ့အိပ်မက်၊ စစ်အုပ်စုရဲ့ သန္နိဋ္ဌာန်ဖြစ်တယ်။

ဒါကို ကျနော်တို့ ဘယ်လိုကာမလဲ။ ဘယ်လိုဖျက်ကြမလဲ။

(၂)

စစ်အုပ်စုရဲ့အကြံအစည်တွေရော စစ်အုပ်စုကိုရော ကျနော်တို့ အကုန်အစင်ဖယ်ရှားပစ်ကြရလိမ့်မယ်။ အကုန်အစင်ဖျက်သိမ်းပစ်ကြရလိမ့်မယ်။

ဒီကိစ္စဟာ သာမန်ကိစ္စ၊ လွယ်လွယ်ကူကူကိစ္စတော့ လုံးဝမဟုတ်ဘူးဆိုတာ နိုင်ငံရေးရှိသူတိုင်း သိရှိကြပါတယ်။

ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ။

တဦးချင်း၊ တဖွဲ့ချင်း၊ တပ်ပေါင်းစုတစုချင်း ဘယ်သူမဆို ဒီရည်မှန်းချက်တွေအောက်မှာ အလုပ်လုပ်နေသူတိုင်းကို ကျနော် အလေးအမြတ်ပြုပါတယ်။

လုပ်ရပ်တခုစီတိုင်းအတွက် ဂုဏ်ယူပါတယ်။ တန်ဖိုးလည်းထားပါတယ်။

ကျနော် ဒီလိုစဉ်းစားမိတယ်။

ဒီနေ့လို တိုက်ပွဲလိုအပ်ချက်က အင်မတန်ကြီးနေတဲ့ကာလမျိုးမှာ ....

အချိန်အကန့်အသတ်ကလည်း အင်မတန်ကြီးနေတဲ့ကာလမျိုးမှာ ....

ကျနော်တို့ရဲ့အစီအမံတွေနှင့် ကျနော်တို့ရဲ့အချိန်တွေဟာ တချက်ဆို ဆိုသလောက်၊ တရက်ဆို ဆိုသလောက် ခရီးရောက်သွားဖို့၊ ရှေ့တဆင့်တိုးသွားဖို့ အလွန်ပဲအရေးကြီးနေပြီလို့ စဉ်းစားဖြစ်ပါတယ်။

ဒါဆို တဦးချင်း၊ တဖွဲ့ချင်း ဆောင်ရွက်နေကြတာထက် ....

တခေါင်းတဉာဏ် အားလုံးဝိုင်းဝန်းစဉ်းစား၊ ဝိုင်းဝန်းဆုံးဖြတ်ပြီး စုဖွဲ့မှုရှိရှိ၊ ဟန်ချက်ညီညီ ဝိုင်းဝန်းလှုပ်ရှားဆောင်ရွက်ကြရင်ပိုပြီး အားမရှိပေဘူးလားလို့ တဆင့်တိုးပြီး စဉ်းစားဖြစ်ပါတယ်။

သေချာတယ်။

ဖြစ်နိုင်ရင် ခိုင်မာကျယ်ပြန့်တဲ့ ညီညွတ်ကြံ့ခိုင်တဲ့တပ်ပေါင်းစုမျိုး၊ အတွင်းမှာရော အပြင်မှာရောဖွဲ့စည်းပြီး ဒီနေ့ကာလ တိုက်ပွဲလိုအပ်ချက်တိုင်းကို စနစ်တကျ ဦးဆောင်မှုပေးကြရလိမ့်မယ်။

လူထုရဲ့ တက်ကြွနိုးကြားနေတဲ့စိတ်ဓာတ်ကို မှန်ကန်တဲ့ခေါင်းဆောင်မှုနှင့် ပိုပြီးထက်သန်လာစေရမယ်။

(၃)

ဘယ်လိုစုဖွဲ့ကြမလဲ။

ပြည်တွင်းမှာစုဖွဲ့မှုကို လူထုက Mandate ရပါတီတွေက ဦးဆောင်ကြလိမ့်မယ်။ ကမကထပြုကြလိမ့်မယ်။

အခုကိုပဲ ဒီကိစ္စကို အမြော်အမြင်ရှိရှိ ဆောင်ရွက်နေကြပြီလို့ ပြောနိုင်ပါတယ်။

NLD, CRPP, UNA, UNLD စတဲ့ အင်အားစုတွေဟာ စစ်အုပ်စုရဲ့ဖိနှိပ်ကန့်သတ်မှုတွေအောက်ကကိုပဲ အနှစ်သာရကျတဲ့ စုဖွဲ့မှုကို တည်ဆောက်ထားနိုင်ကြပါတယ်။

– ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ရေး။

– တွေ့ဆုံဆွေးနွေးအဖြေရှာရေး။

– ပြည်သူ့လွှတ်တော်ခေါ်ပေးရေး ဆိုတဲ့ အရေးကြီးတဲ့တောင်းဆိုမှုတွေအောက်မှာ ညီညွတ်စွာ ရပ်ခံတိုက်ပွဲဝင်နေကြတယ်။

– နအဖရဲ့အခြေခံဥပဒေကို လုံးဝလက်မခံဘူး။

– နအဖရဲ့ အဓမ္မလုယူကြေညာခဲ့တဲ့ ဆန္ဒခံယူပွဲရလဒ်ဆိုတာကို လုံးဝလက်မခံဘူး။

– နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝလက်မခံဘူးဆိုတာမှာ ညီညွတ်နေကြတယ်။

၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုတာ၊ အကောင်အထည်ဖော်တာ တစုံတရာမရှိဘဲ ဘယ်လိုရွေးကောက်ပွဲအသစ်ကိုမှ လက်ခံစဉ်းစားလိမ့်မယ်မဟုတ်ဘူးဆိုတာမှာ ညီညွတ်နေကြတယ်။

ဒီညီညွတ်မှုတွေဟာ သိပ်ကိုအားရစရာကောင်းပါတယ်။

ပုဂ္ဂိုလ်ရေးအရ ညီညွတ်တာမဟုတ်ဘဲ ယုံကြည်ချက်ချင်း ညီညွတ်တာ၊ အတွေးအမြင်ချင်း ညီညွတ်တာ၊ ခံယူချက်ချင်း ညီညွတ်တာ၊ လုပ်ငန်းစဉ်နှင့် မျှော်လင့်ချက်ချင်းညီညွတ်တာဖြစ်ပါတယ်။

ဒီလိုညီညွတ်မှုမျိုးက ကျနော်တို့ ဒီနေ့ကျရောက်နေတဲ့ရာသီရိုင်းကို ကြံ့ကြံ့ခံနိုင်ရုံမက အောင်ပွဲကိုအရယူနိုင်တဲ့ ညီညွတ်မှုမျိုးဖြစ်တယ်။

ဒါကို အသက်သဖွယ် ထိမ်းသိမ်းစောင့်ရှောက်ကြရပေလိမ့်မယ်။

(၄)

အပြင်မှာရော ဘယ်လိုစုဖွဲ့ကြမလဲ။

ဒီတလောမှာ ခိုင်မာကျယ်ပြန့်တဲ့တပ်ပေါင်းစုကြီးတရပ်ဖွဲ့စည်းဖို့ ပြင်ဆင်နေကြပြီဆိုတဲ့အသံတွေ ကြားရတယ်။

တည်ရှိနေတဲ့ ပါတီများ၊ အဖွဲ့အစည်းများ၊ တပ်ပေါင်းစုများရဲ့တန်ဖိုးနှင့် အခန်းကဏ္ဍများကိုတန်ဖိုးထားရင်း ပိုမိုလုပ်နိုင်စွမ်းကြီးတဲ့၊ ပိုမိုသန်စွမ်းတဲ့၊ ကနေ့အခြေအနေသစ်နှင့် အဟတ်ညီတဲ့ တပ်ပေါင်းစုတရပ်စုဖွဲ့နိုင်ရေးကို ကြိုးစားနေပြီဆိုတဲ့ အသံတွေကြားရတယ်။

အင်မတန်အားရစရာကောင်းတဲ့၊ အင်မတန်အားတက်စရာကောင်းတဲ့အသံတွေ ဖြစ်ပါတယ်။

ကျနော် ဒီအသံတွေကို ကြိုဆိုတယ်။

ကျနော်သိသလောက် ဒီဖက်မှာ အင်အားစုတွေ၊ စုဖွဲ့မှုတွေ အသီးသီးရှိကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) ရှိတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ရှိတယ်။

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) (ENC) ရှိတယ်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (WLB) ရှိတယ်။

မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု (FDB) ရှိတယ်။

မြန်မာနိုင်ငံ ကျောင်းသားလူငယ်များကွန်ဂရက် (SYCB) ရှိတယ်။

တိုင်းရင်းသားလူငယ်များဆုံရပ် (NY Forum) ရှိတယ်။

တခြားလူထုလူတန်းစားအရေးတွေ ဆောင်ရွက်နေကြတဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေရှိကြတယ်။

ဒီအင်အားစုတွေအားလုံးဟာ ကိုယ်စီကိုယ်စီ အရည်အချင်းကြီးသူများ ဖြစ်ကြပါတယ်။ လုပ်နိုင်ကိုင်နိုင်စွမ်း ကြီးသူများဖြစ်ကြပါတယ်။

ဒီအင်အားစုတွေအကုန်လုံးသာ တညီတညွတ်တည်း စုဖွဲ့စဉ်းစားပြီး တညီတညွတ်တည်းစုဖွဲ့ လက်တွဲဆောက်ရွက်ကြမယ်ဆိုရင် ကြားရုံနှင့်တင် ရန်သူကြောက်ဒူးတုန်သွားစေနိုင်တယ်။

(၅)

အခု ....

အဲဒီအင်အားစုတွေစုဖွဲ့ဖို့ လုံးပမ်းနေကြပြီဆိုတာကြားရတော့ ကျနော် အားတက်တယ်။ အလုပ်တူ ပူးပေါင်းဆောင်ရွက်မှုတွေ စတင်လုပ်နေကြပြီလို့ကြားရတော့ ကျနော် အတိုင်းမသိ ဝမ်းသာတယ်။

ပြီးတော့ .... အဲဒီအင်အားစုတွေ အားလုံးရဲ့အသံဟာ အတွင်းက NLD, CRPP, UNA တို့ရဲ့အသံနှင့် တထပ်တည်းပဲဆိုတာ သိရတော့ အရေးတော်ပုံကြီးအတွက် ကျနော် ကျေနပ်တယ်။

ကျနော်မြင်တာက ....

စစ်အာဏာရှင်စနစ် အကုန်အစင်ဖယ်ရှားရေးအတွက်ဆိုရင် ကျနော်တို့မှာ လုပ်စရာ အဓိကအားဖြင့် (၃) ခုရှိတယ်လို့ မြင်ပါတယ်။

နိုင်ငံရေးလုပ်ငန်း (လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲများ ဖော်ဆောင်ရေးအပါအဝင်)

စစ်ရေးလုပ်ငန်းနှင့်

သံတမန်ရေးလုပ်ငန်း။

ဒီ (၃) ခုဟာ အဓိကအကျဆုံး (၃) ခုလို့ မြင်ပါတယ်။

ဒီ (၃) ခုလုံးမှာ ဒီနယ်ပယ် (၃) ခုလုံးမှာ စောစောက ကျနော်တင်ပြခဲ့တဲ့ အင်အားစုအသီးသီးက စုဖွဲ့မှုရှိရှိ လက်တွဲဆောင်ရွက်ကြဖို့ ပြင်ဆင်နေကြပြီ။ အရင် လက်တွဲလုပ်လက်စတွေကို အရှိန်မြှင့်ဖို့ ပြင်ဆင်နေကြပြီဆိုတာကြားရလို့ ကျနော်အရမ်းကို အားတက်မိပါတယ်။

(၆)

ပြီးခဲ့တဲ့ ရှစ်လေးလုံးအရေးတော်ပုံကြီး အပြီးသတ်အောင်ပွဲ မခံလိုက်နိုင်တာရဲ့ အကြောင်းရင်းတွေထဲမှာ ....

‘ခေါင်းဆောင်မှု အားနည်းခဲ့တယ်’ ဆိုတဲ့အချက်က တော်တော်ပဲအဓိကကျတယ်လို့ နိုင်ငံရေးကျွမ်းကျင်သူများ ထောက်ပြခဲ့ကြတယ်။ လူထုရဲ့နိုးကြွရုန်းထမှုနှင့် တထပ်တည်းဖြစ်တဲ့ ညီညွတ်တဲ့ခေါင်းဆောင်မှုမျိုး အဲဒီကာလက အဆင်သင့်ဖြစ်မှု မလုံလောက်ခဲ့ဘူးလို့ ထောက်ပြကြတယ်။

စာမျက်နှာ (၁၆) ကော်လံ (၅) သို့....

# စစ်အုပ်စု၏ဆန္ဒခံယူပွဲအား အသိအမှတ်မပြု

## မြန်မာ့အရေးအား ယခင်ထက်ပိုမိုလုပ်ဆောင်သွားရန်ရှိ



ပြင်သစ်သံအမတ်ကြီးယန်းမောရစ်

စက်တင်ဘာလ (၁၁) ရက်။

မြန်မာစစ်အုပ်စုသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များအား လိုက်နာပူးပေါင်းဆောင်ရွက်ခြင်းမရှိကြောင်းကို ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်သံအမတ်ကြီး ယန်းမောရစ် ရစ်ပါ့သ်က မြန်မာနိုင်ငံအရေးအတွက် သတင်းစာရှင်းလင်းပွဲတရပ်ပြုလုပ်စဥ်တွင် ပြောကြားသွားခဲ့သည်။ ယင်းသတင်းစာရှင်းလင်းပွဲတွင် မစ္စတာယန်းမောရစ်က ပြင်သစ်နိုင်ငံသည် မြန်မာနိုင်ငံ့အရေးနှင့်ပတ်သက်၍ ရပ်တည်ချက်ခိုင်မာလျက်ရှိနေကြောင်းနှင့် ပြင်သစ်နိုင်ငံအနေဖြင့် အစဥ်ပြတ်ဆောင်ရွက်လာခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက်ကိုလည်း ကုလသမဂ္ဂအနေနှင့် ထပ်မံကြိုးပမ်းရန်ကိုလည်း တောင်းဆိုလိုက်သည်။

မြန်မာစစ်အုပ်စုသည် နာဂစ်မုန်တိုင်းဒဏ်ကြောင့် အတိဒုက္ခရောက်လျက်ရှိသည့် ပြည်သူများကို လျစ်လျူရှုကာ ၎င်းတို့တဖက်သတ်အကောင်အထည်ဖော်ခဲ့သည့် လူထုဆန္ဒခံယူပွဲရလဒ်ကိုလည်း ပြင်သစ်နိုင်ငံအနေနှင့် အသိအမှတ်မပြုကြောင်း၊ ၂၀၁၀ တွင်ကျင်းပမည့် ရွေးကောက်ပွဲသည်လည်း လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတရပ်ဖြစ်ပေါ်လာစရာမရှိအကြောင်းလည်း ထည့်သွင်းပြောကြားသွားသည်။

ဆက်လက်၍ ကုလသမဂ္ဂအနေဖြင့်လည်း မြန်မာနိုင်ငံ၏ တွေ့ဆုံဆွေးနွေးရေးများဖြစ်လာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြင်သစ်နိုင်ငံသည်လည်း ကုလသမဂ္ဂ၏ကြိုးပမ်းဆောင်ရွက်ချက်များအား ထောက်ခံအားပေးလျက်ရှိကြောင်း၊ မြန်မာစစ်အစိုးရအနေနှင့်လည်း အခြေအနေ၊ အခွင့်လမ်းကောင်းများအား အသုံးချနိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်းအပြင် ကမ္ဘာမှအသိအမှတ်ပြုထားသည့် နိုဗယ်လ်ငြိမ်းချမ်းရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် စစ်အုပ်စုထိန်းချုပ်မှုအောက်မှ လွတ်မြောက်စေရေးအတွက် မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း မစ္စတာယန်းမောရစ်မှပြောဆိုခဲ့သည်။

ထို့အပြင် မြန်မာ့အရေးအား ယခုလက်ရှိဆောင်ရွက်နေသည်ထက် ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရန်ရည်ရွယ်ထားပြီး လုံခြုံရေးကောင်စီမှလည်း ပိုမိုထိရောက်သည့်ဆောင်ရွက်မှုများကို ပြုလုပ်သင့်သည်ဟုထင်မြင်ကြောင်းနှင့် ထိုဆောင်ရွက်မှုများသည် မြန်မာစစ်အစိုးရအနေဖြင့် အကောင်အထည်ဖော်ရမည့်နည်းလမ်းကို ရှင်းရှင်းလင်းလင်းနားလည်သဘောပေါက်စေမည့် ဆောင်ရွက်မှုများဖြစ်သည်ဟု ပြောဆိုသွားခဲ့သည်။ ❖

# ပဲခူးတိုင်း၊ ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်း၏ ကိုယ်ရေးရာဇဝင်အကျဥ်းချုပ်



– ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီ (၁၃) ရက်တွင် ကဝမြို့ "လှဆန်းယဥ်"ဆန်စက်ပိုင်ရှင် ဦးချို၊ ဒေါ်တင်ညွန့်တို့မှမွေးဖွားခဲ့ပြီး မွေးချင်းညီအကိုမောင်နှမ (၃) ယောက်အနက် အငယ်ဆုံးသားဖြစ်သည်။

– ကဝမြို့ ရွာသစ်အစိုးရမူလတန်းကျောင်း၊ ကဝမြို့မ အစိုးရအထက်တန်းကျောင်း၊ ပဲခူးမြို့ အစိုးရအထက်တန်းကျောင်း အမှတ် (၃) (ယခင်အမျိုးသားကျောင်း) တို့တွင် ပညာသင်ကြားခဲ့ပြီး၊ ၁၉၈၁ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိခဲ့သည်။

– အစိုးရဝန်ထမ်းဆရာဝန်အလုပ်ကို လျှောက်ထားလုပ်ကိုင်ခြင်းမရှိပဲ ၁၉၈၂ ခုနှစ်မှစ၍ "သရဖူ"အမည်ဖြင့် ကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်ကာ သက်ကြီးရွယ်အိုများ၊ ရဟန်းသံဃာများနှင့် ဆင်းရဲသားများကို အခမဲ့ကုသပေးခဲ့သည်မှာ ၂၀၀၄ ခုနှစ် ထိုင်းနိုင်ငံသို့မထွက်ခွာမီအချိန်ထိဖြစ်သည်။ ကုသရင်းဖြင့်လည်း တဖက်မှနေ၍ ဆေးပညာဗဟုသုတများကို မျက်စိဖွင့်လမ်းပြပေးခဲ့သည်။

– ၁၉၇၈ တွင် ဆရာကြီးဦးအောင်ကြည် (ယခင်လူထုပညာရေးမှူး) နှင့် ဒေါ်အုန်းကြည်တို့၏သမီး ဒေါ်နီလာအောင်နှင့်လက်ထပ်၍ သားသမီး (၃) ဦး ထွန်းကားခဲ့သည်။

– မဆလလက်ထက်တွင်ဖြစ်ပွားခဲ့သည့် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ပြီး ကဝမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့ကာ ၁၉၉၀ ရွေးကောက်ပွဲတွင် ကဝမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်လုံမဲ (၂၂,၇၇၄)၊ စုစုပေါင်း မဲရာခိုင်နှုန်း (၆၇ ဒသမ ၆၅) ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

– ၁၉၉၈၊ စက်တင်ဘာလ (၆) ရက်နေ့တွင်၊ စစ်ထောက်လှမ်းရေးမှ ထိန်းသိမ်းရေးစခန်း (ညောင်ဂေဟာ) တွင် ခေါ်ယူထိန်းသိမ်းခံခဲ့ရပြီး၊ ၂၀၀၁ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။

– ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် ထိုင်း – မြန်မာနယ်စပ် လွတ်မြောက်နေရာတနေရာသို့ရောက်ရှိခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) တွင် အတွင်းရေးမှူးအဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ (MPU) တွင် ၂၀၀၅ မှ ၂၀၀၆ အထိ (Standing Committee) ဝင်၊ နိုင်ငံရေးအံတုမှုကော်မတီ (PDC) တွင် ၂၀၀၅ မှ ၂၀၀၆ အထိအဖွဲ့ဝင်အဖြစ် နှင့် နိုင်ငံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့ပြီး မင်းမဟော်ပညာရေးဖောင်ဒေးရှင်း (MEF) တွင် ဒါရိုက်တာအဖွဲ့ဝင် အဖြစ်ဆောင်ရွက်ခဲ့သည်။

– ကွယ်လွန်ချိန် ၂၀၀၈ ခုနှစ်တွင် အသက် (၅၄) နှစ်ရှိပြီဖြစ်ပြီး ဇနီးသည် ဒေါ်နီလာအောင်နှင့်အတူ သားသမီး (၃) ဦး ကျန်ရစ်သည်။

❖ ❖ ❖

## ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဒေါက်တာမျိုးဝင်း၏ ရျာပနအခမ်းအနား မှတ်တမ်းဓာတ်ပုံ





ကဝမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမျိုးဝင်း၏ရျာပနအခမ်းအနား





ဒေါက်တာမျိုးဝင်း၏ရျာပနအားလိုက်လံပို့ဆောင်ပေးခဲ့ကြသည့်မိသားစုနှင့်မိတ်ဆွေသင်္ဂဟများ

## ဝမ်းနည်းခြင်းမှတ်တမ်း

ခရစ်သက္ကရာဇ် ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ (၂၉) ရက်နေ့တွင် ပဲခူးတိုင်း၊ ကဝမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးဝင်း အသက် (၅၄) နှစ်သည် နိုင်ငံရေးတာဝန်များကိုထမ်းဆောင်ရင်း ထိုင်း–မြန်မာနယ်စပ်တနေရာတွင် အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားခဲ့ပါသည်။

ဖိနှိပ်သူစစ်အစိုးရအား တက်ကြွစွာတွန်းလှန်တိုက်ပွဲဝင်ခဲ့သည့် ဒေါက်တာမျိုးဝင်းသည် ပြည်သူကရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့ကိုယ်စားပြုအမတ်တဦးဖြစ်သည့်အပြင် မွန်မြတ်လှသည့် ဆရာဝန်တဦးလည်းဖြစ်သည့်အတွက် နိုင်ငံအနေဖြင့် ကြီးမားသည့် နစ်နာဆုံးရှုံးမှုတရပ်ဟုမှတ်ယူပါသဖြင့် လွန်စွာမှပင်ဝမ်းနည်းဖွယ်ဖြစ်သည်။

မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် ပေးအပ်သည့်တာဝန်များအား ကျသည့်နေရာမှ ဦးလည်မသုန်ထမ်းရွက်ရင်း လမ်းခုလတ်တွင် ကျဆုံးခဲ့ရသည့် ဒေါက်တာမျိုးဝင်းအား ကျန်ရစ်သူမိသားစု၊ မိတ်ဆွေသင်္ဂဟများနှင့်အတူ ထပ်တူထပ်မှ ဝမ်းနည်းကြေကွဲရပါကြောင်း မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီမှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ
အယ်ဒီတာအဖွဲ့

# မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်မှုလုပ်ငန်းတွင် လက်တွေ့ကျကျ အကောင်ထည်မဖော်နိုင်ဟု အမေရိကန်ပြောဆို

စက်တင်ဘာလ (၁၈) ရက်။

ဘိုလီးဗီးယား၊ မြန်မာနှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် လွန်ခဲ့သည့် (၁၂) လတာကာလအတွင်း နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးသဘောတူညီချက်အတိုင်း လုပ်ဆောင်ရမည့်တာဝန်များကို လက်တွေ့လုပ်ဆောင်ရန် ပျက်ကွက်လျက်ရှိသည်ဟု သမတအိမ်ဖြူတော်မှထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြခဲ့သည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် မှောင်ခိုကုန်ကူးမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာအားပေးထားသည့်ကတိကို မြန်မာနိုင်ငံအနေဖြင့် ယခုအချိန်ထိတိုင် လက်တွေ့အကောင်အထည်ဖော် ပြသနိုင်ခြင်းမရှိသေးကြောင်း အမေရိကန်သမတဘုရှ်က ပြောဆိုခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်းက တရားမဝင်ဘိန်းခင်းအများအပြားကို အန္ဒိယနိုင်ငံမှဖျက်ဆီးခဲ့သည်ကို သမတမှချီးကျူးခဲ့ပြီး အိန္ဒိယနိုင်ငံဒေသအချို့ရှိ တရားမဝင်ဘိန်းထုတ်လုပ်မှုများကို စိုးရိမ်ပူပန်မိနေသေးကြောင်း ပြောဆိုခဲ့သည်။ ထို့အပြင် အာဖဂန်နစ္စတန်နိုင်ငံသည်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် တိုးတက်မှုအချို့ရှိသော်လည်း မူးယစ်ဆေးဝါးမှောင်ခိုကူးမှုသည် အဂတိလိုက်စားမှု၊ အကြမ်းဖက်သောင်းကျန်းမှုနှင့် စီးပွားရေးတိုးတက်မှုတို့အား ပျက်စီးစေမှုများဖြစ်စေနိုင်သည့်အတွက် အာဖဂန်နစ္စတန်၏ အနာဂတ်အား ခြိမ်းခြောက်လျက်ရှိနေသေးကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအား အာဖဂန်နစ္စတန်၊ ဘရာဇီးလ်၊ ကိုလံဘီယာ၊ အိန္ဒိယ၊ လာအို၊ ဟေတီ၊ မက္ကစီကိုနှင့် ပါကစ္စတန်နိုင်ငံများကဲ့သို့ မူးယစ်ဆေးဝါး အဓိက တဆင့်ခံသယ်ယူပို့သည့်နိုင်ငံ၊ တရားမဝင်မူးယစ်ဆေးဝါးများ ထုတ်လုပ်သည့်နိုင်ငံအဖြစ် သတ်မှတ်ထားကြောင်းလည်း အမေရိကန်သမတကပြောဆိုခဲ့သည်။ စာရင်းတွင်ပါဝင်နေသည့် အဆိုပါနိုင်ငံများအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်မှုတွင် အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိုလည်း ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်လအတွင်းက မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအမှုပေါင်း (၂၆၅) မှုအားဖမ်းဆီးနိုင်ခဲ့ပြီး တရားခံ (၄၀၀) ကျော်အား အရေးယူနိုင်ခဲ့သည်ဟု စစ်အစိုးရပိုင်မီဒီယာများတွင်ဖော်ပြထားခဲ့သည်။

❖



# သင်ခန်းစာ အထပ်ထပ်အောက်က ကွက်လပ်များစွာ တော်လှန်ရေး

[စိုးနေလင်း]

**တိုင်းပြည်အာဏာကို လူထုလက်ကအဓမ္မလုယူထားတဲ့ စစ်အစိုးရဟာ ဘယ်လိုအစိုးရမျိုးလဲဆိုတာကို အသေအချာနားလည် သဘောပေါက်လောက်အောင် မြန်မာနိုင်ငံမှာ (၄၂)ခုနှစ် စစ်အာဏာသိမ်းပြီးခဲ့တဲ့အချိန်ကစပြီး နိုင်ငံရေး၊စီးပွားရေး လူမှုရေးဖြစ်စဉ်တွေ၊ ဖိစီးနှိပ်စက်မှုတွေ၊ မတရားမှုတွေ၊ အာခံဆန့်ကျင်မှုတွေ၊အုံကြွ တော်လှန်မှုတွေအများကြီး ဖြစ်သန်းကြုံတွေ့ခဲ့ရပြီးဖြစ်ပါတယ်။**

မြန်မာနိုင်ငံရဲ့ ကိုလိုနီဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး တော်လှန်ရေးသမိုင်းဖြစ်စဉ်တွေမှာ အားနည်းချက်၊ အားကောင်းချက်၊ အမှား၊ အမှန်စတာတွေနဲ့ပတ်သက်ပြီး သင်ခန်းစာတွေထုတ်ယူခဲ့ကြ၊ ပြုပြင်ပြောင်းလဲခဲ့ကြ၊ အသစ်တီထွင်ကြံဆခဲ့ကြသလို ညီညွတ်ရေးပြိုကွဲခဲ့ကြ၊ ပြန်လည်တည်ဆောက်ညီညွတ်ခဲ့ကြတဲ့ဖြစ်စဉ်တွေကို ထင်ထင်ရှားရှား တွေ့မြင်ခဲ့ကြပြီးဖြစ်ပါတယ်။ သမိုင်းခေတ်ကို ကိုယ်တိုင်ဖြတ်သန်းခဲ့သူတွေ၊ ကိုယ်တိုင်မဖြတ်သန်းခဲ့ရပေမယ့် လေ့လာစူးစမ်းစိတ်ဝင်စားရင်း လွတ်လပ်ရေးရပြီးကာလနောက်ပိုင်း နိုင်ငံရေးတိုက်ပွဲတွေ၊ တော်လှန်ရေးတွေ၊ လူထုအုံကြွမှုတွေမှာ ပါဝင်ဖြတ်သန်းခဲ့ကြ၊ ဖြတ်သန်းနေကြဆဲသူတွေ အများကြီးရှိကြပါတယ်။ အမှားတွေအများကြီး၊ သင်ခန်းစာတွေအများကြီးတွေ့ကြုံရရှိခဲ့ကြသလို ပြုပြင်တည့်မတ်အောင်ထိန်းကြောင်း၊ ညီညွတ်သွေးစည်းမှုရှိခဲ့ကြလို့ ကျနော်တို့တိုင်းပြည် လွတ်လပ်ရေးရရှိခဲ့တာကတော့သေချာပါတယ်။ လွတ်လပ်ရေးရပြီးပြန်တော့လည်း အမှားတွေတခါထပ်ကျူးလွန်မိကြ၊ ကျူးလွန်ခဲ့ကြရင်း ထပ်တခါညီညွတ်သွေးစည်းမှုတွေပြိုကွဲခဲ့ကြလို့ တိုင်းပြည်နဲ့ပြည်သူလူထုတွေ နစ်နာဆုံးရှုံးခဲ့ကြ၊ သင်ခန်းစာရယူ ပြန်လည်မှန်ကန်တည့်မတ်အောင် ညီညွတ်စည်းလုံးမှုရှိအောင် မလုပ်နိုင်ခဲ့လို့ တိုင်းပြည်အကျိုးထက် ကိုယ်ကျိုးစီးပွား၊ ကိုယ့်အာဏာတည်မြဲရေးကိုပဲ အဓိကထားတဲ့ အမျိုးသားသစ္စာဖောက် မသမာသူ စစ်ဗိုလ်ချုပ်ဆိုသူတွေရဲ့လက်အောက်မှာ လူချင်းတူတူ သူချင်းမျှမျှမနေရ၊ ပြားပြားဝပ်ကြောက်လန့်ပူပင်ကြရ၊ ဆင်းရဲတွင်းကမတက်နိုင်ပဲ၊ နူရာဝဲစွဲ.... လဲရာသူခိုးထောင်းဖြစ်ခဲ့ရတာ ခုချိန်ထိပဲဆိုတာကတော့ မြင်သာထင်ရှားဖြစ်နေပါပြီ။

တိုင်းပြည်အာဏာကို လူထုလက်ကအဓမ္မလုယူထားတဲ့ စစ်အစိုးရဟာ ဘယ်လိုအစိုးရမျိုးလဲဆိုတာကို အသေအချာနားလည်သဘောပေါက်လောက်အောင် မြန်မာနိုင်ငံမှာ (၄၂) ခုနှစ် စစ်အာဏာသိမ်းပြီးခဲ့တဲ့အချိန်ကစပြီး နိုင်ငံရေး၊ စီးပွားရေး လူမှုရေးဖြစ်စဉ်တွေ၊ ဖိစီးနှိပ်စက်မှုတွေ၊ မတရားမှုတွေ၊ အာခံဆန့်ကျင်မှုတွေ၊ အုံကြွတော်လှန်မှုတွေ အများကြီးဖြစ်သန်းကြုံတွေ့ခဲ့ရပြီးဖြစ်ပါတယ်။ တဖက်ကအုပ်စိုးသူ စစ်အစိုးရရော၊ အတိုက်အခံ ဒီမိုကရေစီအင်အားစုတွေရော၊ ပြည်သူလူထုတွေပါ လက်တွေ့၊ မျက်တွေ့ ကြုံတွေ့ဖြတ်သန်းခဲ့ရတာပါ။ စစ်အာဏာရှင်အစိုးရဟာ ဘယ်လိုမဟာဗျူဟာတွေသုံး၊ ဥာဏ်နီဥာဏ်နက်တွေ၊ လက်နက်တွေ၊ မတရားမှု၊ အဓမ္မအနိုင်ကျင့်မှုတွေ၊ သတ်ဖြတ်မှုတွေ၊ ဖိနှိပ်မှုတွေကို အသုံးပြုပြီး ကျောင်းသား၊ အလုပ်သမား၊ အတိုက်အခံဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားလူနည်းစုလူမျိုးစုတွေကို ခေါင်းမထောင်နိုင်အောင် အုပ်ချုပ်ထားခဲ့ပါသလဲ။ ကျောင်းသား၊ အလုပ်သမား၊ အတိုက်အခံဒီမိုကရေစီအင်အားစုတွေနဲ့ သာမန်အဖိနှိပ်ခံပြည်သူလူထုတွေက ဘယ်လိုနည်းလမ်းတွေ၊ လက်နက်တွေသုံးပြီး စစ်အာဏာရှင်အစိုးရကို အာခံဆန့်ကျင်တော်လှန်ခဲ့ကြပါသလဲ။ နှစ်ပေါင်း (၅၀) နီးပါး မြင်သာထင်ရှားတွေ့ကြုံ ဖြတ်သန်းခဲ့ကြပြီးဖြစ်ပါတယ်။ ညီအကိုမသိတသိကာလမျိုး မဟုတ်ပါဘူး။ မွန်းတည့်နေပူပြင်းပြင်းထဲမှာ မြင်သာထင်ရှားပါ။ စစ်အစိုးရဖက်ကတော့ သူတို့အာဏာတည်မြဲရေးအတွက် ကျောင်းသား၊ အလုပ်သမား လယ်သမားနဲ့ ပြည်သူလူထုက အုံကြွဆန့်ကျင်လာကြရင် ဘယ်အဆင့်မှာ ဘာလုပ်မယ်။ ဘယ်လိုနှိမ်နင်းမယ်ဆိုတဲ့ မဟာဗျူဟာနည်းဗျူဟာတွေကို စစ်ပွဲကြီးတပွဲအတွက် စစ်ရေးမဟာဗျူဟာရေးဆွဲထားသလို ရေးဆွဲချမှတ်ထားပြီးဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စစ်အာဏာရှင်တွေက ပြည်သူလူထုကို သူတို့ကို အာခံဆန့်ကျင်မှုမလုပ်တဲ့အချိန်မှာ ကျေးကျွန်တွေလိုသဘောထားပြီး၊ သူတို့ကို အာခံဆန့်ကျင်လာတဲ့အချိန်မှာ ရန်သူလို ပီပီပြင်ပြင်သဘောထားပါတယ်။ ပြောချင်တာကတော့ သူတို့ဖက်က "ရန်၊ ငါ" စည်းပြတ်ပါတယ်။ အပြတ်အသတ်နှိမ်နင်းပါတယ်။ သတ်ဖြတ်ပါတယ်။

တဖက်က ကျောင်းသား၊ အလုပ်သမား လယ်သမားပြည်သူလူထုနဲ့ အတိုက်အခံဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားလူနည်းစု လူမျိုးစုလက်နက်ကိုင်အင်အားစုတွေဖက်ကရော စစ်အာဏာရှင်အစိုးရကို ဘယ်လိုသဘောထားပါသလဲ။ ဒီနေရာမှာ သက်ဆိုင်ရာလူတန်းစားအလွှာနဲ့ အင်အားစုတွေရဲ့အခြေအနေအရ အားလုံးအတွက် ဘုံတော်လှန်ရေးအကဲဖြတ်ချက်နဲ့ တော်လှန်ရေးသဘောတရားတရပ် လိုအပ်ပါလိမ့်မယ်။ ကိုယ်ရင်ဆိုင်နေရတဲ့ရန်သူကို မှန်မှန်ကန်ကန် အကဲဖြတ်ပြီး ကိုယ့်ဖက်ကလည်း "ရန်၊ ငါ" စည်းပြတ်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒီနေရာမှာ ကိုယ့်အမျိုးသားချင်းပဲလေ၊ ဗုဒ္ဓဘာသာချင်းပဲလေ၊ စသဖြင့် ရိုးရိုးသားသား ရန်သူစစ်အစိုးရကိုလျှော့တွက်ကြတဲ့ သာမန်ပြည်သူလူထုတွေရှိသလို စစ်အစိုးရရဲ့ အခွင့်အရေးနဲ့ မက်လုံးပေး သွေးခွဲစည်းရုံးမှုတွေကို တောင့်မခံနိုင်လောက်အောင် နိုင်ငံရေး၊ ပညာရေးအားနည်းသူတွေ၊ ကိုယ်ကျိုးစီးပွားကလွှဲပြီး ဘာမှမကြည့်သူ အတ္တဗဟိုပြုသမားတွေ၊ ဘယ်သူသေသေ ငတေမာပြီးစတမ်းလူတွေ၊ ခြံစည်းရိုးပေါ်ခွထိုင်ချင်သူ အချောင်သမားတွေ၊ ဘနဖူးသိုက်တူးလိုသူတွေ၊ ပြည်သူ့သစ္စာဖောက်လောက်ကောင်တွေဟာ စစ်အာဏာရှင်တွေရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ ပရိယာယ်တွေကြောင့် နေရာတကာမှာ ရှိနှင့်ပြီးဖြစ်တယ်။ တိုးများလာနေဆဲဖြစ်တယ်ဆိုတာတွေကို အထူးသတိထားရပါလိမ့်မယ်။ မှန်ကန်တဲ့ တော်လှန်ရေးသဘောတရားတရပ်ကိုကိုင်စွဲပြီး အခိုင်အမာချမှတ်ထားတဲ့ တော်လှန်ရေးမဟာဗျူဟာနဲ့ နည်းပရိယာယ်တွေကိုကိုင်စွဲပြီး တော်လှန်ရေးရဲ့ အဆင့်တိုင်းကို မှန်မှန်ကန်ကန် အကဲဖြတ်နိုင်ဖို့လိုအပ်ပါတယ်။ တော်လှန်ရေးရဲ့ ဘယ်အဆင့်မှာ ဘယ်သူတွေနဲ့ ပူးပေါင်းလက်တွဲရမယ်။ ဘယ်သူတွေကို ကြားထားရမယ်။ ဘယ်သူတွေကို ခွာထုတ်ရှောင်ရှားရမယ်။ ဘယ်သူတွေကို ဖယ်ရှားရှင်းလင်းပစ်ရမယ် စသဖြင့် ပြတ်ပြတ်သားသား စဉ်းစားဆုံးဖြတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ ပကတိတွေ့ကြုံဖြတ်သန်းလာခဲ့ရတဲ့ ဖြတ်သန်းနေရတဲ့ အတွေ့အကြုံအစုအပုံထဲကနေပြီး ကောက်ချက်ဆွဲသင်ခန်းစာယူပြီး သဘောတရားနဲ့လက်တွေ့ အချိုးညီညီ တွဲဖက်လှုပ်ရှားနိုင်မှသာ အင်အားကြီးမားသလောက် ကောက်ကျစ်စဉ်းလဲ ရက်စက်တဲ့ စစ်အာဏာရှင်တွေကို အံတုရင်ဆိုင်တိုက်ဖျက်နိုင်ပါလိမ့်မယ်။

သဘောတရားနဲ့ လက်တွေ့နဲ့ပတ်သက်ပြီး တော်လှန်ရေးသမား၊ နိုင်ငံရေးသမား အဆက်ဆက် ရည်ညွှန်းကိုးကားဖော်ပြခဲ့ဖူးလှပြီဖြစ်တဲ့ ကမ္ဘာကျော် နိုင်ငံရေးအဘိဓမ္မာမတ် (ဆခ်) လီနင်ဝါဒရဲ့ သင်ကြားပို့ချက်ဟာ အချို့အယွင်းမရှိ မှန်ကန်နေဆဲဖြစ်ပါတယ်။ အဲဒါက "သဘောတရားသာရှိပြီး လက်တွေ့မရှိသူဟာ အကျိုးနဲ့တူပြီး လက်တွေ့သာရှိပြီး သဘောတရားမရှိသူကတော့ အကန်းနဲ့တူတယ်" လို့ ခိုင်းနှိုင်းဥပမာပြုခဲ့ပါတယ်။ ရှင်းလင်းနေတဲ့အချက်ကတော့ တော်လှန်ရေးကြီးတရပ် အဆုံးသတ်အောင်ပွဲခံနိုင်ဖို့ အကျိုးတွေ၊ အကန်းတွေနဲ့ချည်း တိုက်ပွဲဝင်လို့ မဖြစ်နိုင်ပါဘူး။

စစ်အာဏာရှင်စနစ် တော်လှန်ရေးကြီးဆင်နွှဲတဲ့နေရာမှာ သမိုင်းသင်ခန်းစာတွေအရ ဘယ်နေရာတွေမှာ ချို့ယွင်းအားနည်းနေသလဲ။ ဘယ်နေရာတွေဟာ လစ်ဟာနေသလဲဆိုတာတွေကို မှန်မှန်ကန်ကန် ဝေဖန်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲတီထွင်ကြံဆ လစ်ဟာနေဆဲကွက်လပ်တွေကို အမြန်ဆုံးနဲ့အမှန်ကန်ဆုံးဖြည့်ဆည်းပေးနိုင်ကြဖို့ ကျနော်တို့တွေ ကြိုးစားအားထုတ်ဖို့လို အပ်ပါလိမ့်မယ်။ ကိုယ့်ဖက်မှာ ဘာကွက်လပ်တွေရှိနေလဲ။ ခိုင်မာမှန်ကန်တဲ့တော်လှန်ရေး မဟာဗျူဟာတရပ်ချမှတ်နိုင်မှု,မရှိမှု ကွက်လပ်၊ ခေါင်းဆောင်မှုအားနည်းတဲ့ကွက်လပ်၊ ပြည်သူလူထုကို ရဲရဲရင့်ရင့်ပြတ်ပြတ်သားသား ဦးဆောင်မှုမပေးနိုင်တဲ့ကွက်လပ်၊ ပေါ်ပေါက်လာတဲ့အခြေအနေတွေပေါ်မှာ တော်လှန်ရေးအကျိုးစီးပွားအတွက် အသုံးချတတ်မှုအားနည်းတဲ့ကွက်လပ်၊ အတိုက်အခံဒီမိုကရေစီအင်အားစု အချင်းချင်း ညီညွတ်မှုအားနည်းတဲ့ကွက်လပ်၊ တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုးထက် မိမိကိုယ်ကျိုးစီးပွား အလေးထားလွန်းတဲ့ကွက်လပ်၊ အပြောများပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အားနည်းတဲ့ကွက်လပ်၊ ရေစုန်မျှောလိုက်တတ်တဲ့ကွက်လပ်၊ နိုင်ငံတကာကူညီထောက်ပံ့မှုတွေပေါ်မှာ အမှီအခိုပြုလွန်းတဲ့ကွက်လပ်၊ ကူညီထောက်ပံ့လာတဲ့ငွေကြေးတွေကို ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားလုပ်ဖြုန်းတီးပစ်တတ်တဲ့ ကွက်လပ်၊ အတွေးအခေါ် ဖောက်ပြန်ပျက်စီးလာတဲ့ကွက်လပ်၊ ရရှိလာတဲ့ နေရာအဆင့်အတန်းနဲ့အခြေအနေပေါ်မှာသာယာ၊ အောက်ခြေလွတ် ဘဝင်မြင့်လာတတ်တဲ့ကွက်လပ်တွေကိုမြန်ဆုံးနဲ့အမှန်ကန်ဆုံး ဖြည့်စွက်ပေးကြဖို့လိုပါတယ်။ တခါဖြစ်ခဲ့ပြီးဖြစ်တဲ့ ချို့ယွင်းအားနည်းချက်အမှားတွေအတွက် ဘယ်သူဘယ်သူမှ အပြစ်ပုံချမနေပဲ၊ ကိုယ့်အပြစ် ကိုယ့်အားနည်းချက်တွေကို "မိမိကိုယ်ကို ဝေဖန်ရေး"နည်းနဲ့ ဝေဖန်သုံးသပ်ပြုပြင်ပြီး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ပြတ်ပြတ်သားသား စစ်အာဏာရှင်အစိုးရကို ဆန့်ကျင်တော်လှန်ကြဖို့ တိုက်တွန်းချင်ပါတယ်။ တိုက်ရဲသူတွေအတွက် အောင်ပွဲဟာရှိနေပါတယ်။ အဲဒီလို ယုံကြည်ထားကြရအောင်ပါ ....။

စိုးနေလင်း

❖

**တဖက်က ကျောင်းသား၊ အလုပ်သမား လယ်သမား ပြည်သူလူထုနဲ့ အတိုက် အခံ ဒီမိုကရေစီအင်အား စုတွေ၊ တိုင်းရင်းသားလူ နည်းစု လူမျိုးစုလက်နက် ကိုင်အင်အားစုတွေဖက် ကရော စစ်အာဏာရှင် အ စိုးရကို ဘယ်လိုသဘော ထားပါသလဲ ....။**

# စစ်အစိုးရ၏ မီဒီယာအပေါ်နှိပ်ကွပ်မှုကို နိုင်ငံတကာမီဒီယာများအဖွဲ့မှ ကန့်ကွက်

မြန်မာနိုင်ငံတွင် နအဖစစ်အစိုးရအုပ်ချုပ်နေသည့်ကာလတလျှောက်လုံး သတင်းနှင့်မီဒီယာလွတ်လပ်ခွင့်ကို အစဉ်တစိုက် ဖိနှိပ်လာခဲ့သည်။ မြန်မာသတင်းစာဆရာများ၊ အနုပညာရှင်များနှင့် အတိုက်အခံများကိုလည်း ဖိနှိပ်ဖမ်းဆီး ထောင်သွင်းအကျဉ်းချထားသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးအပြီးတွင် ပြည်တွင်းရှိမီဒီယာများကို အာဏာပိုင်များက ပိုမိုတင်းတင်းကြပ်ကြပ် ချုပ်ကိုင်လာခဲ့ပြီး ပြည်ပတွင်အခြေစိုက်သည့် မီဒီယာများကိုလည်း တိုက်ခိုက်မှုများလည်းရှိလာခဲ့သည်။

အရှေ့တောင်အာရှ သတင်းစာတပ်ပေါင်းစုဟု အမည်ရသည့် (Southeast Asian Press Alliance –SEAPA) အဖွဲ့အပါအဝင် နိုင်ငံတကာလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဖလှယ်ရေးအဖွဲ့ (International Freedom of Expression Exchange –IFEX) ၏ အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် နိုင်ငံတကာမီဒီယာ အဖွဲ့ပေါင်း (၂၂) ဖွဲ့ပါဝင်သည့် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ (Burma Action Group) မှ မြန်မာပြည်အတွင်း ထောင်သွင်းအကျဉ်းချထားခံနေရသည့် မြန်မာသတင်းစာဆရာများ၊ အနုပညာရှင်များနှင့် အတိုက်အခံများလွတ်မြောက်ရေးအတွက် မြန်မာစစ်အစိုးရအပေါ် ပိုမိုတင်းမာသည့်သဘောထားတရပ်ကို ချမှတ်ကျင့်သုံးပါရန် ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့ကြီးအား ကြေညာချက်တရပ်ထုတ်ပြန်၍ တိုက်တွန်းတောင်းဆိုလိုက်သည်။

ယင်းကြေညာချက်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ဆူရင်ပစ်ဆူဝမ်နှင့် ကုလလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာတောမတ်အိုဂျေကွင်တားနားတို့ထံသို့ ပူးတွဲပန်ကြားခဲ့သည်။ ယင်းကြေညာချက်အား အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အာရုံစိုက်မှုကိုရရှိစေရန်အတွက် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စစ်အစိုးရအားလည်း အရှက်ရစေရန်ရည်ရွယ်ကြောင်းသိရသည်။

“ဒီကြေညာချက်က တကယ်အဓိကပစ်မှတ်ထားတာက မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကိုပါ။ စစ်အစိုးရက အရေထူတယ်။ တချို့ကသူ့ကို အကျိုးသင့်အကြောင်းသင့်ပြောလို့ရမယ်လို့ ထင်ထောင်ထင်မှားဖြစ်နေတုန်းပဲ။ ဒါပေမယ့် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ဒေသတွင်းအသိုင်းအဝိုင်းကိုလည်း အရှက်ရစေပြီး မြန်မာပြည်သူတွေလွတ်မြောက်ရေးကို ပိုလုပ်လာစေချင်ပါတယ်”ဟု (SEAPA) အဖွဲ့၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ Roby Alampay က ပြောဆိုခဲ့သည်။

၎င်းအပြင် ၂၀၀၈ ခုနှစ် မေလဆန်းပိုင်းက မြန်မာပြည်အတွင်းဝင်ရောက်တိုက်ခတ်သွားခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသဘာဝဘေးအန္တရာယ်ဒဏ်ခံခဲ့ရသည့် ဒုက္ခသည်များအား အကူအညီများပေးနေသည့် သတင်းစာဆရာဖြစ်သူ ကိုဇော်သက်ထွေးနှင့် အနုပညာရှင် လူရွှင်တော်ဇာဂနာတို့အား ဖမ်းဆီးသွားခဲ့ခြင်းကိုလည်း ပြန်လည်လွှတ်ပေးရန် တိုက်တွန်းပြောဆိုထားသည်။ လူရွှင်တော်ဇာဂနာ၊ ကိုဇော်သက်ထွေးအပါအဝင် အခြား အတိုက်အခံ (၇) ဦးအား စွဲဆိုထားသည့် အမှုများအားလုံးပယ်ဖျက်ပေးရန်ကိုလည်း ကြေညာချက်တွင်ဖော်ပြထားသည်။

## လူရွှင်တော်ဇာဂနာအား ပုဒ်မ (၇) ခုဖြင့် တရားစွဲဆို



ဩဂုတ်လ (၂၁) ရက်။

လူရွှင်တော် ကိုဇာဂနာ၊ ကိုဇော်သက်ထွေး၊ ကိုသန့်ဇင်အောင်နှင့် ကိုခင်မောင်အေးတို့အမှုအား ရန်ကုန်မြို့၊ အင်းစိန်ထောင်ဝန်းအတွင်းရှိ အထူးတရားရုံး၌ ဩဂုတ်လ (၂၁) ရက်နေ့တွင်ထပ်မံစစ်ဆေးပြီး အာဏာပိုင်များမှ ဆွဲချက် (၇) ခုဖြင့် အရေးယူနိုင်ရန် ကြိုးစားနေကြောင်းကို ၎င်းတို့၏ရှေ့နေကြီး ဦးအောင်သိန်းမှပြောကြားသည်။

ထိုနေ့ကကြားနာစစ်ဆေးရာတွင် လူရွှင်တော်ကိုဇာဂနာအား ပြည်ပသတင်းဌာနများဖြစ်သည့် ဗွီအိုအေ၊ ဧရာဝတီစသည့် သတင်းဌာနများ၏ နာဂစ်လေမုန်တိုင်းသင့်ဒေသများရှိ ဒုက္ခသည်များအား၎င်းတို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့်အမေးများအား ဖြေကြားထားသည်များကိုကူးယူ၍ သက်သေခံအဖြစ် ထူးထူးခြားခြားတင်ပြထားသည်ဟု တရားရုံးချုပ်ရှေ့နေကြီး ဦးအောင်သိန်းကပြောသည်။

ထိုမေးမြန်းခန်းနှင့်ပတ်သက်၍ ဖြေကြားထားသည်များသည် အစိုးရဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးကိစ္စများအား ထိခိုက်စေပြီး၊ လုံခြုံရေးကိစ္စများကိုလည်း ထိခိုက်သည်ဟု အာဏာပိုင်များမှ စွပ်စွဲပြောဆိုသည်။

“စာရွက်ပေါ်မှာကြည့်ရင် လူရွှင်တော်ဇာဂနာတို့ ဘာတို့ဆိုတာပါတယ်။ ဒီလူရွှင်တော်ဆိုတဲ့စကားလုံးက သူကရယ်စရာဖြစ်အောင်၊ သင်ခန်းစာဖြစ်အောင် ဒီလိုပဲပြက်လုံးနဲ့ပြုလုပ်ပြီး သူကပြောလေ့ပြောထရှိပါတယ်၊ ဒါအစိုးရကို ထိခိုက်အောင်ပြောတဲ့စကားလုံးတွေလို့ ဘယ်လိုမှတ်ယူလို့ရမလဲ” ဟု ရှေ့နေကြီးဦးအောင်သိန်းကပြောသည်။

၎င်းအမှုအား ရဲမှူးကြီးရဲညွန့်မှ စွဲဆိုထားခြင်းဖြစ်ပြီး ၅၀၅ (ခ) အစိုးရ (သို့မဟုတ်) နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမှု၊ ၂၉၅–သာသနာညှိုးနွမ်းစေမှု၊ ဗွီဒီယိုအက်ဥပဒေ၊ အီးမေးလ်နှင့်အင်တာနက်သုံးစွဲမှုဆိုင်ရာပုဒ်မ၊ လျှပ်စစ်ပစ္စည်းဥပဒေပုဒ်မ၊ စသည့် ပုဒ်မ (၇) ခုဖြင့် စွဲဆိုထားခြင်းဖြစ်ကြောင်းကိုလည်း ဦးအောင်သိန်းမှပြောသည်။

# သံဃာတော်များအား လူဝတ်လဲစေ၍ ရုံးထုတ်ခြင်းအပေါ် ဝေဖန်မှုများရှိ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ သုံးသပ်တင်ပြချက်ထုတ်ပြန်



၂၀၀၇ ခုနှစ်စက်တင်ဘာလအတွင်းကဖြစ်ပွားခဲ့သည့်သံဃာ့လှုပ်ရှားမှု

ယမန်နှစ်စက်တင်ဘာလက ဖြစ်ပွားခဲ့သည့်ရွှေဝါရောင်တော်လှန်ရေးသည် မြန်မာပြည်သူအများခံစားနေရသည့် စီးပွားရေးအကျပ်အတည်းများကို ပြေလည်စေရန်အတွက် ရဟန်းသံဃာများကဦးဆောင်၍ လမ်းလျှောက်ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။

ထိုသို့ လမ်းလျှောက်ဆုတောင်းမေတ္တာပို့ခြင်းအားဦးဆောင်ခဲ့သူ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရအပါအဝင် ဖမ်းဆီးခံထားရသည့် သံဃာများအားလူဝတ်လဲစေခဲ့ပြီး တရားရုံးသို့ လူဝတ်နှင့်ပင်တက်ရောက်စေခြင်းအပေါ် မကျေနပ်မှုများဖြစ်ပေါ်နေကြသည်

သံဃာအဖွဲ့အစည်းဆိုင်ရာ ဥပဒေအမှတ် ၂၀/၉၀ ကိုပယ်ဖျက်ပေးရန်နှင့် သံဃာတော်များကို အတင်းလူဝတ်လဲစေပြီး ရုံးထုတ်စစ်ဆေးနေခြင်းများကို ရပ်ဆိုင်းသင့်ကြောင်းများအပါအဝင် ဥပဒေနှင့်အညီ သုံးသပ်တင်ပြထားချက်များကို မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) မှနေ၍ စက်တင်ဘာလ၊ (၂) ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

ထိုသုံးသပ်တင်ပြထားချက်များတွင် ၁၉၈၈ ခုနှစ်မှစ၍ ယခုအချိန်ထိ မြန်မာနိုင်ငံတွင်သံဃာအပါး (၇၀၀) ကျော်ကို နိုင်ငံရေးအရဖမ်းဆီးခဲ့ကြောင်း၊ သံဃာအချို့ကို ရဲဘက်စခန်းများသို့ပို့၍ အလုပ်ကြမ်းများစေခိုင်းကြောင်းနှင့် သံဃာ (၁၉) ပါးမှာ ထောင်တွင်းနှင့် ရဲဘက်စခန်းတွင် ပျံလွန်သွားကြရကြောင်းများကိုဖော်ပြထားသည်။ ၎င်းအပြင် စစ်အစိုးရလက်ထက် ၁၉၉၀၊ ခုနှစ်က ပြဌာန်းထားခဲ့သော ဥပဒေအမှတ် ၂၀/၉၀၊ ပုဒ်မ (၄) အရ သံဃာတော်မှန်သမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းတွင်အဖွဲ့ဝင်ဖြစ်သည်ဟု ပြဌာန်းထားသည်။ ထိုသို့ပြဌာန်းခြင်းကြောင့် သံဃာများ၏ လွတ်လပ်စွာလုပ်ကိုင်နိုင်ခွင့်များအား ထိန်းချုပ်လိုက်သည့်ဥပဒေတရပ် ဖြစ်နေသည်ဟုလည်းထောက်ပြထားသည်။

၎င်းအပြင် ဥပဒေပုဒ်မအမှတ် ၂ (ဂ) အရလည်း သံဃာ့အဖွဲ့အစည်းကို ဥပဒေအရချုပ်ကိုင်ရန် ကြိုးစားထားခြင်းဖြစ်သလို၊ အမိန့်အမှတ် ၆/၉၀ နှင့် အမိန့်အမှတ် ၇/၉၀ ထုတ်ပြန်ထားပြီး ထိုဥပဒေအား လိုက်နာခြင်းမရှိပါက သမ္မုတိသံဃာအဖြစ် ရပ်တည်ခွင့်မရှိစေရဟု ပြဌာန်းထားသည်။ ထို့ကြောင့် ဥပဒေနှင့်အမိန့်များသည် သံဃာများအား အာဏာသုံး၍ သက်နှီးချွတ်နိုင်ရန် ပြဌာန်းထားခြင်းဖြစ်ပြီး ဓမ္မဝိနည်းနှင့်ဆန့်ကျင်နေကြောင်းများကိုလည်း ထည့်သွင်းရှင်းလင်းထားသည်။

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင်သတင်းသုံးနေသည့် အရှင်ဂုနိသရက “ရဟန်းဟာ ရဟန်းသိက္ခာရှိတယ်။ ရဟန်းသိက္ခာကိုယ်၌တည်နေသ၍ ရဟန်းဟာ သင်္ကန်းဆိုတာရှိရမယ်။ သင်္ကန်းဆိုတာ ရဟန်းရဲ့ မြင့်မြတ်တဲ့ပရိက္ခရာတခုပါပဲ။ ဘုရားကိုယ်တိုင်သတ်မှတ်ခဲ့တာပါ။ ရဟန်းကို ရဟန်းရဲ့ အသုံးအဆောင်ဖြစ်တဲ့ သင်္ကန်းပရိက္ခရာနဲ့ မထုတ်ဘဲနဲ့ ရဟန်းနဲ့ မတန်တဲ့၊ မသင့်လျော်တဲ့ လူအဝတ်အစားနဲ့ထုတ်မယ်ဆိုရင် လုံးဝမသင့်လျော်ပါဘူး။ သာသနာတော်ထွန်းကားတဲ့တိုင်းပြည်မှာ ဒီလို လုံးဝမလုပ်သင့်ပါဘူး” ဟုမိန့်ကြားသွားသည်။

လူမျိုး၊ ဘာသာခြားနားသည့် အင်္ဂလိပ်အုပ်ချုပ်မှုအောက်တွင် ဆရာတော်ဦးဝိစာရသည် ထောင်အတွင်း၌ ရဟန်းသိက္ခာနှင့်အညီ အပြည့်အဝနေခွင့်ရရှိခဲ့ပြီး ဗုဒ္ဓဘာသာဟုအမည်ခံ၍ ကမ္ဘာသို့ကြော်ငြာနေသည့် စစ်အစိုးရအနေဖြင့် ယခုကဲ့ပြုလုပ်ခြင်းမှာ မသင့်လျော်သည့်ကိစ္စဖြစ်ကြောင်းကို အရှင်ဂုနိသရမှ မိန့်ကြားတော်မူခဲ့သည်။

သံဃာတော်များအား လူဝတ်လဲ၍ ရုံးထုတ်ခြင်းမပြုလုပ်ရန် အကျဉ်းကျခံနေရသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရမှ အာဏာပိုင်များထံတောင်းဆိုထားခြင်းကို တရားရုံးမှပယ်ချလိုက်သည်ဟု ရှေ့နေဦးအောင်သိန်းမှပြောသည်။

မေတ္တာသုတ်ရွတ်ဆိုသည့် သံဃာတော်များအား ပြစ်မှုကျူးလွန်သည်ဟု အရေးယူ စွပ်စွဲထောင်ချ၍ လူဝတ်လဲစေခြင်းသည် ဥပဇ္ဈာယ်ဆရာတော်တပါးပါး (သို့မဟုတ်) သံဃာ့နာယကအဖွဲ့အစည်းတွင် မည်သည့်အကြောင်းပြချက်ဖြင့် ထိုသို့လူဝတ်လဲစေခြင်းကို ရှင်းရှင်းလင်းလင်းကြားနာရန် လိုအပ်သည်ဟူ၍လည်းပြောသည်။

“သံဃာ့ဝိနည်းနဲ့အညီ၊ သံဃာ့စည်းမျဉ်းစည်းကမ်းနဲ့အညီ လူဝတ်လဲရမှာ၊ လူဝတ်လဲတာက ပါရာဇိကကျံမြောက်လို့ လူဝတ်လဲတာလား။ သူ့သဘော သူ့ဆန္ဒအရ လူဝတ်လဲတာကိုပြုလုပ်တာလား။ သံဃာ့အဖွဲ့အစည်း တစုံတရာရဲ့ဆုံးဖြတ်ချက်မရှိဘဲနဲ့ ဆောင်ရွက်ထားတဲ့အတွက် ဒီတရားရုံးက အမှုဆက်လက်ကြားနာစစ်ဆေးမှု ဆိုင်းငံ့ထားသင့်တယ်ဆိုတာကို လျှောက်ထားခဲ့သည်”ဟု ရန်ကုန်မြို့ရှိ ရှေ့နေကြီးဦးအောင်သိန်းကပြောသည်။

သို့သော်လည်း တရားသူကြီးသည် နိုင်ငံတော်မှ တရားလိုပြုလုပ်၍စွဲဆိုသည့် မှုခင်းကိစ္စဖြစ်သည့်အတွက် မှုခင်းကို ဆိုင်းငံ့ထားရန်မဖြစ်နိုင်၍ ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည်ဟု ပြန်လည်ပြောကြားလိုက်သည်။

**နောက်ကျောဖုံး**

**အဲန်အယ်လ်ဒီ သတင်းမှ ...**

နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များဖြင့် ဖွဲ့စည်းပေးရန်။

(၃) ဤကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးလုပ်ငန်းကို (၆) လအတွင်း အပြီးဆောင်ရွက်ရန်တို့အား အာဏာပိုင်တို့အနေဖြင့် စီမံဆောင်ရွက်ပေးရန်ကို အကြံပြုတိုက်တွန်းထားသည်။

သို့မှသာ အာဏာပိုင်တို့အနေဖြင့် မိမိတို့ကိုယ်တိုင်ပြဌာန်းထားသည့် ဥပဒေ၊ ထုတ်ပြန်ထားသည့်ကြေညာချက်၊ ပြောကြားထားသည့်ကတိစကားများကို လေးစားလိုက်နာရာရောက်မည့်အပြင် ကုလသမဂ္ဂအထွေထွေညီလာခံအသီးသီးတွင် ဆုံးဖြတ်ချက်ဖြစ်သော “၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရေး”နှင့် ကုလသမဂ္ဂ၏ တိုက်တွန်းချက်၊ တောင်းဆိုချက်များဖြစ်သည့် “နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်သူအားလုံး (all inclusive) ပါဝင်ခွင့်ရှိရမည်”ဟူသည့်အချက်တို့အား အုပ်ချုပ်သူအာဏာပိုင်တို့အနေဖြင့် တနည်းနည်းဖြင့် အကောင်အထည်ဖော်ပေးရာရောက်မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ဤသည်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အထွေထွေသဟဇာတဖြစ်ရေးတို့ကိုရှေးရှုလျှက် စိတ်ကောင်းစေတနာကောင်းဖြင့် ရိုးသားပွင့်လင်းစွာ မြန်မာ့နိုင်ငံရေးထွက်ပေါက်အဖြစ် မိမိတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အာဏာပိုင်အစိုးရအား တိုက်တွန်းအကြံပြုလိုက်ကြောင်းနှင့် အလေးအနက်စဉ်းစားပါရန်တို့ကို တောင်းဆိုကြေညာလိုက်သည်။

ထိုအထူးကြေညာချက်ထုတ်ပြန်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ နအဖရဲချုပ်မှ အဲန်အယ်လ်ဒီ၏ အထူးကြေညာချက်သည် အများပြည်သူအားလှုံ့ဆော်သည့်သဘောသဘာဝများပါဝင်နေပြီး ဥပဒေနှင့်ညီစွန်းနေသည့်အတွက် ပြန်လည်ရုပ်သိမ်းပေးရန် စက်တင်ဘာ (၂၅) ရက်နေ့က ခေါ်ယူသတိပေးခဲ့ကြောင်းနှင့် အဲန်အယ်လ်ဒီအနေဖြင့် အထူးကြေညာချက်ပါအချက်အလက်အားလုံးသည် အမှန်တရားများသာဖြစ်နေသည့်အတွက် မိမိတို့အနေဖြင့် ပြန်လည်မရုပ်သိမ်းပေးနိုင်ဘူးဟု ငြင်းဆိုခဲ့ကြောင်း အဲန်အယ်လ်ဒီ၏ ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းက ပြောဆိုခဲ့သည်။ ❖



# ကျမတို့ ဘာတွေများ ပြင်ဆင်ထားပြီးပြီလဲ...

## ခင်မမမျိုး

မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရင်ဆိုတဲ့ စကားလုံးကို ကျမတို့တွေပြောလေ့ရှိကြပါတယ်။ အထူးသဖြင့် ပြည်ပမှာ နိုင်ငံရေးလုပ်နေရင်း မွေးရပ်မြေကိုလွမ်းဆွတ်ကြတဲ့အခါ၊ မွေးရပ်မြေအကြောင်း ပြောဆိုကြတဲ့အခါမှာ ပြောဆိုလေ့ရှိကြပါတယ်။ စစ်အစိုးရကြောင့် တိုင်းပြည်ကြီး ရစရာမရှိအောင် ပျက်စီးနေတာတွေ၊ တိုးတက်မှုမရှိပဲ ဆုတ်ယုတ်နေတာတွေကို တွေးမိတဲ့အခါတိုင်း ဒေါသတွေထွက်မိကြ၊ အားမရတွေလည်းဖြစ်နေကြနဲ့ အတော်ပဲ စိတ်ပင်ပန်းရပါတယ်။ တကယ်ပါ။ ကျမကိုယ်တွေ့မှာဆိုရင် မြန်မာပြည်အကြောင်း တွေးမိရင်း အိပ်ပျက်ခဲ့ရတဲ့ညတွေ၊ ရထားဘူတာကျော်သွားတာတွေ၊ ဘတ်စ်ကားမှတ်တိုင်ကျော်သွားတာတွေ၊ ဝမ်းနည်းမျက်ရည်ကျမိတာတွေ၊ စိတ်ဆိုးမာန်ဆိုးနဲ့ နံရံကိုလက်သီးနဲ့ ထထိုးမိတာတွေ၊ အိမ်ထဲကပစ္စည်းတွေကို ကောက်ပေါက်မိတာတွေဖြစ်ခဲ့ရတာ အများကြီးပါ။ လက်သီးကို ကျစ်ကျစ်ဆုတ်ပြီး၊ ဝမ်းနည်းကြေကွဲမှုတွေကို နာကျည်းမှုခွန်အားအနေနဲ့ ပြောင်းဖြစ်ခဲ့ရတဲ့အကြိမ်တွေလည်း မရေတွက်နိုင်အောင်ပါ။ ဒါပေမယ့် ကျမတို့တွေ ဒီလိုဖြစ်နေရုံနဲ့ ဒီပွဲကပြီးသွားမှာလား။

အဖြေကရှင်းပါတယ်။ မဟုတ်ပါဘူး။ ကျမတို့တွေ လုပ်နိုင်တာလုပ်ရင်း၊ ပြင်ဆင်စရာရှိတာတွေကိုပြင်ဆင်ရင်း၊ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် မျှော်လင့်ချက်အပြည့်ထားကြရမှာပါ။ တကယ်တမ်းကျတော့ ဒီမိုကရေစီရရင်ဆိုတဲ့စကားလုံးကို ကျမတို့ အလွယ်တကူပြောတတ်ကြပေမယ့် ကျမတို့အခု စစ်အာဏာရှင်စနစ်ကို ဖြုတ်ချပြီး ဒီမိုကရေစီနိုင်ငံလို့ ကြေညာလိုက်ရုံနဲ့ ဒီမိုကရေစီအပြည့်အဝရှိတဲ့နိုင်ငံ ချက်ချင်းဖြစ်လာမှာမဟုတ်ပါဘူး။ ဒါဟာ ကနဦးဒီမိုကရေစီအသွင်ကူးပြောင်းမှု (Initial Democratization) ပဲ ရှိပါသေးတယ်။ ကျမတို့ရဲ့ နောင်တော်မျိုးဆက်တွေ အသက်ပေးပြီး တောင်းဆိုခဲ့ကြတဲ့ ဒီမိုကရေစီဆိုတဲ့စနစ်ကြီး ရေရှည်တည်တံ့ဖို့အတွက် Democratic Consolidation ဆိုတဲ့အဆင့်ကြီး အောင်မြင်လာအောင်ကိုပါ ဆက်လက်လုပ်ကိုင်ကြဖို့ ကျမတို့မှာ သမိုင်းပေးတာဝန်ရှိပါတယ်။ "မုန့်ဆီကြော်က ဘယ်နေမှန်းမသိ။ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလား"ဆိုပြီး လုပ်နေတယ်လို့ ကျမကို ဆိုချင်လဲဆိုကြပါ။ ဒါပေမယ့် နောက်တနေ့တာအချိန်ဇယားကို ကြိုတင်ပြင်ဆင်ပြီးမှ ညအိပ်လေ့ရှိတဲ့ကျမ၊ လေးငါးနှစ်မှာ ဖြေသင့်တဲ့စာမေးပွဲကိုလည်း အခုကတည်းက ကြိုတင်ရွေးချယ်လေ့ရှိတဲ့ကျမ၊ မလွန်ဆန်နိုင်သောကံကြမ္မာဆိုးတစုံတရာကြောင့် ချထားတဲ့စီမံကိန်း လွဲချော်သွားရင် လုပ်သင့်တဲ့ Back up plan နဲ့ ကိုယ်သွားမယ့်လမ်းကြောင်းပေါ် မရောက်ရောက်အောင် တစိုက်မတ်မတ်နဲ့ ပြန်တက်လေ့ရှိတဲ့ ကျမအတွက်တော့ ကြိုတင်ပြင်ဆင်မှုဆိုတာကို အလေးအနက် အလွန်အမင်းထားတတ်တာ အကျင့်ဖြစ်နေလို့ ဒီပို့စ်လေးကိုရေးဖြစ်တာပါ။

စစ်မဟာဗျူဟာလေ့လာရေးမှာရော၊ စီးပွားရေးဗျူဟာမှာရော၊ ဈေးကွက်ဗျူဟာမှာရော အလွန်ပဲအရေးကြီးတဲ့ ဆန်းစစ်ချက်တခုရှိပါတယ်။ SWOT analysis လို့ အတိုကောက်ခေါ်လေ့ရှိပါတယ်။ Strengths, Weaknesses, Opportunities, Threats ပါ။ ကိုယ့်ဘက်ကိုရော၊ ရန်သူဘက် (ယှဉ်ပြိုင်ဘက်) ကိုပါ ဒီဆန်းစစ်ချက်လုပ်ပြီးမှ မဟာဗျူဟာတခုကို ချမှတ်အကောင်အထည်ဖော်ရပါတယ်။ လူတိုင်းလူတိုင်းဟာ အားနည်းချက်နဲ့ မကင်းနိုင်ကြပါဘူး။ ဘယ်သူမှ ပြီးပြည့်စုံသောလူရယ်လို့ မရှိပါဘူး။ ဒီလိုပဲ တယောက်နဲ့တယောက် အားသာချက်တွေကလဲ မတူပြန်ပါဘူး။ သူ့အားနည်းချက်မှာ ကိုယ်ကအားသာပြီး complement ဖြစ်သွားရင်တော့ အောင်မြင်မှုဟာ အထွတ်အထိပ်ပါပဲ။ ဒါကြောင့်လဲ ပူးပေါင်းဆောင်ရွက်မှုဆိုတာက လိုအပ်တာပါ။ ယုံကြည်ချက်တူ၊ လမ်းကြောင်းတူတဲ့အဖွဲ့အစည်းတွေဆိုရင် ပူးပေါင်းဆောင်ရွက်မှုရှိမှလဲ ပိုပြီးထိရောက်မှုဆိုတာ ဖြစ်စေနိုင်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုဆိုတာကိုမရောက်ခင် လူတိုင်းလူတိုင်း၊ အဖွဲ့အစည်းတိုင်းဟာ ကိုယ့်အားနည်းချက်ကို ကိုယ့်ဘာသာသိနေဖို့လဲ လိုအပ်ပါတယ်။ ဒါကို ထောက်ပြပြောဆိုတာကိုလဲ ဟုတ်မှန်တယ်ဆိုရင် အမှန်အတိုင်း လက်ခံပြုပြင်တတ်နိုင်ဖို့ လိုအပ်ပါတယ်။ မှန်ရင်ခံခက်ဖြစ်တတ်တယ်ဆိုပေမယ့်၊ ဇွတ်မှိတ်ပြီး ငါတို့ကိုမစော်ကားနဲ့လို့ ထိုင်ပြောနေတာထက်၊ သူပြောရအောင် ငါတို့ကဖြစ်နေသလားဆိုတာ အရင်ဆန်းစစ်ဖို့လိုအပ်ပါတယ်။ ကိုယ့်အားနည်းချက်ကို ကိုယ်မသိရင်တော့ ပစ်မှတ်ကိုထိဖို့မလွယ်ပါဘူး။

ဥပမာပြောရရင် ကျမသေနတ်ပစ်တဲ့အခါတိုင်းမှာ အားနည်းချက်တခုရှိတယ်။ ခလုတ်ညှစ်လိုက်တိုင်း သေနတ်ပြောင်းက ခါသွားတယ်။ မငြိမ်ဘူး။ ဖြစ်သင့်တာထက် ပိုဆိုးတာကိုပြောတာပါ။ ခါသင့်တာထက် ခါတော့ ပစ်မှတ်လွဲတယ်။ target card ကို ထိပေမယ့် အလယ်ဗဟိုကိုမထိဘူး။ ဒီတော့ ကျမသူငယ်ချင်းက အားနည်းချက်ကိုထောက်ပြပါတယ်။ လူဆိုတာကလေ အတ္တမျိုးကြီးပဲရှင့်။ ကိုယ့်ကိုလာပြောတော့ နည်းနည်းတော့ စိတ်ထဲကသိကအောင့်ဖြစ်သား။ ဒါပေမယ့် ဟုတ်နေတော့လဲ လက်ခံရတာပေါ့။ ဒါကို ဘယ်လိုလုပ်နိုင်မလဲ ဆက်မေးရတယ်။ ကျမရဲ့အဓိက Goal က ပစ်မှတ်ဗဟိုကိုထိဖို့လေ။ သူ့ငါ့ကို ဒီလိုပြောတယ်ဆိုပြီး သူနဲ့သွားငြင်းဖို့၊ ရန်ဖြစ်ဖို့ မဟုတ်ဘူးကို။ မှန်သည်ဖြစ်စေ၊ အမြင်မှားပြီးပြောတာဖြစ်စေ၊ သူဒီလိုပြောလာပြီဆိုရင်တော့ အကြောင်းတခုခုရှိလို့ပဲဖြစ်တယ်။ အဲဒီအကြောင်းရင်းကိုသာ အရင်ဆွေးနွေးသင့်တယ်မဟုတ်လား။ ဒီလိုပဲပြောကြရင်း၊ အကြံဉာဏ်တောင်းရင်းနဲ့ ပစ်မှတ်ချိန်တဲ့အခါမှာ ပုံမှန်ထက် နဲနဲလေးမြှင့်ချိန်ဖို့ သူကအကြံပေးလာတယ်။ ကျမလုပ်ကြည့်တယ်။ ထိတယ်။ အလယ်ဗဟိုတိတိပဲ။ သူပြောတာမှားပြီး ပစ်မှတ်ကိုပါ လုံးဝမထိတော့တာလဲ ဖြစ်ချင်ဖြစ်နိုင်တာပေါ့။ ဒါပေမယ့် ကိုယ့်ကိုပြောလာပြီဆိုရင်တော့ သူ့အမြင်နဲ့ သူ့အကြံကိုလည်း ထည့်သွင်းစဉ်းစားသင့်တယ်။ ဒါကို ကျမဆိုလိုတာပါ။

ဒီတော့ အဲဒီဥပမာလေးကို နှလုံးမူပြီး၊ ပြည်ပရောက်အတိုက်အခံတယောက်အနေနဲ့ ပြည်ပရောက်အတိုက်အခံတွေနဲ့ပတ်သက်ပြီး မြင်တာပြောကြည့်မယ်နော်။ ကျမတို့တွေ အချိန်တွေကို ထိရောက်တာမှာမသုံးပဲ၊ အလဟဿ ဖြုန်းပစ်နေကြတယ်။ လိုအပ်တဲ့ပြင်ဆင်မှုတွေလည်းမလုပ်ပဲ ပွဲလမ်းသဘင်များစွာနဲ့ ဟိုနေရာစုစု၊ ဒီနေရာစုစု အချိန်ကုန်နေကြတယ်။ ဒီလိုကျမပြောမယ်။ ကျမကို လာမငြင်းခင်မှာ ကိုယ့်ဘာသာကိုယ် ဟုတ်လား၊ မဟုတ်လား အရင်ပြန်မေးကြည့်ပါနော်။ မဟုတ်ဘူးဆိုရင်တော့ အချက်အလက်အခိုင်အမာနဲ့ ပြန်လာပြောပါ။ ကျမဒီအမြင်ကို ရုပ်သိမ်းပေးပါ့မယ်။

ပထမဆုံးအနေနဲ့ လုပ်ငန်းအကောင်အထည်ဖော်ရေးအကြောင်းကို စပြောကြရအောင်။ ပြည်ပရောက်အတိုက်အခံအများစုက ကိုယ့်ဘာသာကို တော်လှန်ရေးသမားလို့ စိတ်ကြီးဝင်နေတတ်ကြတယ်။ တကယ်လုပ်နိုင်တာကျတော့ campaign ပဲဖြစ်တယ်။ တော်လှန်ရေးနဲ့ကင်ပိန်းကို မကွဲပြားကြဘူး။ မြန်မာပြည်ရဲ့တော်လှန်ရေးဟာ မြန်မာပြည်တွင်းနဲ့ မြန်မာ့မြေထဲက တောထဲမှာပဲရှိတယ်။ ပြည်ပရောက်လာရင်တော့ ဆန္ဒပြပွဲနဲ့ သက်ဆိုင်ရာအစိုးရတွေကို lobby လုပ်တာ၊ မြန်မာပွဲလမ်းသဘင်တွေလုပ်တာပဲရှိတယ်။ တော်လှန်ရေးဆိုတာမရှိဘူး။ ဒီအချက်ဟာ တော်လှန်ရေးရဲ့ အဓိကလိုအပ်ချက်မဟုတ်ဘူး။ တော်လှန်ရေးကို ထောက်ကူမပေးတာပဲရှိတယ်။ မထောက်ကူရင်ကောဖြစ်မလားလို့ ပြန်ငြင်းချင်ငြင်းပါ။ ဒါပေမယ့် အများစုက ထောက်ကူတာပဲလုပ်နေတော့ မှော်ဆရာ လူသေကောင်အသက်သွင်းတာ ခြေထောက်ကြီးပဲထောင်နေသလိုဖြစ်နေတယ်။ တကိုယ်လုံးက မကြွလာဘူး။ ပိုဆိုးတာက ဒါတွေကို အလုပ်ကြီးတခုအနေနဲ့ နိုင်ငံတကာဖိအားဆိုတာကြီးကိုပဲ လုံးဝအားကိုးပြီး၊ ဒါကမှ မြန်မာပြည်အတွက် နိုင်ငံရေးလုပ်နေတာ၊ တော်လှန်ရေးလုပ်နေတာလို့ လွဲမှားစွာထင်လာတဲ့အချက်ပဲ။ တကယ်တမ်းကျတော့ တော်လှန်ရေးတခုရဲ့ အရေးကြီးတဲ့ pillar တွေဖြစ်တဲ့ political pillar, social-economic pillar, cultural- spiritual pillar, military pillar တွေမှာ လုံးဝအားနည်းသွားတယ်။ အားလုံးက international pillar ကိုပဲ အာရုံစိုက်လာကြတယ်။ အရေးကြီးဆုံး မြေအောက်ကလပ်စည်းအစုအဖွဲ့တွေကို နက်နက်ရှိုင်းရှိုင်း အကောင်အထည်မဖော်နိုင်တော့ဘူး။ မြေပေါ်လိုင်းအိုဂျီမှာပဲ အားလုံးစုပုံကုန်တယ်။ ဒီအထဲမှာလဲ ကိုးဆယ်ရာခိုင်နှုန်းလောက်က ပြည်ပအခြေစိုက်ပြီး ဆယ့်နှစ်လရာသီ မရိုးနိုင်သောပွဲများဖြစ်တဲ့ လွတ်လပ်ရေးပွဲ၊ တော်လှန်ရေးနေ့ဆန္ဒပြပွဲ၊ သင်္ကြန်ပွဲ၊ ဒေါ်စုမွေးနေ့ပွဲ၊ ရှစ်လေးလုံးဆန္ဒပြပွဲ၊ စက်တင်ဘာ အာဏာသိမ်းနှစ်ပတ်လည်ပွဲ၊ ဒီဇင်ဘာလူ့အခွင့်အရေးနဲ့ ဆန္ဒပြပွဲတွေလုပ်နေတာနဲ့ပဲ အလုပ်ရှုပ်နေကြတယ်။ အစည်းအဝေးတွေမှာလဲ နိုင်ငံရေးလမ်းစဉ်တရပ်ကို ချပြကြ၊ ဆွေးနွေးကြ၊ တော်လှန်ရေးအရှိန်မြင့်လာအောင် ဘယ်လိုလုပ်မလဲ အဖြေရှာကြတာမဟုတ်ပဲ ဘယ်ပွဲမှာ ဘယ်သူကအခမ်းအနားမှူးလုပ်မယ်။ စကားတက်ပြောမယ်။ ထုတ်ပြန်ကြေညာချက်တွေ ထုတ်မယ်ဆိုတာတွေနဲ့ပဲ ပြီးသွားကြတာများတယ်။ ဒီထုတ်ပြန်ကြေညာချက်တွေဆိုတာကလဲ ဟိုအဖွဲ့အစည်းကထုတ်လိုက်၊ ဒီအဖွဲ့အစည်းကထုတ်လိုက်နဲ့ ပြန်ခြုံကြည့်ရင်လဲ ဒါတွေပါပဲ။ တနှစ်လဲဒါပဲ။ နောက်တနှစ်လဲ ဒါပဲ၊ template သဘောထားပြီး ရက်စွဲလေးတွေပြောင်းတာပဲရှိတယ်။ ဒါတွေလုပ်ဖို့ ပေးဆပ်လိုက်ရတဲ့အချိန်တွေ၊ အင်အားတွေနေရာမှာ တခြားပိုမိုထိရောက်တဲ့ လုပ်ရပ်တွေဖြစ်ဖြစ်၊ မြန်မာပြည်အနာဂတ်အတွက် ကြိုတင်ပြင်ဆင်မှုတွေဖြစ်ဖြစ်လုပ်ရင် အင်အားပြုန်းတီးမှုဖြစ်နေတာတွေ လျော့သွားမလားပဲ။ ဒီကြားထဲ မညီညွတ်မှုတွေနဲ့ ဆန္ဒပြပွဲကိုတောင် ဟိုတဖွဲ့က တနာရီ၊ ဒီတဖွဲ့က နှစ်နာရီလို့လုပ်နေကြတာ သေချာတွေးကြည့်ရင် ရှက်ဖို့အလွန်ကောင်းတဲ့ကိစ္စ။ မြန်မာ့အကြောင်းကို ကမ္ဘာလှည့် ဖော်ကျူးပြနေကြသလိုပဲ။

တပ်ပေါင်းစုတခုသာရှိရင် Pubic Relati-ons ဌာနအနေနဲ့ ထုတ်ပြန်ကြေညာချက်တခုကိုပဲ ခေါင်းစည်းတခုနဲ့ထုတ်လိုက်၊ လုပ်ငန်းဖော်ဆောင်ရေးဌာနအနေနဲ့ သက်ဆိုင်ရာနိုင်ငံကိုယ်စီမှာ ပွဲတွေကျင်းပလိုက် လုပ်လိုက်တာနဲ့တင် အခုလူတသောင်းလောက်

တဖက်စာမျက်နှာ (၉) သို့....

> "အရေးကြီးဆုံး မြေအောက်ကလပ် စည်းအစုအဖွဲ့တွေကို နက်နက်ရှိုင်းရှိုင်း အကောင်အထည်မဖော်နိုင်တော့ဘူး။ မြေပေါ်လိုင်း အိုဂျီမှာပဲ အားလုံးစုပုံကုန်တယ်။ ဒီအထဲမှာလဲ ကိုးဆယ်ရာခိုင်နှုန်းလောက်က ပြည်ပအခြေစိုက်ပြီး ဆယ့်နှစ်လရာသီ မရိုးနိုင်သောပွဲများဖြစ်တဲ့ လွတ်လပ်ရေးပွဲ၊ တော်လှန်ရေးနေ့ဆန္ဒပြပွဲ၊ သင်္ကြန်ပွဲ၊ ဒေါ်စုမွေးနေ့ပွဲ၊ ရှစ်လေးလုံးဆန္ဒပြပွဲ၊ စက်တင်ဘာ အာဏာသိမ်းနှစ်ပတ်လည်ပွဲ၊ ဒီဇင်ဘာလူ့အခွင့်အရေးနဲ့ ဆန္ဒပြပွဲတွေလုပ်နေတာနဲ့ပဲ အလုပ်ရှုပ်နေ ကြတယ်။

စာမျက်နှာ (၈) မှ အဆက် ...

လုပ်နေတဲ့အလုပ်တွေက လူတရာလောက် လုပ်တာနဲ့တင် ပြီးကိုပြီးတယ်။ သက်ဆိုင်ရာနိုင်ငံကအကြီးအကဲတွေ နေရာကလဲ စဉ်းစားကြည့်ပါ။ အစောင်စောင်တက်လာနေတဲ့ ထုတ်ပြန်ချက်တွေကို တကယ်ရော ဖွင့်ဖတ်ကြပါ့မလားလို့ တွေးကြည့်ကြပါ။ ပြောမကောင်းလို့သာ မပြောကြတာ။ မြန်မာတွေ ဘယ်လိုဖြစ်နေလဲဆိုတာ သူတို့က သိမှ,သိဖြစ်နေပြီ။

နောက်တခုက ပရိုပိုဆာကိစ္စ။ နိုင်ငံရေးတင်မဟုတ်ဘူး။ လူသားချင်းစာနာမှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်တဲ့အဖွဲ့တွေမှာတောင် leaking bucket ဆိုတဲ့ သဘောတရားရှိတယ်။ အတိုဆိုရရင်တော့ ပေးတဲ့သူတွေဆီကနေ လက်ခံသူတွေဆီမရောက်ခင်ကြားမှာ အထွေထွေကုန်ကျစရိတ်တွေပေ့ါ။ ဒီအထဲမှာ ဝန်ထမ်းစရိတ်က အကြီးဆုံး။ ဒါကြောင့်လဲ တချို့လုပ်ငန်းကြီးတွေမှာ downsizing လုပ်လာကြတာပါ။ ပြီးတော့ လုပ်မယ့်အလုပ်ကို ထိရောက်မှုဖြစ်ဖို့ရာမှာလဲ အလုပ်ခွဲဝေမှုဆိုတာရှိရတယ်။ ဘက်ပေါင်းစုံမှာ လုပ်ကြရမယ်။ အခုကျမတို့တွေက ပရိုပိုဆာတင်ပြီး ကျလာရင် လုပ်ကြတာတွေက ဟိုအဖွဲ့ကလဲ ဒါပဲ။ ဒီအဖွဲ့ကလဲဒါပဲ။ Project planning ဌာနတခုထားပြီး လိုအပ်တဲ့ကဏ္ဍတွေကို ခွဲဝေချပေးမှုလုပ်လိုက်ရင် တဖွဲ့က civil society အတွက်လုပ်၊ တဖွဲ့က ဒီမိုကရေစီပညာပေးရေးလုပ်၊ တဖွဲ့က ကင်ပိန်းလုပ်၊ တဖွဲ့က မှတ်တမ်းပြုစုရေးလုပ်နဲ့ ပိုပြီးနေရာမကျနိုင်ဘူးလား။ overlapping ဖြစ်တဲ့ ဧရိယာတွေကို လျှော့ချနိုင်တာပေ့ါ။ နောက်ပြီး ခရီးသွားကုန်ကျစရိတ်တွေ။ ဒါလုပ်ဖို့ကိုပဲ ဟိုအဖွဲ့ကအဲဒီနေရာတခါသွား၊ ဒီအဖွဲ့က တခါထပ်သွားနဲ့။ ဟိုလူက တခါသွား၊ ဒီလူက တခါသွားနဲ့။ သူ့နေရာနဲ့သူ ဒေသဆိုင်ရာ in-charge တွေထားလိုက်ရင် အဆင်မပြေဘူးလား။ အဲလိုဆိုရင်လဲ ကုလားထိုင်လုနေကြမှာပေ့ါ။ ကိုယ့်မြန်မာအကြောင်းမသိဘူးလားလို့တော့ ကျမကိုမပြောပါနဲ့။ ဒါတွေလုပ်နေလို့ အကျိုးမှမရှိတာ။ ကျဆုံးသွားတဲ့ ရဲဘော်တွေ၊ ထောင်ထဲကရဲဘော်တွေ မျက်နှာထောက်ပြီး ဒီလောက်တော့ သဘောထားကြီးသင့်တယ် ထင်တာပဲ။ ဒီလိုပဲ ဟိုတမျိုး၊ ဒီတမျိုးနဲ့ ပွစာကျဲနေလို့ကတော့ ဘယ်လိုလုပ်ပြီး united force ကိုရမှာလဲ။ လူ့ဘီလူးကြီးကို ခြေထောက်သွားကုပ်လိုက်၊ လက်သွားပုတ်လိုက်၊ ကလိသွားထိုးလိုက် ပုံစံမျိုးဖြစ်နေမှာပေ့ါ။ အားလုံးက အားနဲ့မာန်နဲ့ တပြိုင်တည်းတွန်းလှဲပြီး တက်ဖိသတ်မှ ရမှာကိုး။

ကဲ .... ဒါတွေကထားပါတော့။ မြန်မာပြည်မတိုးတက်လို့ ကျမတို့တွေ ယူကြုံးမရ စိတ်ဆိုးနေကြရတာ မဟုတ်လား။ ဒီတော့ စစ်အာဏာရှင်ပြုတ်ကျပြီး ဒီမိုကရေစီစနစ် အကောင်အထည်ဖော်တဲ့အခါ မြန်မာပြည်တိုးတက်အောင်လုပ်ဖို့ကိုကော ကျမတို့ ဘာတွေပြင်ဆင်ထားပြီးပြီလဲ။ ဒီမိုကရေစီဆိုတာက ဦးဖွ – တိုင်းပြည်တိုးတက်စေသတည်း လုပ်ပေးနိုင်တဲ့ မန္တန်မဟုတ်ဘူးနော်။ ဒီမိုကရေစီစနစ်ဆိုတာနဲ့ ချက်ချင်း ဂျီဒီပီတက်လာမှာ မဟုတ်ဘူး။ မီးမလင်းတဲ့တိုင်းပြည် ချက်ချင်း မီးလင်းလာမှာမဟုတ်ဘူး။ တဲထဲကလူတွေ ချက်ချင်းလက်ငင်း တိုက်ပေါ်ရောက်သွားမှာ မဟုတ်ဘူး။ ဒါတွေဖြစ်ဖို့ နှစ်ပေါင်းများစွာ တိုင်းပြည်ကိုတည်ဆောက်ကြရမယ်။ ဒါပေမယ့် ဒီမိုကရေစီစနစ်ရှိနေခြင်းအားဖြင့် အာဏာဟာ ပြည်သူရဲ့လက်ထဲမှာရှိတယ်။ တိုင်းပြည်တိုးတက်ရေး မလုပ်ပေးနိုင်တဲ့အစိုးရ၊ လူတဦးချင်းစီရဲ့ဂုဏ်သိက္ခာကို မလေးစားတဲ့အစိုးရမျိုးကို ပြည်သူကဖြုတ်ချပိုင်ခွင့်ရှိတယ်။ ဒီတော့ လူတွေဟာ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးပိုင်ခွင့်ရှိတယ်။ ဒီတော့ သူများတွေ တိုင်းပြည်အုပ်ချုပ်တာမကောင်းတဲ့အကြောင်းတွေကို မြိန်ရေယှက်ရေ ထိုင်ပြောထိုင်ဆဲနေကြတဲ့ ကျမတို့ ဒီမိုသမားတွေ၊ ကိုယ်ယုံကြည်တဲ့ ဒီမိုစနစ်ဖော်ဆောင်ရင်းနဲ့ တိုင်းပြည်တိုးတက်အောင်မလုပ်နိုင်လို့ Democratic consolidation မဖြစ်ပဲ reverse democratization ဖြစ်သွားလို့ကတော့ ကျမတို့ ကြိုးဆွဲချသတ်သေဖို့ပဲ ကောင်းလိမ့်မယ်။ လူဆိုတာ ကိုယ်လုပ်ခဲ့တဲ့အလုပ်ကို တာဝန်ခံရမယ်။ တာဝန်ယူရမယ်လေ။ ဒီတော့ ကျမတို့တွေ ပွဲကြိုက်မောင်၊ ပွဲကြိုက်မယ်တွေဖြစ်နေတာ တင်မဟုတ်ပဲ တလှမ်းတိုးပြီး စနစ်တကျ ကြိုတင်ပြင်ဆင်ကြဖို့ကော မလိုအပ်ဘူးလား။

နိုင်ငံတိုင်း၊ နိုင်ငံတိုင်းရဲ့ ဝန်ကြီးအဖွဲ့တွေမှာ၊ အစိုးရဌာနဆိုင်ရာတွေမှာ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်သူတွေကို ပေါ်လစီတွေရေးဆွဲဖို့၊ သုံးသပ်ဖို့ ထောင်နဲ့ချီ၊ သောင်းနဲ့ချီပြီး ခန့်ထားကြတာ။ အမေရိကန်နိုင်ငံမှာဆို ပေါ်လစီမပြောနဲ့။ တခြားနိုင်ငံအစိုးရအဖွဲ့ဝင်တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ ပြောဆိုပုံ၊ လုပ်ကိုင်ပုံ၊ ဆုံးဖြတ်ချက်ချပုံတွေကိုပါ အသေးစိတ်လေ့လာတဲ့ ပညာရှင်တွေ စီအိုင်အေမှာခန့်ထားတာ။ ဒီတော့မှလဲ သံတမန်ရေးရာဆက်ဆံမှုတွေမှာ ဆောင်ရန်၊ ရှောင်ရန်တွေကို ဆုံးဖြတ်နိုင်တာပေ့ါ။ ဒါတွေရှိဖို့နေနေသာသာ။ နိုင်ငံတနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရမ်းကို အရေးကြီးတဲ့နေရာတွေအတွက်ကိုတောင် ကျွမ်းကျင်အောင်လေ့လာထားသူတွေ ကျမတို့ ဘယ်လောက်ရှိနေလို့လဲ။ အများစုက ပြောလိုက်ရင် ဒေါ်စုကိုပဲ လက်ညှိုးထိုးနေကြတယ်။ အစိုးရအဖွဲ့ဆိုတာ တယောက်တည်းတတ်နေ၊ သိနေလို့ရတာမဟုတ်ဘူး။ ပြီးတော့ အဲဒီအချိန်မှာတက်လာမယ့် အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေနဲ့တင် ပြီးသွားတာမဟုတ်ဘူး။ ဒီကိစ္စမျိုးတွေကို တယောက်တည်းလုပ်ရတာ မဟုတ်ဘူး။ Think Tank တွေ အများကြီးလိုအပ်တယ်။

ပေါ်လစီရေးရာကျမကပြောတော့ တယောက်ကပြောဘူးတယ်။ ခင်ဗျားက ဝန်ကြီးရူး,ရူးနေတာလားတဲ့။ ဒီကိစ္စ တက်လာတဲ့ ပါတီကပဲပြောရမှာ။ ခင်ဗျားပြောစရာ မလိုဘူးတဲ့။ ဒီစကားမျိုးကိုသာကြားရင် အခုယူကေက Government Economic Department မှာ economic analyst awG/ senior economic adviser တွေလုပ်နေကြတဲ့ ကျမသူငယ်ချင်းတွေ၊ ဆရာမတွေ သတ်များသေသွားကြမလားပဲ။ ဒီမိုကရေစီရရှိရေးဆိုတဲ့စကားလုံးရယ်၊ နအဖလူသတ်တယ်၊ နအဖမကောင်းဘူးဆိုတဲ့စကားတွေရယ်တင်မကပဲ ဒီမိုကရေစီစနစ်ကို တကယ်အကောင်အထည်ဖော်ချင်သူတွေအနေနဲ့ လက်ရှိဒီမိုကရေစီနိုင်ငံတွေရဲ့အစိုးရယန္တရားတွေ ဘယ်လိုလည်ပတ်နေလဲဆိုတာကို ကြိုတင်မလေ့လာထားသင့်ကြဘူးလား။ ဘယ်လိုအခြေအနေမျိုးမှာ ဘယ်လိုပေါ်လစီတွေချလိုက်တယ်၊ ဘယ်ပေါ်လစီတွေက ဘယ်လိုအခါမျိုးမှာ failure ဖြစ်တတ်တယ်ဆိုတာတွေကို ကြိုတင်သိထားခြင်းဟာ အနာဂတ်ဒီမိုကရေစီနိုင်ငံအတွက် အကျိုးဖြစ်ထွန်းနိုင်တယ် မဟုတ်ဘူးလား။

> “ နိုင်ငံတနိုင်ငံ ဖွံ့ဖြိုးတိုး
> တက်မှုအ တွက်
> အရမ်းကို
> အရေးကြီးတဲ့နေရာတွေ
> အတွက်ကိုတောင်
> ကျွမ်းကျင်အောင်
> လေ့လာ ထားသူတွေ
> ကျမ တို့
> ဘယ်လောက်ရှိနေလို့လဲ။
> အများစုက
> ပြောလိုက်ရင် ဒေါ်စုကိုပဲ
> လက်ညှိုးထိုးနေကြတယ်။
> အစိုးရအဖွဲ့ဆိုတာ
> တယောက်တည်း
> တတ်နေ၊
> သိနေလို့ရတာမဟုတ်ဘူး။
> ပြီး တော့ အဲဒီအချိန်မှာ
> တက်လာမယ့် အစိုးရ
> အဖွဲ့ဝင်
> ဝန်ကြီးတွေနဲ့တင်
> ပြီးသွားတာမ ဟုတ်ဘူး။
> ဒီကိစ္စမျိုးတွေကို
> တယောက်တည်း
> လုပ်ရတာ မဟုတ်ဘူး ...။




ကျမတို့မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်တယ်။ ဒီလိုနိုင်ငံမျိုးအတွက် Land Reform လုပ်သင့်မလုပ်သင့်၊ Agricultural Exports တွေကို enlarge လုပ်နိုင်မယ့် နည်းလမ်းတွေ၊ Agriculture Price Policy တွေကို ကျမတို့တွေ ကြိုတင်လေ့လာမထားသင့်ဘူးလား။ တခါ စက်မှုလယ်ယာကို စနစ်တကျပြောင်းတဲ့အခါ Rural to Urban migra-tion ဖြစ်မယ်။ ဒီအတွက် industrialization ဖြစ်နေဖို့လိုမယ်။ ဒီတော့ Industrialization via import substitution လုပ်သင့်မလုပ်သင့်ဆိုတာကိုကော ကျမတို့တွေ မဆွေးနွေးသင့်ကြဘူးလား။

ကဲ .... ကျမတို့တွေက နအဖစစ်အသုံးစရိတ်ကြီးတာကိုပဲ ထိုင်ပြောနေကြတယ်။ ဒီမိုကရေစီနိုင်ငံကျရင် အခုတပ်မှာရှိနေတဲ့ manpower ကို civilian production တက်လာအောင် ဘယ်လို conversion လုပ်မလဲ။ ဘယ်လို Retooling လုပ်မလဲဆိုတာ ကြိုလေ့လာထားတာ မကောင်းဘူးလား။ တခါ ကာကွယ်ရေးအသုံးစရိတ်လျှော့မယ်ဆိုရင် ဘယ်ကဏ္ဍတွေမှာ ပိုတိုးမလဲ၊ ပိုလျှော့မလဲ စသည်ဖြင့် public expenditure policy တွေကို နိုင်ငံတခုချင်းစီအလိုက် နှိုင်းယှဉ်သိနေသူတွေရှိနေရင် မကောင်းဘူးလား။ Domestic resources တွေကို ဘယ်လို mobilize လုပ်ကြမလဲ။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဖြစ်အောင် ရေရှည်၊ ရေတိုစီမံကိန်းတွေ ဘယ်လိုချသင့်ကြသလဲဆိုပြီးစဉ်းစားတာကလည်း နအဖတွေ ခိုးနေကြတာပဲ။ ပညာရေးလဲစုတ်ပြတ်နေပြီဆိုပြီး ထိုင်ပြောနေတာထက် ပိုအကျိုးရှိတယ်။ နိုင်ငံတကာမှာ ဘာတွေဖြစ်ခဲ့ကြသလဲ။ ဘယ်လိုလုပ်ခဲ့ကြသလဲသိမှ ကောင်းတဲ့နမူနာတွေသုံးနိုင်တော့မှာပေ့ါ။

ဒီလိုပဲ foreign resources တွေကို ဘယ်လို mobilize လုပ်မလဲ။ International trade မှာ အာဆီယံနဲ့ ကုန်သွယ်မှုဆိုင်ရာတွေ၊ တရုတ်၊ အိန္ဒိယတို့နဲ့ ကစားရမယ့် trade game ဆိုင်တာတွေကို ကြိုပြီးလေ့လာထားရင်ရော အာဆီယံက နအဖကိုကူညီနေတယ်။ တရုတ်က ကူညီနေတယ်။ သူတို့ကို မကူညီအောင် ကင်ပိန်းလုပ်ရမယ်ပြောနေတာထက် ပိုအကျိုးရှိပါလိမ့်မယ်။ သူတို့က lobby လုပ်လို့ကတော့ နောင်မျိုးဆက်ခြောက်ဆယ်လောက်အထိ ထူးမခြားနားပါပဲ။ မယုံရင် ပုံပြင်မှတ်ပါတော့။ စမ်းချင်ရင်လဲ ဆက်သာစမ်းကြပါ။ လုပ်နေသူများကို ဝေဖန်လိုခြင်း အလျဉ်းမရှိပါကြောင်း။ ဒီမိုသမားပီသစွာ လွတ်လပ်စွာပြောဆိုနိုင်သော အခွင့်အရေးကိုသာ အသုံးချခြင်းဖြစ်ပါတယ်။

ပြီးတော့ တခါ အာဏာရှင်နိုင်ငံကနေ ဒီမိုနိုင်ငံပြောင်းထားတဲ့နိုင်ငံတိုင်းမှာ civil-military relationship ကို ပုံမှန်ပြန်ဖြစ်အောင် အတော်ပဲ လုပ်ယူကြိုးစားကြရပါတယ်။ ဒီအတွက်လဲ တတ်သိနားလည်သူ များစွာလိုအပ်ပါတယ်။ နိုင်ငံတခုရဲ့ ဖွဲ့စည်းပုံရေးရာတွေနဲ့ပတ်သက်လို့ရော ကျမတို့ဒီမိုတွေ Administrative law ကို စပယ်ရှယ်လစ် ဘယ်သူတွေ လုပ်ထားကြပါသလဲ။ ကျမတို့ အကြိမ်ပေါင်းများစွာရေရွတ်နေတဲ့ လူ့အခွင့်အရေးနဲ့ဆိုင်ရာတွေမှာကော ပညာရှင်တွေ လက်ချိုးရေတွက်လို့တောင် ရပါသေးရဲ့လား။

တခြားနယ်ပယ်တွေကလဲ အများကြီးပဲ။ ဆက်ပြောနေရင် ဒီပိုစ့်ကပြီးမှာမဟုတ်ပါ။ ခင်ဗျားက စာအုပ်ကြီးပဲ။ စာအုပ်တွေပဲ အားကိုးမနေနဲ့။ စာအုပ်နဲ့ လက်တွေ့မတူတာ အများကြီးလို့ ပြောချင်လဲပြောပါ။ အမှန်ပါပဲ။ ဒါပေမယ့် ဒီသီအိုရီတွေကို လက်တွေ့မှာ apply လုပ်ရတဲ့ နယ်ပယ်တွေအများကြီးပါ။ အထူးသဖြင့် စီးပွားရေးနဲ့ လူမှုရေးပေါ်လစီတွေမှာပါ။ enviorment policy, regional and urban policy, income distribution policy, ta»ation policy, public expenditure policy, monetary policy, fiscal policy, macroeconomic reform, competition policy, microeconomic reform စတာတွေမှာ အခြေခံသီအိုရီမပါပဲ ပြောချင်ရာပြောပြီး လုပ်ချင်ရာလုပ်ကြည့်ကြပါလားကွယ်ရို့။ အခုမြန်မာပြည်မှာ လက်တွေ့ဖြစ်နေတာတွေက သက်သေပဲမဟုတ်လား။ ယူကေက Government Economic Department တို့၊ Government Actuary Department တို့မှာ အနည်းဆုံး မဟာဘွဲ့ရထားသူတွေမှ အလုပ်လျှောက်လို့ရတာ အလကားသတ်မှတ်ထားတာ ဟုတ်နိုင်ပါ့မလား။

မြန်မာပြည်ထဲမှာ ပညာရှင်တွေမရှိဘူးလို့ မဆိုချင်ပါ။ သို့ပေမယ့် အသိပညာရှင်တွေထက်စာရင် အတတ်ပညာရှင်တွေဖြစ်တဲ့ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပြူတာပညာရှင်များက ပိုများနေပါတယ်။ ပြည်ပမှာ ပညာနဲ့အသက်မွေးသူများမှာလဲ သူတို့တွေပဲ များပါတယ်။ မြန်မာပြည်မှာကတော့ ပညာရေးအဆင့်အတန်းကို နှိမ့်ချထားလို့ ထားပါတော့။ ပြည်ပရောက်နေပြီဆိုလျှင်တော့ အတတ်ပညာရှင်များသာမက မြန်မာအသိပညာရှင်များလဲ အင်နှင့်အားနှင့် ပေါ်ထွန်းသင့်ကြပြီ။ သက်ဆိုင်ရာနယ်ပယ်တခုချင်းဆီမှာ ကျွမ်းကျင်သူအုပ်စုများလည်း ခိုင်ခိုင်မာမာရှိသင့်ကြပြီ။ မြန်မာ့အရေးကျွမ်းကျင်သူဆိုတာနှင့် ရှိသမျှနယ်ပယ်အားလုံး ကျွမ်းကျင်သည်ဟု မည်သူမျှမဆိုနိုင်။ မည်သည့်တက္ကသိုလ်ဝက်ဆိုဒ်ကိုမဆို ဖွင့်ကြည့်ပါ။ ပါမောက္ခအမည်များ ရှာကြည့်ပါ။ ဘေးမှာ Research Interests ဆိုတာ အမြဲပါပါတယ်။ သူစိတ်ဝင်စားသော၊ ကျွမ်းကျင်သော နယ်ပယ်များသာ ကိုယ်စီသီးသန့်ရှိကြပါတယ်။ ဘယ်သူမှ ရှိသမျှနေရာစုံမကျွမ်းကျင်နိုင်။ ပညာရပ်တခုတည်းမှာပဲ ကိုယ်သုတေသနလုပ်နေသောနယ်ပယ်ကိုသာ ကျွမ်းကျင်ကြတာပါ။ ဘွဲ့ဆိုတာက ပညာရပ်ဆိုင်ရာကို ယေဘုယျသိခြင်းသာဖြစ်ပြီး၊ မဟာဘွဲ့ဆိုတာက အနည်းငယ်ပိုသိလာခြင်းပါ။ ပါရဂူဘွဲ့ဆိုတာကျတော့ ပညာရပ်ဆိုင်ရာပင်လယ်ထဲက ရေအိုင်ငယ်တခုအကြောင်းကို အသေးစိတ်လေ့လာမိခြင်းသာရယ်ပါ။ တကယ်သိဖို့ရန်မှာလည်း ဘဝတလျှောက်လုံး ဆက်လက်လေ့လာကြရတာ။ လုပ်ငန်းခွင်ထဲဝင်တာဆိုရင်လည်း ကိုယ်လုပ်ရတဲ့အတွေ့အကြုံများအပေါ် အခြေခံပြီးမှသာ ကျွမ်းကျင်မှုဆိုတာ ဖြစ်လာနိုင်တာပါ။ နိုင်ငံသားဆိုင်ရာ ကန့်သတ်ချက်များကြောင့် အစိုးရအဖွဲ့များအတွင်းသို့ ဝင်ရောက်မလုပ်ကိုင်နိုင်လျှင်ထား၊ Knowledge တော့ရှိရပါမယ်။ ပြည်ပရောက်ဝန်ကြီးများကလည်း Human Resources Development အတွက် ပါလီမန်များ၊ သက်ဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်ဌာနများတွင် Internship များ

စာမျက်နှာ (၁၀) ကော်လံ (၁) သို့...

**စာမျက်နှာ (၁၀)**
**ခင်မမမျိုးဆောင်းပါးမှ ..**

လုပ်နိုင်ဖို့ တရားဝင်တောင်းဆိုမှုများ လုပ်သင့်ကြပါတယ်။ နိုင်ငံတော်လုံခြုံရေးတို့၊ အမျိုးသားထောက်လှမ်းရေးဌာနတို့မဟုတ်ရင်တော့ အခြားဌာနများအတွက် အကူအညီပေးကြပါလိမ့်မယ်။

မြန်မာများ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားသင့်သည်မြင်ပါတယ်။ တချို့က ပြောကြတယ်။ ခင်ဗျား ဘာမှပြောမနေနဲ့။ ဒီမိုကရေစီရရင် နိုင်ငံတကာကပညာရှင်တွေကို ငှားသုံးမှာပေါ့တဲ့။ မြတ်စွာဘုရား။ ဒီမိုကရေစီရလိုက်တာနဲ့ပဲ နိုင်ငံရဲ့သုံးစွဲနိုင်စွမ်းအားတွေ မိုးပေါ်ကကျလာမှာမို့လား။ နိုင်ငံတကာက ချေးငွေတွေယူရဦးမှာ။ တသိန်းလောက်ချေးပြီး ရှစ်သောင်းလောက်ကို ပြည်ပပညာရှင်တွေငှားရမ်းသုံးဖို့များ သုံးကြတော့မလို့လား။ ကိုယ့်ဘာသာကိုယ်နဲ့ပဲ ယှဉ်ပြီးတွေးကြည့်ကြပါ။ မြန်မာဖြစ်တဲ့ ကိုယ်တိုင်တောင် ရနေတဲ့ တလ ဒေါ်လာခြောက်ထောင်လောက်ကိုစွန့်ပြီး ဒီမိုကရေစီမြန်မာနိုင်ငံသစ်မှာ တလသုံးရာလောက်နဲ့ သွားလုပ်နိုင်ပါ့မလားဆိုတာ။ သူ့ကိုငှားရင်တော့ ပေးတန်သလောက်ပေးရတော့မှာပေါ့။ ဆင်ဖိုးထက် ချွန်းဖိုးကြီးနေရင် မခက်ပါပကောလား။

တချို့ကျတော့ တမျိုး။ ကမ္ဘာ့ဘဏ်တို့၊ အိုင်အမ်အက်ဖ်တို့ဆီမှာ ပေါ်လစီတွေ ပက်ကက်လိုက်ပါလာမှာပဲ။ သူတို့ဝင်လာတာနဲ့ အားလုံးပြီးရောတဲ့။ အမလေး။ လွယ်လိုက်ကြတာ။ သူတို့ဆီက ပရောဂျက်တွေချပေးဖို့ ပရောဂျက်စီမံချက်တွေ တင်ရပါတယ်ရှင့်။ အချိန်နဲ့အညီလဲ ပေါ်လစီဆန်းစစ်ချက်တွေ တင်ရပါတယ်။ ဒါတွေက ကင်ပိန်းလေးလုပ်ဖို့ ပရိုပိုဆာလေးရေးတာတွေနဲ့တင် မရဘူးရှင့်။ ကဲ .... project planning လုပ်ဖို့၊ forecasting လုပ်ဖို့၊ Development policy analysis လုပ်ဖို့ အခြေခံကျတဲ့ econometrics ပိုင်းမှာ လေ့ကျင့်သင်ကြားထားသူတွေ ဘယ်မှာလဲ။ modeling လုပ်ဖို့ actuary တွေ။ ပြီးတော့ ဒီပက်ကက်တွေနောက်မှာ political string တွေက အများကြီး။ လက်တင်အမေရိကတို့၊ အာဖရိကတို့မှာဖြစ်နေတဲ့ ဥပမာတွေကိုလည်း လေ့လာကြည့်ကြပါဦး။ World Social Forum တို့၊ European Social Forum တို့တွေကို နှစ်စဉ် လူသန်းပေါင်းများစွာ တက်ပြီး ဘာကြောင့်ကျင်းပနေကြသလဲဆိုတာကိုလဲ သွားကြည့်ကြပါဦး။ World Trade Organization နဲ့ပတ်သက်တဲ့ implic-ations တွေကိုလဲ လေ့လာကြည့်ကြပါဦး။ အားလုံးအထင်ဝိုင်းကြီးနေကြတဲ့ အမေရိကန်နိုင်ငံက မက်ဆီကိုနဲ့ ဘယ်လို trade game တွေ ကစားသွားသလဲဆိုတာလဲ လေ့လာကြပါဦး။ ဒီမိုကရေစီနိုင်ငံကြီးဖြစ်တဲ့ အိန္ဒိယနိုင်ငံကြီး ဘာကြောင့် poverty သံသရာက မထွက်နိုင်သေးတာလဲဆိုတဲ့အကြောင်းတွေကိုလဲ ရှာကြပါဦး။ ကိုယ့်နိုင်ငံရဲ့ကံကြမ္မာကိုများ ဒီလိုပဲ နိုင်ငံခြားသားတွေ ငှားသုံးပြီး၊ သူတို့လက်ထဲကိုပဲ ဝကွက်အပ်လိုက်ကြတော့မလို့လား။

ဒီတော့ တချို့ အချို့ကိစ္စများက ထိုင်ပြောနေရုံ၊ ဆဲနေရုံနဲ့ အကျိုးမထူးပါ။ သူ့ပထွေးတွေကို ကာကွယ်ပေးနေတယ်ဆိုပြီး မှတ်ချက်ထဲမှာ ကျမကိုထပ်ပြီး လာပြောမနေကြဖို့လဲ ကြိုတင်တောင်းပန်ပါတယ်။ ပြောနေတာကို ဂရုစိုက်လို့တော့မဟုတ်ပါ။ ကျမအမေရဲ့ ကိုယ်ကျင့်တရားကို ကျမယုံကြည်တာမို့ ရယ်နေရုံပဲရှိတာပါ။ ကျမကို လာရမ်းနေလို့လဲ အကျိုးမရှိကြောင်းကိုသာ ပြောချင်တာပါ။ အခုအနှစ် နှစ်ဆယ်အတွင်းမှာ ဒါတွေလုပ်ရင်းပဲ အချိန်ကုန်ခဲ့ကြတယ်မဟုတ်လား။ နအဖဆဲလိုက်၊ ကိုယ့်အချင်းချင်းဆဲလိုက်၊ သူဘာကောင်လဲ — ငါဘာကောင်လဲ ပြောလိုက်၊ သုံးယောက်လောက်ရှိရင် တဖွဲ့ခွဲထောင်လိုက်၊ ကုလားထိုင်လုလိုက်၊ အချင်းချင်းတွေ့ရင် သူကဘာလုပ်ခဲ့တာ။ ငါကဘယ်လောက်ပေးဆပ်ခဲ့ရတာပြောလိုက်၊ နောက်ကွယ်ကနေ ဟိုလူမကောင်းဘူး၊ ဒီလူမကောင်းဘူးဆိုပြီး အတင်းအုပ်လိုက်၊ ပွဲတွေလုပ်လိုက်၊ တို့အရေးသွားလုပ်လိုက်၊ ကြုံရာကျပန်းအလုပ်လုပ်လိုက်၊ စုဖွဲ့ပြီး စားလိုက်၊ သောက်လိုက်၊ ငြင်းခုန်လိုက်၊ ပွဲလန့်ရင် ခဏဖျာခင်းလိုက်၊ ပရိုပိုဆာလေးတင်လိုက်၊ တစိုက်မတ်မတ်လမ်းစဉ်မချပဲ ဟိုခုန်လိုက်၊ ဒီကူးလိုက်နှင့် အချိန်ကုန်ခဲ့ကြတာက အများအပြား။ တက္ကသိုလ်တခုထဲမှာ ကွန်ဖရင့်လို့ အကြီးအကျယ်ခေါင်းစဉ်တပ်ပြီးလာသူများကို ကော်မတီ in - charge ရွေးခိုင်းရင်း တနေ့လယ်လုံးကုန်သွားသည်လည်း ကြုံဖူးပါရဲ့။ ဖိုရမ်လို့ခေါင်းစဉ်တပ်ဆွေးနွေးကြပြီး ချမှတ်လိုက်သောလမ်းစဉ်များ နှစ်ပေါင်းများစွာကြာသည်အထိ ဘာမှဖြစ်လာတာမရှိသည်ကိုလည်း တွေ့ဖူးပါရဲ့။

လုပ်နေတဲ့ တိုက်ပွဲဝင်လမ်းကြောင်းမှာ ကလဲ ပေါ်လစ်ဗျူရိုမရှိ။ တယောက်တပေါက်။ တင်ချင်တဲ့လိုင်း ကောက်တင်နေကြတာပဲ တွေ့နေရပါတယ်။ အနာဂတ်အတွက်ကျတော့လဲ ဟိုနားတယောက်စ၊ ဒီနားတယောက်စမှလွဲ၍ ပညာရပ်ဆိုင်ရာနယ်ပယ်တိုင်းတွင် ဖွဲ့စည်းထားသောအုပ်စုများမရှိ။ ယူဂျီနည်းကိုကျပြန်တော့လည်း စနစ်တကျအကောင်အထည်ဖော်ခြင်းမရှိ။ သတင်းဦးပြောချင်ဇောနှင့် အပြိုင်အဆိုင် ကိုယ့်လူကိုယ်ပြန်သတ်နေကြတာမကောင်းပါ။ သူတို့က တကယ်တိုက်ပွဲဝင်နေရတာပါ။ စစ်မြေပြင်မှာပါ။ ကျမတို့က အဝေးကနေ လက်နက်ကြီးပစ်ကူပေးတာလောက်ပဲလုပ်နိုင်တာပါ။ ဒီဂရီအတွက်မှားပြီး အမြောက်ဆန်က ကိုယ့်တပ်ပေါ်ကိုယ့်ပြန်ကျတာမျိုးကတော့ မဖြစ်သင့်ပါ။ သတင်းဌာနအချို့ကလည်း တော်လှန်ရေးလို လျှို့ဝှက်သင့်တာလျှို့ဝှက်၊ ဖော်သင့်တာဖော်မလုပ်ကြပါ။ ဒီမိုကရေစီရပြီးသားနိုင်ငံများမှာကျင့်သုံးသည့် မီဒီယာပုံစံကို စစ်အာဏာရှင်စနစ်တွင်းတွင် ပိတ်မိနေသည့် ပြည်တွင်းလူများအတွက် သွားသုံးနေကြတာ တွေ့မြင်နေရပါတယ်။ စက်တင်ဘာတော်လှန်ရေးတုန်းက မစုစုနွေး အခုလည်းတန်းကိုသွားနေပြီဟု မီဒီယာတခုကကြေညာလိုက်ရတော့ အံ့သြလို့မဆုံး။ အဲဒီလို prominent leader မျိုးဆိုတာ ရုတ်တရက် ဘွားကနဲပေါ်သွားလိုက်သည်က ပိုမကောင်းဘူးလား။ အခုတော့ ဘာမှတောင် မစရသေး။ အသင့်လာစောင့်ကုန်တာနဲ့ ပြေးရပါရောလား။ ပြီးတော့ သတင်းပို့ သတင်းယူစနစ်။ အခုတောင် အပေါ်ထပ်က မြင်နေရပါတယ်လို့ တိုက်ရိုက်ပြောတာမျိုးက သတင်းဘယ်လောက်ခိုင်မာတယ်ဆိုတာသိသာပေမယ့် နအဖထောက်လှမ်းရေးတွေအတွက် လူရှာရတာ ပိုမလွယ်ကူသွားဘူးလား။ အနီးကပ်ဓာတ်ပုံတွေကို ရိုက်တင်ကြတာကကော ပြည်ပကလူတွေသိရတော့ ဘာအကျိုးပိုထူးသွားသလဲ။ သိရသလောက် စက်တင်ဘာတော်လှန်ရေးကြောင့်ဆိုပြီး ပြည်တွင်းမှာတိုက်ပွဲဝင်ဖို့ ပြန်ဝင်သွားတဲ့ ပြည်ပရောက်မြန်မာ ဘယ်သူမှမရှိပါ။ အလွန်ဆုံး သံရုံးရှေ့သွားတာလောက်ပဲ ရှိတာပါ။ သံရုံးရှေ့ကတော့ တယောက်သွားသွား၊ နှစ်ယောက်သွားသွား။ ဆန္ဒပြပွဲဖြစ်သည်ဆိုလျှင်ပြီးတာပဲ။ ဒီအတွက်နဲ့ ပြည်တွင်းက အဖိုးတန်တဲ့ ကိုယ့်ကလပ်စည်းကို စတေးလိုက်စရာတဲ့လား။ ပြည်တွင်းမှာ ပူးပေါင်းလာနိုင်ဖွယ်ရှိတဲ့ တပ်မတော်အရာရှိတွေကိုလဲ နာမည်တပ်ပြီးကို nominate လုပ်စရာတဲ့လား။ ခေါင်းပြူလာတဲ့လိပ် အထဲပြန်ဝင်သွားမှာပေါ့။ ဒီလိုကိစ္စမျိုးဆိုတာ ဖြစ်သွားပြီးမှ လူသိခံရတာ။ ဒါတောင် အောင်မြင်မှ။ မအောင်မြင်သေးလဲ ဆက်ပြီး အတွင်းစည်းမှာ ကလပ်စည်းမြှုပ်ပေးထားတာက ပိုမကောင်းဘူးလား။

ကျမကမြင်သည့်အမြင်ကို အမှန်အတိုင်း ပြောခြင်းပါ။ တကယ်တော့ ကျမတို့တွေ အားလုံးက တိုက်ပွဲဖြစ်ရာ စစ်မြေပြင်ကိုခွာပြီး ပါးစပ်သေနတ်ပစ်နေကြတယ်ဆိုတာ ကိုယ့်မသိစိတ်ထဲမှာ ကိုယ်သိနေကြပါတယ်။ အခွင့်အရေးသမားမဟုတ်ဘူး ဆိုရင်ပေါ့။ ဒါကို ဟန်ကိုယ့်ဖို့ ဟန်ရေးပြပြီး တချိန်က အောင်မြင်မှုအတိုင်းအတာရခဲ့တဲ့ ရှစ်လေးလုံးအိပ်မက်ထဲကနိုးမထွက်နိုင်ပဲ အထည်ကြီးပျက်တွေ ချမ်းသာခဲ့တဲ့အချိန်ကို ပြန်ပြောနေသလိုမျိုး တသသနဲ့ အထည်ကြီးပျက်နိုင်ငံရေးကို လုပ်နေကြတာပါ။ ပိုပြီးဖြစ်သင့်တာက ကျဆုံးသွားသူတွေကိုထောက်ထားပြီး၊ ဘယ်လိုအချိန်မှာ လမ်းစဉ်တွေချခဲ့သလဲ၊ ဘယ်လို triggering event တွေဖြစ်ခဲ့လဲ၊ လူထုစည်းရုံးရေးကို ဘယ်လိုလုပ်ခဲ့ကြလဲ၊ ဘာအမှားတွေ လုပ်ခဲ့ကြလဲဆိုတာတွေကို ပြန်လည်သုံးသပ်သင်ခန်းစာယူပြီး အောင်ပွဲကိုဦးတည်မယ့် ခြေလှမ်းတွေကိုသာ လှမ်းသင့်ကြတာပါ။ ဟန်ရေးပြဖို့ အချိန်လဲမဟုတ်သလို၊ ကိုယ့်ကိုကိုယ်လိမ်နေကြဖို့အချိန်လဲ မဟုတ်ကြတော့ပါ။ ဘာကြောင့်၊ ညာကြောင့် ဆင်ခြေတွေပေးနေရမယ့်အချိန်လဲ မဟုတ်ပါ။ စာမေးပွဲတွေနဲ့ ပတ်သက်ပြီး ကျမမြင်တဲ့အမြင်တခုကတော့ အောင်ခြင်း၊ ရှုံးခြင်းဟာ အကြောင်းမဟုတ်။ ကိုယ်တကယ် ကြိုးစားပြင်ဆင်လုပ်ကိုင်ခဲ့ခြင်းကသာ အကြောင်းဖြစ်တယ်လို့ပဲမြင်ပါတယ်။

ကဲ ....ကျမမေးပါဦးမယ်။ အခုအနှစ် နှစ်ဆယ်တော်လှန်ရေးခရီးတလျှောက်မှာ ကျမတို့တွေ လုပ်သင့်တာတွေ တကယ်လုပ်ခဲ့ကြပြီးပြီလား။ ပြင်ဆင်သင့်တာတွေ တကယ်ပြင်ဆင်ခဲ့ကြပြီးပြီလား။ ဒီလိုမေးလို့ ဒီလိုပြောလို့ ခင်ဗျားကဘာလဲ၊ ဘာကိစ္စ ဆရာလာလုပ်နေတာလဲဆိုရင်တော့လဲ အမှန်အတိုင်းပင်ဖြေပါမယ်။ ကျမလဲ ဘာမှမဟုတ်ပါ။ မြန်မာပြည်ကို တိုးတက်စေချင်တဲ့၊ မြန်မာ့တော်လှန်ရေးကို အောင်ပွဲရစေလိုတဲ့၊ မြန်မာပြည်မှာ ကျနေသောမျက်ရည်စက်တွေကို ခန်းခြောက်စေလိုတဲ့၊ ကျမမြန်မာပါဆိုတဲ့ စကားကို ကမ္ဘာမှာ ဂုဏ်ယူစွာလက်မထောင် ပြောချင်တဲ့ လူငယ်တဦးသာဖြစ်ပါကြောင်း။

ခင်မမမျိုး
(၂၀၊ ၆၊ ၂၀၀၈)
http://khinmamamyo.blogspot.com

## နိုင်ငံခြားသားခရီးသည်များ လာရောက်မှုနည်းပါးသည့်အတွက်
# မြန်မာ့ကျောက်မျက်ရတနာဈေးကွက်ကျဆင်း

ဩဂုတ်လ (၂၉) ရက်။

ယခုအခါတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်မှုနည်းပါးလာသဖြင့် မြန်မာ့ကျောက်မျက်ရတနာအရောင်းအဝယ်များလည်း ကျဆင်းလျက်ရှိကြောင်း ရန်ကုန်အခြေစိုက် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူများအသိုင်းအဝိုင်းမှ သိရှိရသည်။


ဝတ်ဆင်ရန်အသင့်ဖြစ်နေသည့် ရတနာတချို့

Sun & Moon ကျောက်မျက်ရတနာရောင်းဝယ်ရေးဆိုင်ပိုင်ရှင်က ယခုနှစ်တွင် ဧည့်သည်များလာရောက်မှုနည်းပါးလာပြီး ကျောက်မျက်ရတနာများအား နိုင်ငံခြားသားများကိုသာ အဓိကထားရောင်းချနေရသည့်အတွက် ခရီးသွားလုပ်ငန်းကျဆင်းလျှင် မိမိတို့၏စီးပွားရေးလည်း ကျသည့်သဘောရှိသည်ဟု ပြောပြခဲ့သည်။

ခရီးသွားလုပ်ငန်းများအဆိုအရ ၂၀၀၇ ခုနှစ် စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးနောက်ပိုင်းတွင် ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့လာရောက်မှုနည်းပါးလာခဲ့ပြီး၊ ကျောက်မျက်လုပ်ငန်းများမှာလည်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးသည့်နောက်တွင် အရောင်းအဝယ်ပါးကာ အခြေအနေအတော်ဆိုးရွားလာခဲ့သည်ဟု သိရသည်။

လွန်ခဲ့သည့် ဇူလိုင်လ (၂၂) ရက်နေ့က အမေရိကန်အထက်လွှတ်တော်မှ မြန်မာ့ကျောက်မျက်ရတနာတင်သွင်းမှုပိတ်ပင်သည့် ဥပဒေမူကြမ်းကို ကန့်ကွက်မဲမရှိပဲ တညီတညွတ်တည်းအတည်ပြုခဲ့ပြီး မြန်မာ့အဖိုးတန်ကျောက်စိမ်းနှင့် ပတ္တမြားများကို အမေရိကန်နိုင်ငံသို့ တိုက်ရိုက်ဖြစ်စေ၊ တခြားနိုင်ငံများမှတဆင့် သွယ်ဝိုက်၍ဖြစ်စေ တင်သွင်းခြင်းကို ပိတ်ပင်ခဲ့သည်။

ယခုကဲ့သို့ ကျောက်မျက်ရတနာများတင်သွင်းမှုကို ပိတ်ဆို့ထားသော်လည်း နအဖစစ်အစိုးရမှ နှစ်တနှစ်၏ နှစ်လည်ပိုင်းပြပွဲအဖြစ် ကျောက်မျက်ရတနာပြပွဲကို လာမည့်အောက်တိုဘာ (၄) ရက်နေ့မှ (၁၆) ရက်နေ့အထိ ရန်ကုန်မြို့ကမ္ဘာအေးလမ်းရှိ ကျောက်မျက်ရတနာပြတိုက်တွင် ပြုလုပ်ကျင်းပသွားမည်ဖြစ်သည်။ နိုင်ငံတကာရှိ မြန်မာသံရုံးအသီးသီးသို့လည်း အသိပေးဖိတ်စာများပို့ကာ ကျောက်မျက်ရတနာကုန်သည်များ၏ ကုမ္ပဏီများကို အကြောင်းကြားခိုင်းခဲ့ကြောင်းလည်းသိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲအားတနှစ်ပတ်လုံးတွင် (၃) ကြိမ်ကျင်းပလေ့ရှိပြီး ယခုကျင်းပပြုလုပ်မည့် နှစ်လည်ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲစသည်များပါဝင်ပြီး ကျောက်မျက်ရတနာထဲတွင် (နီလာ၊ ပတ္တမြား) များလည်း ပါဝင်ကာ ပြသမည်ဖြစ်ကြောင်းသိရသည်။

# ရန်ကုန်မြို့တွင် ဝတ်ကောင်းစားလှဖြင့် ပုံစံပြောင်းလဲတောင်းရမ်းသူများလာ

ဩဂုတ်လ (၂၈) ရက်။

စစ်အစိုးရအုပ်ချုပ်မှုအောက်တွင် အောက်ခြေလူထုလူတန်းစားတို့၏ တဖြည်းဖြည်းနိမ့်ဆင်းလာသည့် စီးပွားရေးအကျပ်အတည်းများကြောင့် ယခုအခါတွင် ရန်ကုန်မြို့ နေရာအတော်များများတွင် တောင်းရမ်းသူများ ပိုမိုများပြားလာကြောင်း ဒေသခံတို့၏ ပြောဆိုချက်များအရသိရှိရသည်။

ယခင်က ရန်ကုန်မြို့အပါအဝင် မြန်မာပြည်မြို့များတွင် တောင်းရမ်းစားသောက်သူများစွာရှိသော်လည်း ယခုအခါ စစ်အစိုးရမှ ယင်းတောင်းရမ်းစားသောက်သူများအား ဖမ်းဆီးအရေးယူမှုများရှိလာနေသည့်အတွက် သူတောင်းစားပုံစံမဟုတ်တော့ပဲ ဝတ်ကောင်းစားလှများဖြင့် ပုံစံပြောင်းလဲကာ တဦးခြင်း ချဉ်းကပ်တောင်းရမ်းမှုများရှိလာသည်ဟု သိရသည်။

ရန်ကုန်မြို့ခံတဦးက "အဲဒီလူတွေက သူတောင်းစားတွေလို နွမ်းနွမ်းဖတ်ဖတ်မဟုတ်ဘူး။ သပ်သပ်ရပ်ရပ်ဝတ်စားထားပြီး လက်ဖက်ရည်ဆိုင်တွေ၊ ကားဂိတ်တွေ၊ ဆိုင်တွေမှာ ကိုယ့်အနားကိုကပ်လာမယ်။ ပြီးရင် အိမ်ပြန်စရာမရှိလို့ ကားခလေးပေးပါဦး။ ရန်ကုန်တက်လာတာ ခါးပိုက်နှိုက်ခံရလို့၊ အလိမ်ခံရလို့။ ဒါကြောင့်နယ်ပြန်ဖို့ ခရီးစားရိတ်ပေးပါဦး။ အဲ့လိုနည်းတွေနဲ့ လိမ်လည်တောင်းစားသူတွေများလာတာ"ဟု ပြောပြခဲ့သည်။

အချို့မှာ နယ်ဘက်များမှ ရန်ကုန်သို့ လာရောက် ဆေးကုသကြောင်းနှင့် ဆရာဝန်ညွှန်ကြားသည့်ဆေးဖိုး မတတ်နိုင်သည့်အတွက် ဆေးဖိုးနည်းနည်းပေးရန် တောင်းဆိုတတ်ကြောင်း၊ တခါတလေ သင်္ကန်းဝတ်များဖြင့် နေအိမ်တိုက်ခန်းများအထိလာရောက်၍ စာသင်သားများဖြစ်သည့်အတွက် စာအုပ်ဖိုးများပေးလှူစေကြောင်း စသည်ဖြင့် တောင်းခံနေကြသည်ဟု ကိုယ်တွေ့ကြုံရသူတို့၏ ပြောဆိုချက်များအရသိရသည်။

လာရောက်တောင်းရမ်းသူများသည် အခြေမဲ့အနေမဲ့များမဟုတ်ဘဲ စီးပွားရေးကျဆင်းမှုကြောင့် ပုံစံမျိုးစုံဖြင့် ငွေရအောင်ကြံစည်လာခြင်းဖြစ်ကြောင်းနှင့် ယခုအခါတွင် ရန်ကုန်မြို့တွင် ရာဇဝတ်မှုများနှင့် ပြည့်တန်ဆာများလည်း ပိုမိုများပြားလာကြောင်း ရန်ကုန်မြို့ခံများက ပြောဆိုလျက်ရှိသည်။ ❖

(က)

ကျနော် ဦးချမ်းအေးအား ၁၉၇၉ ခုနှစ်တွင် လူချင်း စတင်တွေ့ဖူးခဲ့၏။ နှစ်ကြိမ်မျှသာ။ ၁၉၉၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအောင်နိုင်ရေး စည်းရုံးရေးခရီးစဉ်များအတွင်းဖြစ်သည်။ ထိုစဉ်က သူသည် အဲန်အယ်လ်ဒီ၏ ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်တဦးဖြစ်ပြီး၊ မွန်ပြည်နယ် ပြည်နယ်စည်းရုံးရေးတာဝန်ခံလည်းဖြစ်သည်။ ကျနော်က မွန်ပြည်နယ်အတွင်းရှိ မြို့နယ်လေးတခုမှ လူငယ်အဖွဲ့ဝင်တဦး။ သူနှင့်ကျနော်တို့ မြို့နယ်လေးအတွင်းရှိ ကျေးရွာများသို့ စက်ဘီးများနှင့်သွား၍ လူထုနှင့်တွေ့ကြ၏။ ရွေးကောက်ပွဲအောင်နိုင်ရေးတရားများ၊ ဒီမိုကရေစီတရားများဟောကြ၏။ လူထုမှမေးသမျှအားလည်း ဖြေကြ၏။ ဦးချမ်းအေးက အဖြေကောင်းသူဖြစ်၏။

ဦးချမ်းအေးနှင့် လူချင်းမဆုံမီကပင် မောင်စူးစမ်းနှင့်ကား ရင်းနှီးခဲ့ပြီးဖြစ်သည်။ ဗမာ့စီးပွားရေးစစ်တမ်း၊ ဆန်ပြဿနာ၊ ဘောဂဗေဒလက်ရွေးစင်၊ ဘောဂဗေဒ (က) (ခ) စသည် …. စသည်ဖြင့် ….။

(ခ)

ကျနော်တို့ မြို့နယ်အဲန်အယ်လ်ဒီရုံးသို့ ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဦးလွန်းတင်နှင့် ဦးချမ်းအေးလာမည့်အကြောင်း ဗဟိုမှအကြောင်းကြား၏။ ရောက်မည့်နေ့တွင် ကျနော်တို့ မီးရထားဘူတာရုံသို့ဆင်း၍ ကြိုကြသည်။ ကျနော်တို့က (၂) ယောက်လုံးအား မမြင်တွေ့ဖူးကြ။ ဓာတ်ပုံထဲ၌ပင် မမြင်တွေ့ဖူး။ မြို့ငယ်လေး၏ဘူတာရုံဖြစ်၍ ခရီးသည်အဆင်းအတက် သိပ်မရှိ။ အခက်အခဲမရှိနိုင်ဟုထင်ကြသည်။ မီးရထားပေါ်မှဆင်းလာကြသည့်ခရီးသည်များထဲမှ ကချင်ပုဆိုး၊ တိုက်ပုံအကျီ င်္နှင့် အသက်ခုနှစ်ဆယ်ဝန်းကျင်ခန့်ရှိ ပုဂ္ဂိုလ်တဦးအားတွေ့၏။ ဦးလွန်းတင်။ ရှာရသည်မှာ မခက်ခဲ။

သို့သော် ဘူတာလေးအတွင်း ခရီးသည်များရှင်းသွားသည်အထိ ကျနော်တို့ ဦးချမ်းအေးအား ရှာ၍မတွေ့။ မတတ်နိုင်။ ရုံးသို့ပြန်ခဲ့ကြတော့သည်။ မကြာ ရုံးအတွင်းသို့ အသက်ခြောက်ဆယ်ဝန်းကျင်ခန့်ရှိသည့်သူတဦးဝင်လာ၏။ ပလေကပ်လုံချည် အပြာဆင်၊ စပို့ရှပ်အင်္ကျီအညိုရောင် မိုးကာအင်္ကျီအဖြူနှင့်။ အဖြူရောင်မိုးကာအင်္ကျီက ဖားဥများစွဲ၍ မဲညစ်ညစ်။

"ကျနော် ချမ်းအေးပါ …."

ကျနော်တို့ အံ့အားသင့်သွားကြ၏။ ကျနော်တို့တွေ့ရသော ဦးချမ်းအေး၏ရုပ်ပုံလွှာက ကျနော်တို့စိတ်တွင်မှန်းဆထားခဲ့သည့် ရန်ကုန်မှလာသော ဗဟိုခေါင်းဆောင်တဦး၏ ရုပ်သဏ္ဌာန်မျိုးမဟုတ်။ ဤအတွက် ဘူတာလေးအတွင်း ကျနော်တို့ ဦးချမ်းအေးအား ရှာ၍မတွေ့ခဲ့ခြင်းဖြစ်မည်။ ကျနော်တို့အရှေ့မှ ဦးချမ်းအေးက ဘဝနေဟန်ရိုးကုပ်သည့် ပစ္စည်းမဲ့သူတော်စင်တဦး၏ အသွင်အဆင်နှင့်၊ ဖြတ်ကနဲစိတ်တွင် ရဲဘော်ချမ်းအေးဟူ၍ အတွေးရောက်၏။ ထိုနေ့ကအစည်းအဝေးတွင် ဦးချမ်းအေးသည် အဲန်အယ်လ်ဒီ၏ မူဝါဒပိုင်းဆိုင်ရာများအား ဆွေးနွေးသွားခဲ့၏။

(ဂ)

(၉၀) ရွေးကောက်ပွဲပြီးနောက် ဦးချမ်းအေးအဖမ်းခံရသည်။ ထောင်မှလွတ်ခဲ့ပြီးနောက် သူသည် နိုင်ငံရေးအဖွဲ့အစည်းအတွင်း လှုပ်ရှားဆောင်ရွက်ခြင်းမရှိတော့။ စာများသာ ဖိ၍ရေးတော့သည်။ တလ – တလလျှင် ဆောင်းပါးပုဒ်ရေ (၃၀) ခန့်ရေး၏။ မောင်စူးစမ်း၊ ဆရာချမ်း၊ ဦးချမ်းအေးကလောင်အမျိုးမျိုးနှင့်ရေးသည်။ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတကာရေးရာ၊ ဒဿန အကြောင်းအရာစုံသည်။ မောင်စူးစမ်းက ဩဇာရှိသည့် ကလောင်တချောင်းဟုဆိုရမည်။

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့ထုတ် "မော်ဒန်"သတင်းဂျာနယ်တွင် "နိုင်ငံရေးသစ်ခြင်း ဖျက်ကနဲယှဉ်ကြည့်" ဟူသည့် ဆောင်းပါးတပုဒ်အား မောင်စူးစမ်းအမည်နှင့်ရေး၏။ တိုက်ဆိုက်သည်က ရှစ်လေးလုံး အရေးတော်ပုံကြီး၏ နှစ်–နှစ်ဆယ်ပြည့်သည့် အထိမ်းအမှတ်နေ့ဖြစ်နေသည်။ အထိမ်းအမှတ်နေ့ဖြစ်သော်လည်း ဆောင်းပါးက ဂုဏ်ပြုဆောင်းပါးမဟုတ်။ သဘောထားအမြင်များ ကွဲလွဲရှုပ်ထွေးစေမည့်ဆောင်းပါးဖြစ်နေသည်။

အကြောင်းအရာပါ အနှစ်အရသာက ဤသို့ဖြစ်သည်။

"စစ်အုပ်စု၏လမ်းပြမြေပုံအရ ၂၀၁၀ တွင် ရွေးကောက်ပွဲပြုလုပ်မည်။ ဖွဲ့စည်းပုံအသစ်နှင့် အခင်းအကျင်းအသစ်ဖြစ်၍ နိုင်ငံရေးအသစ်ဟုဆိုရမည်။"

ဤသို့ စစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၀ရွေးကောက်ပွဲနှင့် နိုင်ငံရေးအခင်းအကျင်းအား အနက်ဖွင့်၏။ ပြီးလျှင် "လူထုအနေနှင့် စစ်အုပ်စု၏လမ်းပြမြေပုံမှလွဲ၍ အခြားရွေးချယ်စရာရွေးလမ်းမရှိ။ အတိုက်အခံများတွင်လည်း စင်ပြိုင်ဖြစ်နိုင်ခြေလမ်းမရှိ။ ပိတ်ပြီ။ ဤအတွက် ဖြစ်နိုင်ခြေ တကယ်လက်တွေ့ရှိသည့် စစ်အုပ်စု၏ခေါ်ရာသာလိုက်ကြတော့။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ခံကြရမည်။"

လက်ညှိုးတချောင်းထောင်ပြီး တန်ခိုးရှင်ကဲ့သို့ နိုင်ငံရေးဗျာဒိတ်တော်ချ၏။ ဤမျှနှင့်မပြီးသေး။ "နိုင်ငံရေးသမား၊ နိုင်ငံရေးဆိုတာ စိတ္တဇဖြစ်ရသည့်အရာမဟုတ်။ စိတ္တဇဖြစ်နေရန်မလိုဟု ဆိုပြန်သည်။"

အဲန်အယ်လ်ဒီနှင့်ကုလသမဂ္ဂမှ အဆိုပြုတောင်းဆိုနေသည့် "တွေ့ဆုံဆွေးနွေးရေး" လုပ်ငန်းစဉ်အပေါ်လည်း ဝေဖန်ထားပြန်၏။

"တွေ့ဆုံဆွေးနွေးရေးဟူသည် အလှတန်ဆာဆင်ခြင်းသာဖြစ်သည်။ အနှစ်သာရမဟုတ်ဟုဆိုသည်"




"မေ – ၁၀ ဖွဲ့စည်းပုံအရ အချုပ်အခြာအာဏာသည် လူထုထံမှ ဆင်းသက်သည်မဟုတ်၊ ကာကွယ်ရေးဦးစီးချုပ်ထံမှ ဆင်းသက်ထားခြင်းသာဖြစ်သည်။ ရိုင်ဖယ်သေနတ်ပြောင်းဝမှထွက်သော အချုပ်အခြာအာဏာပင်။ ဤအာဏာဆင်းသက်မှုသဏ္ဌာန်က မြန်မာ့လူ့အဖွဲ့အစည်းတွင် ၁၉၆၂ မှစ၍ ယနေ့တိုင် မပြောင်းမလဲရှိနေ၏။ ပုတ်သိုး၍ပင်နေပြီ၊ ဤအတွက် စစ်အုပ်စု၏ဖွဲ့စည်းပုံအား မည်သို့ဖြင့် အသစ်ဟုဆိုမည်နည်း။"

မောင်စူးစမ်း "ဦးနှောက်ကို အဆွ" လွန်သွားသည်နှင့်တူ၏။

မောင်စူးစမ်းဆောင်းပါး၌ "အသစ်" တွေများလွန်းသည်။ ဖွဲ့စည်းပုံအသစ်၊ အခင်းအကျင်းသစ်၊ နိုင်ငံရေးအသစ်။ ဤအတွက် ဖွဲ့စည်းပုံအသစ်မှပင် စပါမည်။ မေ–၁၀ ဖွဲ့စည်းပုံအရ အချုပ်အခြာအာဏာသည် လူထုထံမှ ဆင်းသက်သည်မဟုတ်။ ကာကွယ်ရေးဦးစီးချုပ်ထံမှ ဆင်းသက်ထားခြင်းသာဖြစ်သည်။ ရိုင်ဖယ်သေနတ်ပြောင်းဝမှထွက်သော အချုပ်အခြာအာဏာပင်။ ဤအာဏာဆင်းသက်မှုသဏ္ဌာန်က မြန်မာ့လူ့အဖွဲ့အစည်းတွင် ၁၉၆၂ မှစ၍ ယနေ့တိုင် မပြောင်းမလဲ ရှိနေ၏။ ပုပ်သိုး၍ပင်နေပြီ။ ဤအတွက် စစ်အုပ်စု၏ဖွဲ့စည်းပုံအား မည်သို့ဖြင့် အသစ်ဟုဆိုမည်နည်း။ အနှစ်သာရအရ မသစ်ဆန်း။ မောင်စူးစမ်း၏ဆောင်းပါးတွင်ပါသော စကားလုံးအား ပြန်ယူ၍သုံးရပါမူ။

ဖွဲ့စည်းပုံအသစ်ဟူသည်က "ခမ်းနားကြီးကျယ်စွာ အလှတန်ဆာဆင်ခြင်းသာဖြစ်သည်။ အနှစ်သာရမရှိ"

အမှတ်ရမိသေးသည်။ ၁၉၇၉ ခုနှစ် ရွေးကောက်ပွဲအောင်နိုင်ရေးခရီးစဉ်တခုတွင်ဖြစ်သည်။ ထိုစဉ်က ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာ၌ လူထုအား (တစည) နှင့် (မဆလ) အတူတူဖြစ်ပုံကို ဥပမာပေး၍ ဦးချမ်းအေးရှင်းပြခဲ့သည်။ ကျနော်တို့လည်း သဘောကျသည်။ လူထုကလည်း ခေါင်းတညိတ်ညိတ်နှင့်။

"တစည ပါတီဟာ တကယ်တော့ အသစ်မဟုတ်ပါဘူး။ သာကေတမှာ ပြည့်တန်ဆာလုပ်စားနေတဲ့ မဖြူ။ ကြည့်မြင်တိုင်ကိုပြောင်းပြီး အသစ်ပါလို့ပြောသလိုပါပဲ"

မောင်စူးစမ်းအနေနဲ့ စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံကို အသစ်လေးလို့ယူဆပြီး ပေါင်းဖက်မယ်ဆိုရင်တော့ မှာပါရစေ "အဖော်" ဆောင်ထားပါလို့။

(ဃ)

မြန်မာ့နိုင်ငံရေးသမားများအနက် ပြဿနာအများဆုံးနိုင်ငံရေးသမားများအား ရွေးချယ်ပါဆိုလျှင် ဦးသိန်းဖေမြင့်နှင့် ဦးချမ်းအေးအား ရွေးချယ်ကြလိမ့်မည်။

ပထစအစိုးရခေတ်၌ "ဦးချမ်းအေးစစ်တမ်း"ဟူ၍ စာတမ်းတစောင်ထွက်လာသည်။ "လက်နက်နှင့်ဒီမိုကရေစီ"လဲမည်ဟူ၍ဖြစ်သည်။ တော်လှန်ရေးအင်အားစုများအတွင်းရှိ သဘောထားကွဲလွဲမှုများ ဖြစ်စေခဲ့၏။ အချို့က ထောက်ခံ၏။ အချို့က ပြင်းပြင်းထန်ထန်ကန့်ကွက်ကြ၏။ အချို့က ဝေဝေဝါးဝါးနှင့်တွေဝေနေခဲ့ကြ၏။ မကြာ ချမ်းအေးဝါဒီတို့ (ပထစ) အစိုးရထံတွင် ဒီမိုကရေစီနှင့်လက်နက်လဲရန်သွားကြ၏။ အစုလိုက်၊ အပြုံလိုက်။ မွန်တပ်ဦးဆိုလျှင် နိုင်ရွှေကျင်တဦးတည်းသာကျန်ခဲ့၏။ (ပထစ) အစိုးရက လက်နက်နှင့်ဒီမိုကရေစီ လဲရန်လာကြသူများအား အခမ်းအနားများနှင့်ကြိုဆို၏။ အခမ်းအနားတွင် (ပထစ) အစိုးရက ဒီမိုကရေစီလဲရန်လာသည့်သူများအား "ဖောဦးထုပ်" တလုံးစီပေး၏။ ဒီမိုကရေစီကတော့မရ။

သမိုင်းသည် မဝေးသေး ….။ ။

မင်းဆွေသစ်

❖



## တဦးကောင်း၊ တဖွဲ့ကောင်းလုပ်ဟန်ဖြင့် တိုက်ပွဲအားရှေ့ဆက်ရန်မဖြစ်၊

# တော်လှန်ရေးအင်အားစုများ စုစည်းညီညွတ်မှုဖြင့်သာ စစ်အာဏာရှင်စနစ်အား အမြစ်ပြတ်တွန်းလှန်နိုင်မည်

**ခိုင်မာကျယ်ပြန့်သည့် တပ်ပေါင်းစုကြီးတရပ်ဖြစ်ပေါ်လာရေးနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) ၏တွဲဘက်အထွေထွေအတွင်းရေးမှူး (၂) ဦးမျိုးဝင်းနှင့် မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ၏ဆက်သွယ်မေးမြန်းချက်**

> “ အတိုက်အခံအင်အားစုများအားလုံး စုစည်းနိုင်ဖို့ အားထုတ်ရမှာဖြစ်သလို၊ ပြည်တွင်းမှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်တဲ့၊ ဒါမှမဟုတ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝန်းရံပေးနိုင်မယ့် အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုကြီး ဖော်ဆောင်နိုင်ရေးအတွက်ကိုလည်း အားထုတ်သင့်ပါတယ်။ တိုင်းရင်းသား ပြည်သူတရပ်လုံးရဲ့ ခါးသီးလှတဲ့ အတိဒုက္ခတွေကို အလေးအနက်ထားပြီးတော့ သဘောထားကြီးကြီးနဲ့ ပူးပေါင်းဆောင်ရွက်ကြလိမ့် မယ်လို့လည်း ယုံကြည်ထားပါတယ် ....။

*မေး ။ ။ ခိုင်မာကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီးမှာ စစ်အုပ်စုဆန့်ကျင်ရေးအင်အားစုအားလုံးပါဝင်နိုင်မယ်ဆိုတော့ အားလုံးက စစ်အုပ်စုဆန့်ကျင်ရေးပေါ်မှာ အခြေခံထားတာဖြစ်တဲ့အတွက် ဘယ်လိုမျိုးအဖွဲ့အစည်းတွေ အဓိကပါဝင်မှာပါလဲခင်ဗျ။ ဒါမှမဟုတ် မဟာမိတ်အဖွဲ့အစည်းတွေပဲလားဆိုတာ သိပါရစေ။*

ဖြေ ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) အနေနဲ့ ဒီနေ့ကာလ နိုင်ငံရေးဖြစ်ထွန်းမှုအခြေအနေ၊ တိုက်ပွဲရဲ့လိုအပ်ချက်များနဲ့အညီ မိမိတို့ရဲ့အင်အားစုများအတွင်းဖြစ်တည်နေသည့် မတူကွဲပြားမှုများကို အပြန်အလှန်အသိအမှတ်ပြုရေးအပေါ်မှာအခြေခံပြီးတော့ “ခိုင်မာကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီးတရပ်ဖြစ်ပေါ်လာရေး”ကို ကြိုးပမ်းဆောင်ရွက်ရွက်သွားဖို့ ယနေ့ကာလရဲ့ နိုင်ငံရေးအခြေအနေများက အပူတပြင်းတောင်းဆိုလျက်ရှိတဲ့ သမိုင်းရေးဆိုင်ရာ အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်တယ်လို့ အလေးအနက်ခံယူပြီးတော့ ကြိုးပမ်းနေတယ်။ NCUB ကျစ်လစ်ခိုင်မာရေးကိုလည်း တပြိုင်တည်း အားထုတ်နေတယ်ဆိုတာကိုတော့ ဦးစွာတင်ပြလိုပါတယ်။

ဒီလိုခံယူမှုများနဲ့အညီ မိမိတို့ရဲ့ရည်မှန်းချက်ဖြစ်တဲ့ ပိုမိုကျယ်ပြန့်တဲ့ တပ်ပေါင်းကြီးတရပ်အဖြစ် စုစည်းနိုင်ရေးအတွက် မတူကွဲပြားစွာ စုဖွဲ့ဖြစ်တည်နေမှုများကို အသိအမှတ်ပြုပြီးတော့ အင်အားစုအားလုံး လိုက်ပါဆောင်ရွက်နိုင်မယ့် နိုင်ငံရေးအရ စုစည်းမှုမျိုးဖြစ်ဖို့ လိုအပ်ပါတယ်။ ကျယ်ပြန့်မှုကို အဓိကထားသလို ကျစ်လစ်ခိုင်မာမှုကိုလည်း အလေးအနက်ထားတဲ့၊ တူညီသောလမ်းစဉ်၊ မူများနှင့် နိုင်ငံရေးအရ စုစည်းနိုင်တဲ့၊ လုပ်ဟန်အရလည်း ညီညွတ်တဲ့ ကျယ်ပြန့်သည့် တပ်ပေါင်းစုကြီးတရပ်အဖြစ် စုစည်းနိုင်ရေးကို လက်ရှိဖြစ်တည်နေသော ပကတိအခြေအနေများနှင့်အညီ ပုံဖော်သွားဖို့ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာတော့ NCUB (NDF၊ DAB၊ MPU၊ NLD-LA)၊ ENC၊ NCGUB၊ FDB၊ WLB၊ SYCB၊ NY-Forum စတဲ့ အင်အားစုများအတွင်း ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး မဟာဗျူဟာညှိနှိုင်းရေးကို ပြန်လည်ပြီးစတင်ဆောင်ရွက်နိုင်ခဲ့တယ်။ နောက်ဆုံး ဒသမအကြိမ်မြောက် မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲကို ၂၀၀၈ ခုနှစ်၊ ဇူလိုင်လအတွင်း ကျင်းပနိုင်ခဲ့တယ်။ မဟာဗျူဟာညှိနှိုင်းဆက်စပ်ရေးကော်မတီ (SCC) ကိုလည်း စုဖွဲ့တာဝန်ပေးအပ်ထားနိုင်ခဲ့သလို မဟာဗျူဟာညှိနှိုင်းအစည်းအဝေးမှချမှတ်ထားသော ဘုံလုပ်ငန်းစဉ်များကို အပြန်အလှန်ဆက်စပ်မှုရှိရှိ ပူးတွဲဖော်ဆောင်နိုင်ရေးအတွက်လည်း လုပ်ငန်းနယ်ပယ်သုံးခု (ပြည်တွင်းလုပ်ငန်း၊ ခုခံရေးစစ်၊ နိုင်ငံတကာရေးရာ) တို့မှာ Focal Point များကိုထားရှိပြီးတော့ ပူးတွဲဆောင်ရွက်နိုင်ဖို့ အားထုတ်နေပါတယ်။ အားနည်းချက်များရှိနေသေးသော်လည်း အင်အားစုအသီးသီးအနေနဲ့ တူညီသောနိုင်ငံရေးအမြင်များ၊ သဘောထားများနဲ့ ဘုံလုပ်ငန်းစဉ်များကို ချမှတ်ကာ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်သွားရန် သဘောထားများတည်ရှိပြီးဖြစ်နေပါတယ်။

လက်တွေ့မှာလည်း လုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းဖော်ဆောင်မှုများကို ဟန်ချက်ညီစွာ လက်တွဲဖော်ဆောင်နိုင်ရေးအတွက် အားထုတ်နေပါသည်။ NCUB၊ ENC၊ NCGUB၊ FDB၊ WLB၊ SYCB၊ NY-Forum စတဲ့ အင်အားစုများအတွင်းမှာ Coordination and Cooperation ကို လက်တွေ့အခြေအနေများနှင့်အညီ အဆင့်ဆင့်ဖော်ဆောင်လျှက်ရှိနေသည်ကို တွေ့ရှိရမှာဖြစ်ပါသည်။ ဒါဟာ ကျယ်ပြန့်သောတပ်ပေါင်းစုကြီးတရပ်ဖြစ်ပေါ်လာစေရေးအတွက် ကောင်းမွန်တဲ့အခြေခံအချက်အလက်တွေအဖြစ် ခံယူထားပါတယ်။ ဒီအင်အားစုတွေအပြင် အခြားပါဝင်သင့်သောအင်အားစုများနဲ့လည်း စုစည်းဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဒီအခြေခံခိုင်မာမှုမှတဆင့် ပိုမိုကျယ်ပြန့်လာစေရေးကိုတော့ လက်တွေ့အခြေအနေများနှင့်အညီ တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံရေးတပ်ပေါင်းစုများ၊ ပါတီအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများအပါအဝင် စစ်အုပ်စုဆန့်ကျင်ရေး အင်အားစုအားလုံးကို စုစည်းနိုင်ဖို့အတွက် အဆင့်ဆင့် အားထုတ်သွားမှာဖြစ်ပါတယ်။

*မေး ။ ။ ဘုံရန်သူဖြစ်တဲ့ စစ်အုပ်စုကို ဆန့်ကျင်ဖို့ရာ အပြန်အလှန်လေးစားအသိအမှတ်ပြုပြီး စုစည်းကျစ်လစ်တဲ့အဖွဲ့ကြီးတခုဖြစ်လာစေဖို့အတွက် ညှိနှိုင်းမှုတွေကလည်းလုပ်ရဦးမယ်ဆိုတော့ အဲ့ဒီကိစ္စက အလွယ်တကူနဲ့ရနိုင်ပါ့မလား။*

ဖြေ ။ ။ NCUB အနေနဲ့ကတော့ ဒီနေ့ကာလတိုက်ပွဲရဲ့လိုအပ်ချက်ကို ရိုးသားပွင့်လင်းမှုအခြေခံနဲ့ ကြိုးပမ်းပုံဖော်သွားမှာဖြစ်ပါတယ်။ စုစည်းနိုင်ဖို့အတွက်လည်း အင်အားစုများအတွင်းမှာ လမ်းစဉ်၊ မူနှင့် လုပ်ငန်းစဉ်များဆိုင်ရာများမှာ အခြေခံသဘောတူညီမှုများ ရှိနေပြီးဖြစ်တဲ့အတွက် ကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီးတရပ်အဖြစ် စုစည်းနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ သက်ဆိုင်ရာ တပ်ပေါင်းစု၊ အဖွဲ့အစည်းအသီးသီးရဲ့ ပူးပေါင်းပါဝင်မှုရရှိဖို့အတွက်လည်း ညှိနှိုင်းဆောင်ရွက်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားဖို့ ရှိပါတယ်။ ဒီနေ့ကာလ အင်အားစုအားလုံးအပေါ်မှာ တည်ရှိနေတဲ့ စိန်ခေါ်မှုတွေကလည်း တဖွဲ့ကောင်း၊ တဦးကောင်းလုပ်ဟန်နဲ့သွားလို့ မရဘူးတော့ပါဘူး။ အင်အားစုအားလုံး စုစည်းနိုင်မှ၊ အနိမ့်ဆုံး အပြန်အလှန်ဆက်စပ်မှုရှိရှိ ဟန်ချက်ညီညီဆောင်ရွက်နိုင်မှ ဒီလောက်ဆိုးရွားတဲ့ ဖက်ဆစ်စစ်အာဏာရှင်စနစ်ကို ဖယ်ရှားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီမှာရှိတဲ့ အတိုက်အခံအင်အားစုများအားလုံးစုစည်းနိုင်ဖို့ အားထုတ်ရမှာဖြစ်သလို၊ ပြည်တွင်းမှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်တဲ့၊ ဒါမှမဟုတ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝန်းရံပေးနိုင်မယ့် အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုကြီးဖော်ဆောင်နိုင်ရေးအတွက်ကိုလည်း အားထုတ်သင့်ပါတယ်။ တိုင်းရင်းသား ပြည်သူတရပ်လုံးရဲ့ ခါးသီးလှတဲ့ အတိဒုက္ခတွေကို အလေးအနက်ထားပြီးတော့ သဘောထားကြီးကြီးနဲ့ ပူးပေါင်းဆောင်ရွက်ကြလိမ့်မယ်လို့လည်း ယုံကြည်ထားပါတယ်။ ဘယ်လိုစုစည်းနိုင်မလဲ၊ စုဖွဲ့နိုင်မလဲဆိုတာကိုတော့ ညှိနှိုင်းဆွေးနွေးမှုရလဒ်အပေါ်မှာ မူတည်ပါလိမ့်မယ်။

*မေး ။ ။ ကြိုတင်စည်းကမ်းသတ်မှတ်ချက် (Precondition) နဲ့ ကြိုတင်မှန်းဆထားသည့်သဘောထားများ (Preconceived idea) မထားရှိပဲ အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုတာ ဘယ်လိုရည်ရွယ်ချက်ကြောင့်လဲဆိုတာ လူထုနားလည်အောင် ရှင်းပြပေးစေချင်ပါတယ်။*

ဖြေ ။ ။ ကျနော်တို့ NCUB အနေနဲ့ကတော့ ....

“သက္ကရာဇ် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ (၁၈ – ၂၀) ရက်များတွင်ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် Strategic Consultation Meeting (SCM) အစည်းအဝေးမှ အင်အားစုအားလုံး သဘောတူအတည်ပြုခဲ့သည့် ဘုံသဘောထားစုစည်းချက်များ၊ ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဘုံသဘောထားစုစည်းချက် မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် လက်တွေ့လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ မျှော်မှန်းချက်နှင့် ဦးတည်ချက်များစသည့် အစည်းအဝေးဆုံးဖြတ်ချက်များကို ခိုင်မာကျယ်ပြန့်သည့် တပ်ပေါင်းစုကြီးတရပ်ဆိုင်ရာ အခြေခံနိုင်ငံရေးရာမူဝါဒအဖြစ်ခံယူသည်။”လို့ ချမှတ်ထားပါတယ်။ အဓိကဆိုလိုတာကတော့ နိုင်ငံရေးအင်အားစုများအတွင်း ရရှိထားပြီးဖြစ်တဲ့ နိုင်ငံရေးအရ၊ လုပ်ငန်းစဉ်များအရ ဆုံချက်ကို စုစည်းတင်ပြထားတာဖြစ်ပါတယ်။

ဒီလိုဘုံသဘောတွေ ရရှိထားပြီးပြီဆိုရင် ကျနော်တို့ ဆက်လက်ရှာဖွေရမှာကတော့ စုဖွဲ့မှုဆိုင်ရာနည်းလမ်းပဲ ဖြစ်ပါလိမ့်မယ်။ အင်အားစုအားလုံးကို တပ်ပေါင်းစုကြီးတရပ်အဖြစ် ဘယ်လိုစုစည်းသွားမလဲ၊ စုဖွဲ့သွားမလဲဆိုတာကို အလေးထားပြီး ကျယ်ကျယ်ပြန့်ပြန့်ညှိနှိုင်းသွားဖို့ လိုပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ NCUB အနေနဲ့ ပုံသေသတ်မှတ်ထားချက်မရှိဘူး။ အားလုံးနဲ့ ညှိနှိုင်းဆောင်ရွက်သွားမယ်။ မတူကွဲပြားတဲ့ အမြင်တွေအားလုံးကို စုစည်းသွားမယ်။ မတူကွဲပြားမှုတွေဟာလည်း ညီညွတ်ရေးအတွက် အားဖြစ်စေရမယ်လို့ တင်ပြထားတာဖြစ်ပါတယ်။ ဒီလို ပိုမိုကျယ်ပြန့်တဲ့တပ်ပေါင်းစုတရပ် ဖော်ဆောင်နိုင်ရေးတာဝန်ကို အင်အားစုအားလုံးရဲ့ ဘုံလုပ်ငန်းစဉ်တရပ်အဖြစ် အားလုံးကခံယူပြီးတော့ လက်တွဲဆောင်ရွက်သွားကြဖို့ တွန်းအားပေးလိုတာလည်း ပါပါတယ်။

*မေး။ ။ ခိုင်မာကျယ်ပြန့်သည့်တပ်ပေါင်းစုကြီးဖြစ်ပေါ်လာပြီးတဲ့နောက်မှာ စစ်အုပ်စုကို ဆန့်ကျင်တိုက်ခိုက်သွားဖို့အတွက် ဘုံလမ်းစဉ်တရပ်အနေနဲ့ သီးသန့်ချမှတ်ထားတာရော ရှိပါသလားခင်ဗျ။ ရှိရင်လည်း ဘယ်လိုမျိုးဆိုတာကို ရှင်းပြပေးစေချင်ပါတယ်။*

ဖြေ။ ။ ကျနော်အထက်က တင်ပြခဲ့သလိုဘဲ ကျနော်တို့မှာ ဒသမအကြိမ်မြောက်

**စာမျက်နှာ (၁၃) ကော်လံ (၄) သို့...**

# ကုလသမဂ္ဂတွင် မြန်မာစစ်အုပ်စုအား အစိုးရကိုယ်စားဖြစ်ရှိနေမှုကို အသိအမှတ်မပြုစေရန် မြန်မာအတိုက်အခံအင်အားစုများကြိုးပမ်း

ဩဂုတ်လ (၂၉)။

မြန်မာစစ်အစိုးရသည် အစိုးရတရပ်၏ အင်္ဂါရပ်များနှင့်မညီညွတ်သည့်အတွက် ကုလသမဂ္ဂအနေနှင့် မြန်မာနိုင်ငံအား ကိုယ်စားပြုခွင့်မပေးရန် လုပ်ရှားမှုတောင်းဆိုချက်တရပ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ စက်တင်ဘာလဆန်းပိုင်းအတွင်း ပေးပို့သွားမည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) မှ ပြောကြားသွားခဲ့သည်။



အဲန်စီယူဘီ၏ တွဲဘက်အထွေထွေအတွင်းရေးမှူး (၂) ဖြစ်သူ ဦးမျိုးဝင်းက "ကျနော်တို့ ဒီလှုပ်ရှားမှုကိုစခဲ့တာ အတော်ကြာကြာကတည်းကပါ။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေနဲ့ ဒီကိစ္စကိုဆွေးနွေးနေပါတယ်"ဟု ပြောဆိုခဲ့သည်။

ယခုလှုပ်ရှားမှုအား လွန်ခဲ့သည့်နှစ်ကတည်း ကြေညာထားခဲ့သော်လည်း တရားဝင်ဖြစ်မှုဆိုသည့်ပြဿနာကို စစ်အစိုးရအား



ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်းသည့်နည်းဖြင့် ဖြေရှင်းလိုသည့်အတွက် စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း၊ သို့သော်လည်း စစ်အစိုးရသည် ထိရောက်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို အကောင်ထည်ဖော်ဆောင်ရန် ပျက်ကွက်ခဲ့ပြီး ၎င်းတို့စိတ်ကြိုက်အစိုးရဖြစ်ပေါ်ရေးအတွက် အဆင့် (၇) ဆင့်ပါ လမ်းပြမြေပုံကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် ယခုလှုပ်ရှားမှုအား စတင်ရခြင်းဖြစ်ကြောင်းသိရသည်။

စစ်အစိုးရနှင့် ဒေသတွင်းနိုင်ငံများအနေဖြင့်လည်း ဤလှုပ်ရှားမှုအား တုံ့ပြန်ရန် ပျက်ကွက်ခဲ့ပါက အဲန်စီယူဘီအနေဖြင့် အဖွဲ့ဝင်နိုင်ငံများဖြင့် လက်တွဲဆောင်ရွက်ပြီး ယခုလှုပ်ရှားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်းသိရသည်။

အဆိုပါလှုပ်ရှားမှုအား ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ) နှင့် ပြည်ပရောက်မြန်မာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၀) ကျော်နှင့်ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့တို့မှလည်း ကြိုဆိုထောက်ခံလိုက်သည်။

စစ်အုပ်စုသည် အာဏာကို အဓမ္မသိမ်းပိုက်ယူငင်ထားပြီး ပြည်သူလူထုတရပ်လုံးမှ ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလည်း အာဏာလွှဲပြောင်းပေးရန် ပျက်ကွက်ခဲ့သည့်အပြင် ပြည်သူပြည်သားများအပေါ်တွင်လည်း စာနာထောက်ထားခြင်းကင်းသည့် စစ်အစိုးရအား ကုလသမဂ္ဂတွင် ဆက်လက်နေရာပေးရန် မသင့်တော့ကြောင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ အတွင်းရေးမှူး ဦးသိန်းဦးမှနေ၍ "စစ်အစိုးရဟာ လူထုကရွေးချယ်ထားတဲ့ အစိုးရမဟုတ်ဘူး။ နောက်တခုက လူထုကရွေးချယ်ထားတဲ့ကိုယ်စားလှယ်တွေကို အာဏာလွှဲပြောင်းခြင်းမရှိဘဲ လူထုရဲ့အာဏာကို အတင်းအဓမ္မယူထားတဲ့ အစိုးရဖြစ်တယ်။ လူထုနဲ့ပတ်သက်တဲ့လုပ်ငန်းတွေမှာ ဥပမာ–နာဂစ်လေမုန်တိုင်းဒဏ်ခံရတဲ့လူထုတွေနဲ့ပတ်သက်လို့ လုပ်ကိုင်ဆောင်ရွက်ပေးရမယ့်ကိစ္စတွေမှာ ပြည်ပနိုင်ငံတွေက အကူအညီပေးမယ့်ကိစ္စတွေကို လူထုဆီမရောက်အောင် တားဆီးနေတဲ့ကိစ္စမျိုးတွေ၊ ဒါကြောင့် လူထုရဲ့ စစ်မှန်တဲ့ကိုယ်စားလှယ်မဟုတ်တဲ့ စစ်အစိုးရကို ကုလသမဂ္ဂမှာ နေရာမပေးသင့်ဘူး။ ရှိထားတဲ့နေရာကနေ ဖယ်ရှားပေးဖို့ဆိုတဲ့ကိစ္စကို အတိုက်အခံများဘက်က ဒီနှစ် ကုလသမဂ္ဂမှာတင်သွင်းပြီး ဆောင်ရွက်မယ့်အနေအထားမျိုးရှိပါတယ်။ ဒါကြောင့် ဒီလိုလုပ်ခြင်းဟာ အင်မတန်မှန်ကန်တဲ့ကိစ္စဖြစ်တယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့က အဲဒီလိုလုပ်ကိုင်ဆောင်ရွက်တာမှန်သမျှကို ထောက်ခံတဲ့အကြောင်း ကြေညာချက်ထုတ်တာဖြစ်ပါတယ်။"ဟု ပြောဆိုခဲ့သည်။

ထို့အပြင် "၂၀၁၀ ရွေးကောက်ပွဲကိုလည်း သူတို့ကြိုပြီးတော့ခေါ်ထားပါပြီ။ ခေါ်ထားတဲ့အတွက် ဒီရွေးကောက်ပွဲကလည်း တနည်းအားဖြင့် လူထုကို အတင်းအကြပ်ဖိနှိပ်ပြီး သူတို့လိုချင်တဲ့ပုံစံလုပ်သွားမှာဖြစ်ပါတယ်။ လူထုကကန့်ကွက်တဲ့ကိစ္စမှန်သမျှကိုလည်း အတင်းအကြပ်ဖိနှိပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် ဒီလိုဖိနှိပ်လာမှာကိုမြင်တဲ့အတွက် ကြိုပြီးတင်ထားတာဖြစ်ပါတယ်။ အဲဒီလိုတင်ထားတဲ့အတွက် ဒီဟာက အင်မတန်ခက်ခဲပေမယ့်လည်း မကြာခင်ကာလမှာဖြစ်တော့မယ့် တကယ့်အခက်အခဲကြီးမှာ လူထုနဲ့အစိုးရကြား ဆန့်ကျင်ဘက်အနေအထားတွေ ပေါ်ပေါက်လာမှာဖြစ်အပါတယ်။ အဲဒီလိုအနေအထားတွေရောက်ရင် လူထုရဲ့ကိုယ်စား အရန်သင့်ဖြစ်နေဖို့အတွက် တင်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်တင်ပြတာဟာ နအဖကို ပထမဆုံးအကြိမ် ပွင့်ပွင့်လင်းလင်းနဲ့ စိန်ခေါ်တဲ့တိုက်ပွဲပဲဖြစ်ပါတယ်။ အဲဒီတိုက်ပွဲဟာ လူထုအရှိန်မြင့်လာတာနဲ့အမျှ အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတိုက်ပွဲအောင်မြင်ဖို့၊ မအောင်မြင်ဖို့ဆိုတာ အထဲမှာရှိတဲ့လူထုရဲ့တိုက်ပွဲအရှိန် ဘယ်လောက်ထိမြင့်မလဲဆိုတဲ့အပေါ်မှာ မူတည်တာဖြစ်ပါတယ်။"ဟု ဦးသိန်းဦးမှ ဆက်လက်ပြောဆိုခဲ့သည်။

၎င်းအပြင် ထိုင်းနိုင်ငံအခြေစိုက် အမျိုးသမီးအဖွဲ့ချုပ် (WLB) မှလည်း မြန်မာစစ်အစိုးရသည် လူထုကရွေးကောက်တင်မြှောက်ထားသည့်အစိုးရမဟုတ်သည့်အတွက် ကုလသမဂ္ဂတွင်ရရှိထားသည့်နေရာနှင့် မထိုက်တန်သောကြောင့် ယခုလှုပ်ရှားမှုအား ထောက်ခံသဘောတူကြောင်းပြောဆိုခဲ့သည်။

အမျိုးသားဒီမိုကရေစီ (လွတ်မြောက်နယ်မြေ) နိုင်ငံခြားရေးတာဝန်ခံဖြစ်သူ ဦးညိုအုန်းမြင့်ကလည်း ယခုလှုပ်ရှားမှုအားလုပ်ဆောင်လိုက်ခြင်းဖြင့် စစ်အစိုးရအား အကာကွယ်ပေးနေသည့် ဒေသတွင်းနိုင်ငံများတွင် အကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း မိမိတို့အတိုက်အခံအင်အားစုများဖြင့် ဆွေးနွေးလာရလိမ့်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ထို့ပြင် ယခုလှုပ်ရှားမှုအား လုပ်ဆောင်ခြင်းသည် မြန်မာနိုင်ငံအား မှန်ကန်သည့်နိုင်ငံရေး လမ်းကြောင်းပေါ်တွင်ရှိစေချင်သည့်အတွက်ဟုလည်း တဆက်တည်းပြောဆိုခဲ့သည်။

လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း ကိုယ်စားလှယ်ဖြစ်မှုစိန်ခေါ်မှုကော်မတီ (Credential Challenge Committee) တွင် ဗီတိုအာဏာသုံးပိုင်ခွင့်မရှိသည့်အတွက် ဤလှုပ်ရှားမှုသည် မြန်မာစစ်အစိုးရအား ဖိအားပေးနိုင်လိမ့်မည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။ ❖

## ဒေါ်အောင်ဆန်းစုကြည်၏လက်ရှိအခြေအနေအပေါ် အဲန်စီယူဘီမှ သဘောထားထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) မှ ဩဂုတ်လ (၂၇) ရက် ၂၀၀၈ ရက်စွဲဖြင့် နေအိမ်အကျယ်ချုပ်ကျခံနေရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ကျန်းမာရေးအခြေအနေ အထူးစိုးရိမ်နေရသည့်သတင်းများ ပေါ်ထွက်နေသည့်အပေါ်တွင် မိမိတို့အနေဖြင့် များစွာစိုးရိမ်မကင်းဖြစ်မိပါကြောင်း သဘောထားထုတ်ပြန်ချက်တစောင်ထုတ်ပြန်ခဲ့သည်။

ထွက်ပေါ်နေသည့်သတင်းများအရ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ယခင်ပုံမှန်လက်ခံနေကျဖြစ်သည့် အစားအသောက်များကို လက်ခံရန်ငြင်းပယ်မှုများရှိနေခြင်းနှင့် ယင်းမှတဆင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲဝင်နိုင်သည့်အဆင့်သို့ရောက်ရှိနိုင်ကြောင်းနှင့် ကျန်းမာရေးအခြေအနေနှင့် အခြားသောအခြေအနေအရပ်ရပ်များအတွက် များစွာစိုးရိမ်ဖွယ်ရာဖြစ်သည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ကိုယ်စားလှယ်ဖြစ်သူ မစ္စတာဂမ်ဘာရီကိုလည်း လက်ခံတွေ့ဆုံရန်ငြင်းပယ်ခဲ့ခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တာဝန်ရှိခေါင်းဆောင်များကိုယ်တိုင်လည်း အဆိုပါထွက်ပေါ်နေသည့်သတင်းများနှင့်ပတ်သက်၍ အတည်ပြုပြောဆိုရန် အခက်အခဲများရှိနေသည့်အပေါ် မိမိတို့၏ စိုးရိမ်စိတ်ကို ပိုမိုတိုးပွားလာခဲ့စေကြောင်းကိုလည်း ဖော်ပြထားသည်။

တိုင်းပြည်၏ အနာဂတ်အရေး၊ ဒီမိုကရေစီရေးနှင့် ဒေါ်အောင်ဆန်းစုကြည်၏ အခြေအနေအရပ်ရပ်တို့သည် တဆက်တစပ်တည်းရှိသည်ဟု ယုံကြည်သည့်အလျောက် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်သည် မတရားဥပဒေမဲ့ချုပ်နှောင်ထားသည့် နအဖစစ်အုပ်စုအပေါ်တွင် အဓိကတာဝန်ရှိပြီး အကယ်၍ ဒေါ်အောင်ဆန်းစုကြည်တစုံတရာဖြစ်ခဲ့ပါက စစ်အုပ်စုအပေါ်တွင်သာတာဝန်ရှိသည်ဟု အဲန်စီယူဘီ၏ သဘောထားကိုဖော်ပြထားခဲ့သည်။

ယနေ့အခါတွင် ယခုလက်ရှိဖြစ်ပေါ်နေသည့် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်သည့်အခြေအနေမှန်များ မည်သို့ရှိသည်ကိုလည်း ကမ္ဘာကသိရှိစေရန် တရားဝင်ဖော်ထုတ်ရှင်းလင်းရန် နအဖစစ်အစိုးရတွင် တာဝန်ရှိကြောင်းနှင့် မြန်မာ့ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားများအရေးများအတွက် တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းများအနေဖြင့်လည်း ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိအခြေအနေအမှန် ပေါ်ထွက်လာနိုင်ရေးအတွက် တတ်စွမ်းသ၍ ဝိုင်းဝန်းလုပ်ဆောင်ကြပါရန် အလေးအနက်တိုက်တွန်းပါကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ❖

စာမျက်နှာ (၁၂) အင်တာဗျူးမှ ....

မဟာဗျူဟာညှိနှိုင်းအစည်းအဝေးကနေ ချမှတ်ထားတဲ့ နိုင်ငံရေးရပ်တည်ချက်သဘောထားတွေနဲ့ ဘုံလုပ်ငန်းစဉ်တွေဟာ ကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီး ဖြစ်ပေါ်လာရေးအတွက် အထောက်အကူဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားသလို၊ စုဖွဲ့နိုင်ခဲ့ရင်လည်း ဒီအခြေခံစုစည်းထားမှုတွေဟာ တပ်ပေါင်းစုကြီးရဲ့ လတ်တလော ဘုံလုပ်ငန်းစဉ်အနေနဲ့ ဖော်ဆောင်သွားသင့်ပါတယ်။ လက်တွေ့ဖြစ်ထွန်းလာနိုင်မယ့် နိုင်ငံရေးအခြေအနေများနဲ့အညီ ညှိနှိုင်းချမှတ်သွားဖို့ လိုအပ်ပါလိမ့်မယ်။

*မေး ။ ။ တပ်ပေါင်းစုကြီးက ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ မဟာဗျူဟာမြောက်ရည်မှန်းချက်၊ မျှော်မှန်းချက်၊ ဦးတည်ချက်တွေကို အခြေခံနိုင်ငံရေးမူဝါဒအဖြစ် အခြေခံထားပြီးတော့ ၂၀၁၀ ကျော်လွန်ခဲ့ရင်ရော အဲ့ဒီဦးတည်ချက်ရည်မှန်းချက်တွေက ပြောင်းလဲသွားနိုင်ပါသလား။ ဆက်လည်ရော တည်ရှိနေမှာလားဆိုတာသိပါရစေ။*

ဖြေ ။ ။ ဒသမအကြိမ်မြောက် မဟာဗျူဟာညှိနှိုင်းအစည်းအဝေးကနေ ချမှတ်ထားတဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ သဘောထားကို စုစည်းပြီးတင်ပြထားတာပါ။ ပိုမိုကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီးတရပ်ကို စုဖွဲ့နိုင်ဖို့အတွက် ဆွေးနွေးညှိနှိုင်းနေတဲ့အဆင့်မှာပဲရှိပါသေးတယ်။ လက်တွေ့အကောင်အထည် မဖော်ရသေးပါဘူး။ ဖြစ်ထွန်းမှုအခြေအနေအသစ်များကိုတော့ လိုအပ်ချက်နဲ့အညီ ပြည်သူလူထုကို စဉ်ဆက်မပြတ်တင်ပြပေးနေပါ့မယ်။

> “ညီညွတ်ရေးအတွက်လည်း အပြန်အလှန်အသိအမှတ်ပြုမှု၊ အပြန်အလှန်လေးစားမှု သဘောထားတွေနဲ့ အင်အားစုအားလုံး လက်တွဲဆောင်ရွက်ကြဖို့ကိုလည်း တိုက်တွန်းလိုပါတယ်၊

*မေး ။ ။ အဖွဲ့ကြီးအကောင်အထည်ဖော်ဆောင်ရွက်လုပ်ကိုင်တာနဲ့ပတ်သက်ပြီး တခြားဖြည့်စွက်ပြောကြားချင်တာများရှိရင်။*

ဖြေ။ ။ ပိုမိုကျယ်ပြန့်တဲ့တပ်ပေါင်းစုကြီးအဖြစ် စုစည်းနိုင်ဖို့ကြိုးပမ်းရာမှာ မတူညီမှုတွေ၊ အခက်အခဲတွေ ရှိနိုင်ပါတယ်။ ကျနော်တို့ NCUB အနေနဲ့ ရိုးသားပွင့်လင်းမှုအခြေခံနဲ့ ဒီနေ့ကာလ တိုက်ပွဲရဲ့တောင်းဆိုမှုများကို ဖြည့်ဆည်းနိုင်ဖို့၊ စိမ်ခေါ်မှုများကိုကျော်လွှားနိုင်ဖို့ အမျိုးသားရေးတာဝန်တရပ်အနေနဲ့ အားထုတ်သွားမှာဖြစ်ပါတယ်။ ညီညွတ်ရေးအတွက်လည်း အပြန်အလှန်အသိအမှတ်ပြုမှု၊ အပြန်အလှန်လေးစားမှု သဘောထားတွေနဲ့ အင်အားစုအားလုံး လက်တွဲဆောင်ရွက်ကြဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။ ❖

# စစ်အုပ်စု၏ရွေးကောက်ပွဲရလဒ်အားအသိအမှတ်ပြုမည်မဟုတ်ဟု အီးအဲန်စီပဉ္စမအကြိမ်ညီလာခံတွင် ထုတ်ပြန်ကြေညာ



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း

ဩဂုတ်လ (၂၈) ရက်။

တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်လာစေရေးအားရည်ရွယ်၍ မတ်လ ၂၀၀၄ ခုနှစ် တိုင်းရင်းသားလူမျိုးစုများဖြင့် ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ ပဉ္စမအကြိမ်ညီလာခံကို ထိုင်းနိုင်ငံတနေရာတွင် ဩဂုတ်လ (၂၄) ရက်မှ (၂၈) ရက်နေ့အထိကျင်းပခဲ့ပြီး အီးအဲန်စီအမှုဆောင်သစ်များကိုလည်း ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ခူထဲဘူးဖဲအား ဥက္ကဋ္ဌ၊ ချင်းအမျိုးသားကောင်စီမှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းမှ ဒုဥက္ကဋ္ဌ၊ ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖိုလ်မှူးတူးတူးလေးမှ ဒုဥက္ကဋ္ဌ၊ ကချင်အမျိုးသားကွန်ဂရက်မှ မခိုခွန်ဆာက အထွေထွေအတွင်းရေးမှူး၊ ကရင်အမျိုးသားအစည်းအရုံးမှ ဗဒိုစောဒေးဇစ်ထောမှ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ချင်းအမျိုးသားတပ်ဦးမှ ဒေါက်တာရှွေခါးက တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် အသီးသီးရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါညီလာခံတွင် စစ်အစိုးရမှ တဖက်သတ်ရေးဆွဲခဲ့ပြီး အတင်းအဓမ္မအတည်ပြုထားခဲ့သည့်ဖွဲ့စည်းပုံနှင့် လာမည့် ၂၀၁၀ တွင် စစ်အစိုးရမှကျင်းပည့် ရွေးကောက်ပွဲနှင့် ယင်းရွေးကောက်ပွဲမှ ထွက်ပေါ်လာမည့်ရလဒ်အား အသိအမှတ်မပြုကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အီးအဲန်စီ၏ ဒုဥက္ကဋ္ဌသစ်ဖြစ်သူ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ရုတ်မတ်အတိုင်းလုပ်ပြီးတော့ ကျင်းပသွားတဲ့ အမျိုးသားညီလာခံကလည်း တရားမဝင်ဘူးလို့ ကျနော်တို့မြင်တယ်။ တကယ့်ပါဝင်သင့် ပါဝင်ထိုက်တဲ့ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရရှိထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေမပါဘူး။ တိုင်းရင်းသားကိုယ်စားလှယ်တွေလည်းမပါဘူး။ အမျိုးသားညီလာခံရဲ့ရရှိချက်ပေါ်မှာရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း စစ်အာဏာရှင်စနစ်ကိုသာကာကွယ်ပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်တဲ့အတွက် လက်မခံဘူး။ အဲ့ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲနဲ့ ကျင်းပနေတဲ့အချိန်မှာလည်းပဲ မတရားမှုတွေအများကြီးရှိတယ်။ တရားနည်းလမ်းမကျဘူး။"ဟု၍ စစ်အစိုးရရေးဆွဲသည့် ဖွဲ့စည်းပုံနှင့်ပတ်သက်၍ သုံးသပ်ပြောဆိုခဲ့သည်။ ထို့ပြင် လာမည့် ၂၀၁၀ တွင်ကျင်းပမည်ဖြစ်သည့်ရွေးကောက်ပွဲမှ ထွက်ပေါ်လာမည့်အစိုးရကိုလည်း မိမိတို့လိုချင်သည့်အစိုးရ မဖြစ်လာနိုင်သည့်အတွက် လက်မခံနိုင်ကြောင်းကိုလည်း တဆက်တည်းပြောဆိုခဲ့သည်။

နအဖစစ်အစိုးရအနေဖြင့်လည်း မြန်မာနိုင်ငံ၏ တရားဝင်သည့်အစိုးရတရပ် အမှန်တကယ်ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များပါဝင်သည့် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲတရပ်ကိုလည်း ဦးတည်ဆွေးနွေးသည့်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း စစ်အစိုးရကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားသည့်လမ်းပြမြေပုံအား အကောင်အထည်ဖော်ဆောင်နေခြင်းသာဖြစ်သည့်အတွက် ဆက်လက်ဆန့်ကျင်ကန့်ကွက်ကြပါရန်ကိုလည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်လျက်ရှိသည့် အကြပ်အတည်းပြဿနာပေါင်းစုံကိုလည်း ကမ္ဘာ့ကုလသမဂ္ဂ၏ ကြီးကြပ်မှုအောက်တွင် အိမ်နီးချင်းနိုင်ငံများမှ နအဖစစ်စအစိုးရအား တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်သို့ရောက်ရှိအောင် စွမ်းဆောင်သင့်ကြောင်း အဆိုပါညီလာခံကြီးမှ တောင်းဆိုခဲ့သည်။

ယင်းညီလာခံသို့ အီးအဲန်စီ၏ အခြေခံအဖွဲ့အစည်းများဖြစ်သည့် တိုင်းရင်းသားပြည် (၇) ခု၏ နိုင်ငံရေးအဖွဲ့အစည်းများမှ အမျိုးသမီးများ၊ လူငယ်များနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း (၅၅) ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။

**စစ်ကျွန်အဖြစ်**

**...နွံနှစ်မခံ...**

# ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) ၏ (၁၀) နှစ်မြောက်အခမ်းအနား ထိုင်း-မြန်မာနယ်စပ်တနေရာတွင်ကျင်းပ

စက်တင်ဘာလ (၁၆) ရက်။

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင်ကျရောက်ခဲ့သည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) ၏ (၁၀) နှစ်မြောက်အခမ်းအနားတရပ်အား ထိုင်း–မြန်မာနယ်စပ်တနေရာရှိ ဖဒိုမန်းရှာလားဖန်ခန်းမဆောင်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ပရောက်လွှတ်တော်ကိုယ်စားလှယ်တချို့၊ မဟာမိတ်အဖွဲ့အသီးသီးမှ ခေါင်းဆောင်တချို့နှင့် သတင်းမီဒီယာဌာနအသီးသီးတို့မှ တက်ရောက်ခဲ့ကြပြီး၊ တက်ရောက်လာကြသည့် မဟာမိတ်အဖွဲ့အသီးသီးမှခေါင်းဆောင်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့မှ စီအာရ်ပီပီ ဖွဲ့စည်းတည်ထောင်ခဲ့ရသည့်ရည်ရွယ်ချက်နှင့် (၁၀) နှစ်တာအတွင်း လုပ်ဆောင်ခဲ့သည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသွားခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သည့် ဦးလှဦးက စီအာရ်ပီပီသည်အခက်အခဲမျိုးစုံကြားတွင် ရန်းကန်ဆောင်ရွက်နေရသည့်အတွက် မိမိတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ (MPU) မှ ကူညီဖြည့်ဆည်းပေးနေရပြီး အခြားအဖွဲ့အစည်းအသီးသီးအနေဖြင့်လည်း အတူတကွပူးပေါင်းပါဝင်ကြပါရန် ဖိတ်ကြားပြောဆိုခဲ့သည်။

ဆက်လက်ပြီး "ကျနော်တို့ ဦးထိပ်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဟာ အထဲထဲမှာ အကျဉ်းအကျပ်နဲ့၊ ချုပ်နှောင်မှုပေါင်းစုံ၊ ကျပ်တည်းမှုပေါင်းစုံ၊ နှိပ်ကွပ်မှုပေါင်းစုံနဲ့ မလှုပ်နိုင်မရှားနိုင်တဲ့ကာလမှာ၊ ပြည်ပမှာရှိနေတဲ့ ပြည်သူ့လွှတ်တော်များကို ကိုယ်စားပြုနိုင်သော အစုအစည်းတရပ်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂအနေနဲ့ ကျနော်တို့က လိုအပ်ချက်များကို ဖြည့်စွက်ပြီးတော့၊ ကွက်လပ်ကလေးတွေကို ဖြည့်ပေးနေခြင်းဖြစ်တယ်လို့ ကျနော်တို့အနေနဲ့ တင်ပြနေခြင်းဖြစ်ပါတယ်"

"ကျနော်တို့ရဲ့သမိုင်းကြောင်းအရမှာ ကျနော်တို့ဖက်က ထင်ဟပ်လာတဲ့နေ့များကို အားလုံးကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အတတ်နိုင်ဆုံး ကျနော်တို့နဲ့အတူ အားလုံးသောအဖွဲ့အစည်းတွေက လိုအပ်ချက်များကို ပူးပေါင်းဖြည့်စွက်ပါဝင်ကူညီဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ပြောဆိုသွားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီသဘာပတိအဖွဲ့ဝင်တဦးဖြစ်သူ ဦးခိုင်စိုးနိုင်အောင်က ပြည်တွင်းတွင်လုပ်ကိုင်ဆောင်ရွက်နေရသည့် စီအာရ်ပီပီအနေနှင့် အကန့်အသတ်များကြားမှ ရုန်းကန်လှုပ်ရှားနေရခြင်းဖြစ်သောကြောင့် ပြင်ပတွင်ဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU) မှ ကိုယ်စားပြုကော်မတီကိုယ်စား အကောင်အထည်ဖော်ဆောင်ရွက်ရန်ကိုလည်း တိုက်တွန်းပြောကြားသွားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဥက္ကဋ္ဌဖြစ်သူ ဦးတင်အောင်က ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) ၏ (၁၀) နှစ်တာကာလ ဖြတ်သန်းခဲ့ရမှုသမိုင်းသည် ခက်ခဲကြမ်းတမ်းကြောင်းကို "၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အခြေပြုပြီးတော့မှ အဲဒီရလဒ်ရဲ့မန်းဒိတ် (Mangate) ကိုပုံအပ်ပြီးတော့မှ ကျနော်တို့စီအာရ်ပီပီဆိုတာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းရခြင်းဖြစ်တယ်။ ဒီနေ့ အဲဒီလိုဖွဲ့စည်းခဲ့သလိုပဲ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရဲ့ (၁၀) နှစ်တာကာလသမိုင်းကို ပြန်သုံးသပ်ကြည့်ရင် အင်မတန်မှကြမ်းတမ်းခက်ထန်တဲ့ ခရောင်းလမ်းကို လျှောက်လှမ်းလာခဲ့ရတဲ့ ခေါင်းဆောင်များဖြစ်တယ်လို့ ကျနော်ပြောချင်ပါတယ်။ ဘာကြောင့်လည်းဆိုရင် ဒီနေ့ထိအောင်တောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀၀) ကျော်ရဲ့မန်းဒိတ် (Mangate) ကို စီအာရ်ပီပီမှာလုပ်နေပေမယ့်လို့ နအဖရဲ့အသိအမှတ်ပြုမှုကို ဒီနေ့အထိမရရှိခဲ့ပါဘူး။ အဲဒီလိုမရှိတဲ့၊ ဖိနှိပ်နေတဲ့ကြားမှာ စီအာရ်ပီပီဟာ သူလုပ်ရမယ့်လုပ်ငန်းကို တစိုက်မတ်မတ်လုပ်ခဲ့တာ ကျနော်တို့ တွေ့ရပါတယ်။"

၁၉၉၅ ခုနှစ်မှစတင်၍ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များ၏ အမြုတေစဉ်းစားတွေးခေါ်မှုမှ ၁၉၉၈ ခုနှစ်ထိ (၃) နှစ်တာကာလအတွင်း ကြိုးပမ်းလှုပ်ရှားဆောင်ရွက်ရာမှ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖြစ် ခက်ခက်ခဲခဲပေါ်ပေါက်လာရခြင်းဖြစ်ပြီး သမိုင်းကြောင်း၏စေခိုင်းမှု၊ သမိုင်းကြောင်း၏လိုအပ်ချက်၊ နိုင်ငံရေးလုပ်ကိုင်ဆောင်ရွက်နေချိန်တွင် ဖြည့်ဆည်းမှုအရ ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီပေါ်ပေါက်လာရခြင်းအကြောင်းကို ဦးလှဦးမှ ပြောဆိုသွားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ပေါ်ပေါက်လာစေရန် သက်ဆိုင်ရာပါတီအဖွဲ့အစည်းအသီးသီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏လက်မှတ်များကို လျှို့ဝှက်စွာကောက်ခံပြီး ပါတီဥက္ကဋ္ဌများထံသို့ အပ်နှံခြင်းမှစတင်ခဲ့ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မဲအများဆုံးဖြင့် အနိုင်ရရှိခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်၍ လွှတ်တော်ခေါ်နိုင်ရန် တောင်းဆိုလိုက်သည့်အချိန်မှစတင်ကာ လွှတ်တော်ကိုယ်စားလှယ်များအား စစ်အစိုးရက စတင်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု စီအာရ်ပီပီစတင်ဖွဲ့စည်းသည့်အချိန်တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးထွန်းဝင်းက ပြောပြခဲ့သည်။



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ (၁၀) နှစ်ပြည့်အခမ်းအနားအား ထိုင်း-မြန်မာနယ်စပ်တနေရာတွင်ကျင်းပစဉ်

ထို့ပြင် အဖမ်းအဆီးခံထားရသည့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်ဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးအမျိုးသားကွန်ဂရက်အဖွဲ့တို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ကိုယ်စားလှယ်အဖြစ် ဦးအေးသာအောင်အား ရွေးချယ်လိုက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှကိုယ်စားလှယ် (၉) ဦး၊ စုစုပေါင်း (၁၀) ဦးဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်းကိုလည်း ဦးထွန်းဝင်းက တဆက်တည်းပြောဆိုခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၊ မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (မဒမခ) တို့မှ သဘောထားကြေညာချက်များထုတ်ပြန်ပေးပို့ခဲ့ပြီး အဆိုပါထုတ်ပြန်ကြေညာချက်များအား အဲန်စီယူဘီ၏ တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ဦးမြင့်သိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သူ ဦးဝင်းလှိုင်၊ လူ့ဘောင်သစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ကိုငွေလင်းတို့မှ အသီးသီးဖတ်ကြားခဲ့ပြီး ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလယ်ဖြစ်သည့် ဒေါ်စန်းစန်းမှ ကျေးဇူးတင်စကားပြောကြားကာ အခမ်းနားအား ရုပ်သိမ်းခဲ့သည်။

❖

> " မြန်မာပြည်သူတွေရဲ့
> မဟာဗျူဟာရည်မှန်းချက်က
> စစ်အာဏာရှင်အစိုးရကိုဖြုတ်ချပြီး
> ဒီမိုကရေစီအစိုးရ
> ထူထောင်ဖို့ဖြစ်ပါတယ်...။
> မောင်စူးစမ်းဟာ
> မြန်မာပြည်သူတွေအတွင်းမှာ
> ရှုပ်ထွေးမှုတွေဖြစ်ပေါ်အောင်
> စစ်ဝါဒီတွေအလိုကျ
> သူ့ဆောင်းပါးရေးသားခြင်း
> ဖြစ်ပါတယ်...။



# နှစ်ပေါင်း (၅၀) အတွင်း ဦးချမ်းအေး နိုင်ငံရေးအမှားတွေ ဘယ်နှစ်ကြိမ် ကျူးလွန်ခဲ့ပါလဲ

စိန်ကျော်ဝင်း

ဩဂုတ်လ (၈) ရက်နေ့မှာ ထုတ်ဝေလိုက်တဲ့ မော်ဒန်သတင်းဂျာနယ်မှာ မောင်စူးစမ်း (ဦးချမ်းအေး) ရဲ့ဆောင်းပါးတပုဒ် ဖော်ပြထားပါတယ်။ "နိုင်ငံရေးသစ်ခြင်း ဖြုတ်ကနဲယှဉ်ကြည့်ဆိုတဲ့" ဆောင်းပါးဖြစ်ပါတယ်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ရဲ့ နိုင် ငံရေးဖြစ်ရပ်တွေကို နှိုင်းယှဉ်ပြခြင်းဖြစ်ပါတယ်။ ဆိုလိုတာက ရွေးကောက်ပွဲနဲ့တက်လာတဲ့ "စမတ်အစိုးရ"ကို နှုတ်ထွက်ပေးဖို့ တောင်းဆိုတဲ့ဆန္ဒပြပွဲတွေကို မှားယွင်းတယ်ဆိုပြီး ပြစ်တင်ရှုတ်ချတဲ့ဆောင်းပါးဖြစ်ပါတယ်။ တနည်းပြောရရင် အတိုက်ခံနိုင်ငံရေးသမားတွေကို ဆန့်ကျင်ထားတဲ့ ရေးသားချက်ဖြစ်ပါတယ်။ သူ့ဆောင်းပါးမှာ ဒီလိုဆိုထားပါတယ်။

"နိုင်ငံရေးအသစ်အမည်ခံ၍ အတိုက်ခံတို့က အစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုတင်သွင်းသည်။ ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့အား အမျိုးအမျိုးဝေဖန်ရှုတ်ချသည်။ အစိုးရဘက်မှလည်း ပြန်လည်ခုခံချေပသည်။ မောင်စူးစမ်းက ထိုင်းနိုင်ငံအတွင်း လူထုလှုပ်ရှားမှုများကို မှားယွင်းကြောင်းဖော်ပြလိုရင်းဖြစ်ပါတယ်။ တနည်းပြောရရင် ရွေးကောက်ပွဲနဲ့တက်လာတဲ့အစိုးရကို ကန့်ကွက်ဆန္ဒတွေကိုမှားယွင်းကြောင်းဖော်ပြခြင်းဖြစ်ပါသည်။

သူ့ရဲ့ရေးသားချက်တွေကို သုံးသပ်ကြည့်ရင် ထိုင်းပြည်သူတွေရဲ့ ဒီမိုကရေစီလွတ်လပ်မှုတွေကို ဝန်ခံထားပါတယ်။ စမတ်အစိုးရကို ထောက်ခံလိုက်တဲ့ရေးသားချက်ဖြစ်ပါတယ်။

"စမတ်"အစိုးရရဲ့ အကျင့်ပျက်မှု၊ ခြစားမှုတွေကိုဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံရေးက ထိုင်းနိုင်ငံရေးနဲ့လုံးဝမတူပါ။ စစ်အာဏာရှင်စနစ် အုပ်စိုးနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ပြည်သူတွေက ဒီမိုကရေစနစ်ဖော်ဆောင်ရေးအတွက် လုံပမ်းတိုက်ပွဲဝင်နေချိန်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ထိုင်းနိုင်ငံနဲ့ ယှဉ်ပြိုင်သုံးသပ်မယ်ဆိုရင် လုံးဝမှားယွင်းပါတယ်။

မြန်မာပြည်သူတွေရဲ့ မဟာဗျူဟာရည်မှန်းချက်က စစ်အာဏာရှင်အစိုးရကိုဖြုတ်ချပြီး ဒီမိုကရေစီအစိုးရထူထောင်ဖို့ ဖြစ်ပါတယ်။

မောင်စူးစမ်းဟာ မြန်မာပြည်သူတွေအတွင်းမှာ ရှုပ်ထွေးမှုတွေဖြစ်ပေါ်အောင် စစ်ဝါဒီတွေအလိုကျ သူ့ဆောင်းပါးရေးသားခြင်းဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲဖြစ်ဖို့ နအဖအစိုးရအထိုင်ရဖို့ အထောက်အကူပြုခြင်းဖြစ်ပါတယ်။ နိုင်ငံရေးအရ ရန်သူကို မှန်မှားသွားအောင်ကြိုးပမ်းချက်လည်းဖြစ်ပါသည်။

ဒါဖြင့်ရင် လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀) အတွင်း မြန်မာ့နိုင်ငံရေးမှာ အမှားတွေဘယ်နှစ်ကြိမ်ကျူးလွန်ပါသလဲ။

ဆန်းစစ်ကြည့်ရအောင် ....

၁၉၉၅ ခုနှစ်မှာ ကွန်မြူနစ်ပါတီရဲ့ တိုင်းကော်မတီအဆင့်နဲ့ တာဝန်ပေးချက်အရ ရန်ကုန်နေပြည်တော်ရောက်လာခဲ့တယ်။

သူဟာ"နေးရှင်း" သတင်းစာ အယ်ဒီတာချုပ် "ဦးလောရုံး"နဲ့ တွေ့ဆုံပြီး (၅၅) လမ်းစဉ်ကို ဆွေးနွေးရှင်းပြခဲ့တယ်။ အဲ့ဒီစာတမ်းကိုလည်း သတင်းစာမှာ အပြည့်အစုံဖော်ပြပေးဖို့ မေတ္တာရပ်ခဲ့တယ်။ အယ်ဒီတာချုပ်ကလည်း ကတိအတိုင်း စာတမ်းကိုဖော်ပြခဲ့တယ်၊ "ဖဆလ"အစိုးရအတွင်း အကြီးအကျယ် ဂယက်ရိုက်သွားပါတယ်။ ပြည်ထဲရေးဝန်ကြီးက သူ့ကိုဖမ်းမိရေး လုံးပမ်းအားထုတ်ပါတယ်။ ၁၉၅၆ ခုနှစ်အတွင်းမှာဘဲ ဦးချမ်းအေးကိုဖမ်းမိလိုက်ပါတယ်။ ၁၉၅၇ ခုနှစ်မှာ ချမ်းအေးစစ်တမ်း ထွက်ပေါ်လာပါတယ်။ အဖမ်းခံရပြီး ဦးချမ်းအေးရှေ့မှာ လမ်း (၂) သွယ်ရှိနေပါတယ်။ (၁) နိုင်ငံတော်ပုန်ကုန်မှု ဥပဒေပုဒ်မ (၁၂၇) အရ တရားစွဲခံမလား။ ဒါမှမဟုတ် (၂) ပါတီရဲ့လမ်းစဉ်ကိုဆန့်ကျင်ပြီး လက်နက်ချအညံ့ခံမလားဆိုတာ ဖြစ်ပါတယ်။ ချမ်းအေးစစ်တမ်းဆိုတာ လက်နက်ချအညံ့ခံခြင်းဖြစ်ပါတယ်။ စာတမ်းရဲ့ ဆိုလိုချက်က (၅၅) လမ်းစဉ်ကို ဝေဖန်တိုက်ခိုက်ပြီး ကွန်မြူနစ်ပါတီကိုအညံ့ခံ ဥပဒေတွင်းဝင်ရောက်ရေးဖြစ်ပါတယ်။ အဲ့ဒီအချိန်က မြို့ပေါ်မှာ အင်အားကြီးမားတဲ့ ဗမာပြည်အလုပ်သမားပါတီက လူစစ်တမ်းကို ပြင်းထန်စွာထိုးနှက်တိုက်ခိုက်ခဲ့တယ်။ "ချမ်းအေး" စစ်တမ်းဝေဖန်ချက်စာတမ်းဖြစ်ပါတယ်။ လက်ျာအချောင်ဝါဒလမ်းစဉ်အဖြစ် ပြစ်တင်ရှုံ့ချခဲ့ပါတယ်။ ဒါက ပထမအကြိမ်အမှားပါ၊

ဒုတိယအကြိမ်အမှားကတော့ ၁၉၆၅ ခုနှစ်တော်လှန်ရေးကောင်စီ အာဏာသိမ်းစဉ်ကဖြစ်ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုထောက်ခံပြီး ဘဏ္ဍာရေးနဲ့အခွန်တော်ဝန်ကြီးဌာနမှာ အကြံပေးအရာရှိအဖြစ် တာဝန်ယူခဲ့ပါတယ်။ နောက်ပိုင်းမှာ အိုင်စီအက်ဦးဘငြိမ်းနဲ့ဦးချမ်းအေးတို့ စီးပွားရေးမူဝါဒသဘောထားကွဲလွဲခဲ့တာကြောင့် ရာထူးကထုတ်ပယ်ခံရလိုက်ပါတယ်။

မိုဒါန်သတင်းဂျာနယ်မှာ ဦးချမ်းအေးက "မြန်မာ့နိုင်ငံရေး ယခုဖွဲ့စည်းပုံဥပဒေသစ်ပြဋ္ဌာန်းပြီးဖြစ်သည်။ ဥပဒေသစ်အရ ရွေးကောက်ပွဲသစ်ပေါ်လာမည်။ ထို့ကြောင့် လက်ရှိတပ်မတော်အစိုးရသည် အိမ်စောင့်အစိုးရသဘောဖြစ်သွားသည်။ အိမ်စောင့်အစိုးရဆိုသည်မှာ ဒိုင်လူကြီးဖြစ်သည်။

ပလေယာအသစ်တွေ ကွင်းသစ်၌ ဒိုင်လူကြီးဖြင့် ကစားရမည့်သဘောကပင် နိုင်ငံရေးသစ်ဖြစ်ဖို့ရှိသည်၊ ဤနိုင်ငံရေးသစ်သည် ထိုင်းနိုင်ငံရေးသစ်နှင့် ခြားနားပါလိမ့်မည်။ မြန်မာနိုင်ငံရေးသစ်၌ ဘယ်လိုပလေယာသစ်တွေပေါ်ထွက်လာမည်မသိ။ ရွေးကောက်ပွဲဆိုင်ရာဥပဒေသစ်ပေါ်ကမှသာ ခန့်မှန်းနိုင်ပါလိမ့်မည်။

လက်ရှိအခြေအနေ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ထွန်းမှုသည် (Speed) မြန်နှုန်းပြဿနာဖြစ်သည်။ စဉ်ပြိုင်အစီအစဉ် တခြားရွေးချယ်စရာအစီအစဉ်နှင့် ဖိုရမ်တို့သည် ဖြစ်နိုင်ချေမရှိ။ (ထို့ကြောင့်) ဖြစ်နိုင်ချေ တကယ်ရှိနေသည့်အစီအစဉ်ကို မြန်မြန်ဖြစ်အောင် တိုက်တွန်းဖို့ဖြစ်သည်။ ထို့ကြောင့် (Speed) မြန်နှုန်းသည် အဓိကပြဿနာဖြစ်သည်။ ဤနေရာ၌ အလှတန်ဆာဆင်မှုနှင့် အနှစ်သာရတို့ခြားနားပုံတို့ကို သတိရှိအပ်ပေသည်။ ဒိုင်ယာလော့ခ် (စားပွဲဝိုင်းဆွေးနွေးပွဲ) သည် အလှတန်ဆာဆင်ခြင်းဖြစ်၍ အနှစ်သာရမဟုတ်ပေ။ အလှတန်ဆာဆင်မှုကို စွဲမက်လွန်းလျှင် (တရားသေဆုပ်ကိုင်ထားလျှင်) ချောင်ပိတ်မိနေပြီး ထွက်လမ်းမရှိနိုင်ပေ။ အလှတန်ဆာဆင်မှုကို တရားသေကိုင်စွဲလျှင် မိုက်မဲမှုဖြစ်လိမ့်မည်"လို့ မောင်စူးစမ်းဟာ သူ့ဆောင်းပါးကို နိဂုံးချုပ်ပြပါတယ်။

အထက်မှာကောက်နှုတ်ဖော်ပြလိုက်တဲ့ မောင်စူးစမ်းရဲ့ စာပိုဒ်တွေအရ၊ အတည်ပြုလိုက်တဲ့ဖွဲ့စည်းပုံသစ်ကို နိုင်ငံရေးပါတီတိုင်း သိမှတ်ပြုရမယ်။ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို စွန့်လွှတ်ပစ်ရမယ်။ ဒိုင်ယာလော့ခ်ကိုတောင်းဆိုနေဖို့မလို ၂၀၁၀ ရွေးကောက်ပွဲကို မြန်မြန်ကျင်းပနိုင်အောင် ဝိုင်းဝန်းထောက်ခံရမယ်။ ဒါကြောင့် ပစ္စုပ္ပန်မြန်မာ့နိုင်ငံရေးမှာ (Speed) မြန်နှုန်းက အဓိကလို့ သူကဆိုပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာ ပလေယာသစ်တွေ (အမတ်လောင်း) ဝင်ရောက်ကစားကြဖို့ တိုက်တွန်းလိုက်တဲ့အဓိပ္ပါယ်ဖြစ်ပါတယ်။ အကယ်၍သာဒိုင်ယာလော့ (စကားဝိုင်းဆွေးနွေးပွဲ) ကို တရားသေကိုင်စွဲထားခဲ့ရင် မိုက်မဲမှုလို့ ဆိုလိုက်ပြန်ပါတယ်။

အသက် (၈၀) ကျော်အရွယ်ရောက်နေပြီးဖြစ်တဲ့ မောင်စူးစမ်း (ခေါ်) ဦးချမ်းအေးဟာ တတိယအကြိမ်နိုင်ငံရေးအမှားကို ကျူးလွန်သူဖြစ်ပါတယ်။ စစ်ဝါဒီတွေရဲ့ နောက်လိုက်လက်ကိုင်ဒုတ်အဖြစ် ခံယူလိုက်ခြင်းဖြစ်ပါတယ်။

ဒီနေ့ခေတ်မြန်မာ့နိုင်ငံရေးမှာ အခြေခံအကျဆုံးပြဿနာတချို့ကို တင်ပြလိုက်ပါတယ်။

၁။ အတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံဥပဒေကို ကန့်ကွက်မလား။ ထောက်ခံမလား။

၂။ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ဆုတ်ကိုင်ထားမလား။ စွန့်လွှတ်မလား။

၃။ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ လွှတ်ပေးရေးတောင်းဆိုချက်ဟာ မှားနေပြီလား။

၄။ အမျိုးသားသွေးစည်းရေးဦးတည်ချက်ထားရှိတဲ့စားပွဲတိုင်း ဆွေးနွေးပွဲတွေ ကျင်းပကြဖို့တောင်းဆိုချက်ဟာ ခေတ်မရှိတော့ဘူးလား။ တနည်းပြောရရင် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်ဆီကူးပြောင်းရာမှာ ငြိမ်းချမ်းတဲ့နည်းကိုကျင့်သုံးမလား။ မငြိမ်းချမ်းတဲ့နည်းကို ကျင့်သုံးကြမလား။ အသွင်ကူးပြောင်းကာလတိုက်ပွဲ ပုံစံ (၂) မျိုးကို ဆိုလိုပါတယ်။

၅။ (၃) ပွင့်ဆိုင်ဆွေးနွေးပွဲတောင်းဆိုချက်မှားသလား။

၆။ လူမျိုးစုတွေရဲ့တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို သိမှတ်ပြု၊ မပြုဆိုတာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်တာမဟုတ်ပေဘူးလား။

၇။ နှစ်ပေါင်း (၆၀) ရှည်ကြာခဲ့ပြီးဖြစ်တဲ့ပြည်တွင်းစစ်ပွဲကို အဆုံးသတ်သင့်ပြီမဟုတ်ပါလား။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ဆန္ဒမွန်မဟုတ်ဘူးလား။ (ဒီနေ့ခေတ် မြန်မာ့နိုင်ငံရေးမဟာဗျူဟာပြဿနာတွေလို ယူဆပါတယ်။

(၈၈) ခုနှစ် အာဏာသိမ်းစဉ်က စစ်ကောင်စီက ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်တို့ကို ဖော်ဆောင်ပေးတယ်လို့ ကမ္ဘာထိကြေညာပေးခဲ့တယ်။ ဒီကနေ့အထိ သူတို့ဟာ စီးပွားရေးအရ၊ နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုတွေ ဘာတခုမျှ အကောင်အထည်ဖော်ခြင်းမရှိပါ။ ဒါကြောင့် ရဟန်းသံဃာတွေ၊ နိုင်ငံရေးသမားတွေ၊ ပြည်သူတွေဟာ အာဏာရှင်စနစ်ကို ချေမှုန်းသုတ်သင်ပြီး၊ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် အသက်သွေးတွေနဲ့ ရင်းနှီးတိုက်ပွဲဝင်နေခြင်းဖြစ်ပါတယ်။ ဦးချမ်းအေးမသိတာ လုံးဝမဖြစ်နိုင်ပါ။

ဆောင်းပါးရှင်ဟာ ၁၉၈၁ – ၈၂ ကာလတွေမှာ အင်းစိန် နရသိမ်စခန်းမှာ သူနဲ့အတူနေထိုင်ခဲ့ဖူးပါတယ်။ ပုဂ္ဂိုလ်ရေးအာဃာတ လုံးဝမထားရှိပါ။

ဦးချမ်းအေးဟာ ပြည်သူတွေကို နိုင်ငံရေးမှိုင်းလုံးတွေတိုက်ကျွေးပြီး စစ်ဝါဒီတွေကို အလှချက်ပေးနေတာကိုတော့ လုံးဝရပ်စဲသင့်ပြီလို့ တိုက်တွန်းလိုက်ပါတယ်။

အမေရိကန်သံရုံးကထုတ်ဝေပေးလိုက်တဲ့ ဦးချမ်းအေးရဲ့ဘာသာပြန်စာအုပ်တွေအတွက် ဒေါ်လာသောင်းသိန်းချီရခဲ့ပြီးလဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရေးမှာ ဝင်ရောက်မှိုင်းတိုက်မှု၊ စစ်ဝါဒီတွေအကြိုက်ရေးသားချက်တွေကို ရပ်နားသင့်ပါပြီ။ တက္ကသိုလ်မြတ်သူ၊ ပေါက်စ၊ ပခုက္ကူတင်ရွှေ၊ ကျော်မြင့်ခိုင်တို့နဲ့ လမ်းခွဲရပ်တည်ပြဖို့ အကြံပြုလိုက်ပါတယ်။

၁၉၆၂ ခုနှစ်၊ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်ချုပ်အောင်ကြီးတို့ အာဏာသိမ်းစဉ်က ထောက်ခံပူးပေါင်းခဲ့ကြတဲ့ ဗိုလ်မှူးဖိုးကွန်းထွန်း၊ နေ့စဉ် ဦးထွန်းဖေ၊ ဆရာကြီး ပဲခူးဦးသာဒင် ဦးအောင်သန်း ဦးသိန်းဖေမြင့်၊ ဝိဒူရ သခင်ချစ်မောင်တို့ရဲ့ သမိုင်းရေးရာအမှားတွေကို ပြန်ပြောင်းသတိရဖို့လိုပါတယ်။

သမိုင်းတကွေ့မှာ နိုင်ငံရေးအမှားကျူးလွန်မိခဲ့ရင် သမိုင်းတရားခံစာရင်းပါသွားတတ်တယ်ဆိုတာ ဝါရင့်ကလောင်ရှင်ကြီးသတိရှိစေလိုပါတယ်။

စိန်ကျော်ဝင်း
၁၀၊ ၁၀၊ ၂၀၀၈။ ❖

*အကယ်၍*
*စောင့်သင့်တဲ့အချိန်ကို စောင့်နိုင်ပြီး*
*အဲဒီအတွက်လည်း မမောမပမ်းနေနိုင်မယ်ဆိုရင် ....*

*(Rudyard Kipling ရဲ့ If ကဗျာ။ ဒေါ်အောင်ဆန်းစုကြည်ဘာသာပြန်)*

မနှစ်နိုဝင်ဘာက ကုလသမဂ္ဂရဲ့ ကြားဝင်ဆောင်ရွက်ပေးမှုကိုကြိုဆိုကြောင်း တရားဝင်ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် (၁၀) လအကြာမှာ ကုလသမဂ္ဂသံတမန်ကို လက်ခံတွေ့ဆုံဖို့ ဒေါ်အောင်ဆန်းစုကြည်က ငြင်းဆန်လိုက်ပါတယ်။

တကယ်တော့ ကုလသမဂ္ဂသံတမန်ရဲ့ ပြီးခဲ့တဲ့မတ်လခရီးစဉ်ကတည်းက "ကုလသမဂ္ဂ .... ဘယ်လိုလဲ"ဆိုတာ မေးစရာမေးခွန်းဖြစ်နေပါပြီ။ အခု ဩဂုတ်လခရီးစဉ်မှာတော့ အဖြေထုတ်ပြီးသားဖြစ်သွားပါတယ်။ မြန်မာပြည်ကိစ္စမှာ မစ္စတာဂမ်ဘာရီကိုရော၊ ကုလသမဂ္ဂရဲ့ လက်ရှိချဉ်းကပ်မှုနည်းဟောင်းကိုပါ ပြောင်းလဲပစ်ရတော့မယ်ဆိုတဲ့ အဖြေပါ။

မစ္စတာဂမ်ဘာရီနေရာမှာ ဘာလို့အစားထိုးသင့်လဲ။ မစ္စတာဂမ်ဘာရီရဲ့ သံတမန်ရေးချဉ်းကပ်မှုတွေဟာ မညက်ညောလို့ဖြစ်ပါတယ်။ သူကိုယ်တိုင်က ညံ့ဖျင်းသွားတာလား၊ စစ်အုပ်စုကပဲ ချောက်ချလိုက်တာလား မသေချာပေမယ့် ဒေါ်အောင်ဆန်းစုကြည်ခြံဝင်းရှေ့ကနေ လော်စပီကာနဲ့သွားအော်တဲ့လုပ်ရပ်ဟာ ကုလသမဂ္ဂသံတမန်တဦးရဲ့အဆင့်ကို ကြီ့ဖွတ်အဖွဲ့ဝင်အဆင့်လောက် လျှော့ကျသွားပါတယ်။ ကြားဝင်စေ့စပ်သူတဦးအနေနဲ့ နှစ်ဖက်ရဲ့ယုံကြည်မှုရအောင်၊ ပုဂ္ဂိုလ်ရေး ရင်နှီးမှုရအောင်မလုပ်နိုင်ရင် ပီပီပြင်ပြင် အလုပ်ဆက်လုပ်လို့မရနိုင်ပါဘူး။ ဒီအခြေခံဟာ အာရှ၊ ဥရောပ၊ အာဖရိက ဘယ်နေရာမှာဖြစ်ဖြစ် အတူတူပါပဲ။ နောက်တချက်က သမာသမတ်ရှိမှုကိစ္စဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လခရီးစဉ်မှာကတည်းက မစ္စတာဂမ်ဘာရီအနေနဲ့ သူရဲ့ မအောင်မြင်တဲ့ကြိုးပမ်းချက်တွေကို ဖုံးကွယ်ဖို့ကြိုးစားခဲ့တာတွေကို လုံခြုံရေးကောင်စီကိုတင်တဲ့ သူရဲ့အစီရင်ခံစာထဲမှာ တွေ့နိုင်ပါတယ်။ အခု ဩဂုတ်လခရီးမှာ ဒေါ်အောင်ဆန်းစုကြည်က မစ္စတာဂမ်ဘာရီကို လက်ခံမတွေ့ဆုံတာဟာ အဲဒီအစီရင်ခံစာရဲ့အကျိုးဆက်လို့တောင် ထင်စရာရှိပါတယ်။ ပိုပြီးအရေးကြီးတဲ့အချက်ကတော့ ကုလသမဂ္ဂရဲ့သဘောထားဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီတယောက် မြန်မာပြည်လာပြီး သူ့သဘောနဲ့သူ ပြောချင်ရာပြောနေတယ်လို့ မယူဆသင့်ပါဘူး။ ဥပမာ ၂၀၁၀ ရွေးကောက်ပွဲမှာ ကုလသမဂ္ဂအနေနဲ့ ကူညီပါရစေလို့ပြောနေတာဟာ သူတယောက်တည်းရဲ့သဘောထားမဟုတ်တာ သေချာပါတယ်။

ဒါဖြင့်ရင် ဘယ်ဟာက သမာသမတ်ကျတဲ့နည်းလမ်းလဲလို့ မေးစရာရှိပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲနဲ့ ၂၀၁၀ ကြား တခုတည်းသောအဖြေဟာ တွေ့ဆုံဆွေးနွေးရေးဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီက တွေ့ဆုံဆွေးနွေးရေးကလွဲလို့ တခြားနည်းလမ်းကို သူ့အနေနဲ့မမြင်မိတဲ့အကြောင်း မကြာခင်က တောင်ပြောဖူးပါသေးတယ်။ ဒီအတိုင်း အသေအချာယုံကြည်တယ်ဆိုရင် ၂၀၁၀ မတိုင်ခင်မှာ တွေ့ဆုံဆွေးနွေးရေးနဲ့ ကြားအဖြေတခုရလာအောင် ကုလသမဂ္ဂအနေနဲ့ ကြိုးပမ်းသင့်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၂၀၀၇ နိုဝင်ဘာ ကြေညာချက်ထဲမှာ နိုင်ငံရဲ့အကျိုးစီးပွားအကျိုးအတွက် စစ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မယ့်အကြောင်း တရားဝင်ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ("... In the interest of the nation, I stand ready to cooperate with the Government in order to make this process of dialogue a success…" ) ဒါပေမယ့် အဓိပ္ပါယ်နဲ့ အချိန်ဇယားရှိတဲ့ တွေ့ဆုံဆွေးနွေးရေး (Meaningful and Time-bound Dialogue) လို့ ဒေါ်အောင်ဆန်းစုကြည်က သုံးနှုန်းတာကို တွေ့ရပါတယ်။




**"၁၉၉၀ ရွေးကောက်ပွဲနဲ့ ၂၀၁၀ ကြား တခု တည်းသောအဖြေဟာ တွေ့ဆုံဆွေးနွေးရေး ဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီက တွေ့ဆုံဆွေး နွေးရေးကလွဲလို့ တခြားနည်းလမ်းကို သူ့အနေနဲ့မမြင်မိတဲ့အကြောင်း မကြာခင်က တောင် ပြောဖူးပါသေးတယ်။ ဒီအတိုင်း အသေအချာ ယုံကြည်တယ်ဆိုရင် ၂၀၁၀ မတိုင်ခင်မှာ တွေ့ဆုံဆွေးနွေးရေးနဲ့ကြားအဖြေတခုရလာအောင် ကုလသမဂ္ဂအနေနဲ့ ကြိုးပမ်းသင့်ပါတယ်။**

မကြာခင်ကပဲ စစ်အစိုးရပြန်ကြားရေးဝန်ကြီးက "*နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့အဖွဲ့က လေးကြိမ်၊ ဝန်ကြီးများ ပါဝင်တဲ့အဖွဲ့ကအကြိမ် (၂၀) တိုင်တိုင်ဆွေးနွေးခဲ့တယ်*" လို့ ထုတ်ဖော်ပြောဆိုတာ တွေ့လိုက်ရပါတယ်။ ၂၀၀၁/၂၀၀၂ ကာလက ရှိခဲ့ဖူးတဲ့ အဲဒီဆွေးနွေးပွဲတွေနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်က "*လျှို့ဝှက်ဆွေးနွေးပွဲတွေမဟုတ်ပါဘူး။ နှစ်ဖက်စကား စပြောနေကြတာပါ။ တိုးတက်မှုတချို့ရှိပါတယ်။ ဒါပေမယ့် ဆက်လုပ်စရာတွေအများကြီး (အများကြီး) ကျန်နေပါသေးတယ်*" လို့ လူထုကို ရှင်းပြဖူးပါတယ်။

ကုလသမဂ္ဂ အထူးသံတမန်အဖြစ်ကနေ အနားယူသွားတဲ့ မစ္စတာရာဇာလီကလည်း ဆောင်းပါးတပုဒ်မှာ၊ *ဆွေးနွေးပွဲတွေမှာ၊ တန်းတူရည်တူ ဆွေးနွေးခွင့်မရတဲ့အကြောင်းနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်တဲ့ ညစာစားပွဲမှာလည်း ဗိုလ်ချုပ်သန်းရွှေတဦးတည်းက ဒိုင်ခံပြောသွားတဲ့အကြောင်း* ဒေါ်အောင်ဆန်းစုကြည်က သူ့ကိုပြောပြတာကို ဖွင့်ချဖူးပါတယ်။ မစ္စတာရာဇာလီဟာ အဲဒီတုန်းက တွေ့ဆုံဆွေးနွေးရေးတွေဖြစ်အောင် ကြားက ဆောင်ရွက်ပေးခဲ့သူဖြစ်ပါတယ်။ ရလဒ်အဖြစ် စောစောက ဗိုလ်ချုပ်ကျော်ဆန်းပြောတဲ့ ဆွေးနွေးပွဲအရေအတွက်အတိုင်း ဖြစ်မြောက်ခဲ့ပါတယ်။ ဒါပေမယ့် ဒီတွေ့ဆုံဆွေးနွေးပွဲတွေဟာ ၂၀၀၃ ဒီပဲယင်းလုပ်ကြံမှုကြီးမှာ အဆုံးသတ်သွားပြီး ကိန်းဂဏန်းတွေသာ အဖတ်တင်ခဲ့ပါတယ်။

မစ္စတာရာဇာလီရဲ့ဆောင်းပါးထဲမှာ စစ်အစိုးရဘက်က လူတွေနဲ့တွေ့ရင် တံတားဘယ်နှစ်စင်း၊ လမ်းတွေ ဘယ်လောက်တည်ဆောက်ပြီးတဲ့အကြောင်း ကိန်းဂဏန်းတွေချပြတယ်လို့ရေးထားပြီး မြန်မာပြဿနာဟာ ကိန်းဂဏန်းတွေထက် သိမ်မွေ့နက်ရှိုင်းတဲ့အကြောင်းကို သူနားလည်တယ်လို့ ရေးသားထားပါသေးတယ်။ ဒါပေမယ့် မစ္စတာရာဇာလီကိုဆက်ခံတဲ့ မစ္စတာဂမ်ဘာရီကတော့ စစ်အစိုးရရဲ့ကိန်းဂဏန်းတွေထဲမှာ လုံးချာလိုက်သွားပုံရပါတယ်။

မစ္စတာဂမ်ဘာရီရဲ့ နောက်ဆုံးခရီးစဉ် မအောင်မြင်ဘူးလို့ ပြည်တွင်းပြည်ပ ဝေဖန်တဲ့အခါမှာ ဒါဟာ လုပ်ငန်းစဉ် (Process) တခုဖြစ်တယ်လို့ ကုလသမဂ္ဂက အကြောင်းပြပါတယ်။ မြန်မာပြည်ရဲ့ ဒီမိုကရေစီဖြစ်စဉ်ဟာ (Process) ဖြစ်တာမှန်ပါတယ်။ ဒါပေမယ့် မြန်မာပြည်သူတွေအတွက် မှန်ကန်တဲ့ Process ဖြစ်ဖို့တော့ လိုပါတယ်။ လောလောဆယ် ကုလသမဂ္ဂကသွားနေတဲ့လမ်းကြောင်းဟာ စစ်အစိုးရကချမှတ်ထားတဲ့ နိုင်ငံရေးလမ်းပြမြေပုံ (Roadmap) ကို အစာသွပ်ဖို့ ကြိုးစားမှုတွေပဲဖြစ်နေတာကို တွေ့ပါတယ်။

*တကယ်လို့*
*တိုတောင်းလှတဲ့ မပစ်ပယ်နိုင်တဲ့*
*တမိနစ်အတွင်းမှာ*
*အဓိပ္ပါယ်ရှိတဲ့စက္ကန့် ခြောက်ဆယ်အဖြစ်အသုံးချနိုင်မယ်ဆိုရင်*

*(Rudyard Kipling ရဲ့ If ကဗျာ။ ဒေါ်အောင်ဆန်းစုကြည်ဘာသာပြန်)*

ရွှေဝါရောင်တော်လှန်ရေးဟာ အခုစက်တင်ဘာဆိုရင် တနှစ်တင်းတင်းပြည့်ပါပြီ။ ဒီကြားထဲမှာ နအဖက ဖွဲ့စည်းပုံအခြေခံဥပဒေကို တဖက်သက်အတည်ပြုခဲ့သလို ၂၀၁၀ မှာ ရွေးကောက်ပွဲကျင်းပဖို့ ကြေညာထားပါပြီ။ ဒါပေမယ့် ရွှေဝါရောင်တော်လှန်ရေးရဲ့ရလဒ်တခုဖြစ်တဲ့ တွေ့ဆုံဆွေးနွေးရေးကို ဇာတ်မျောကြီးအဖြစ် ပစ်ထားခဲ့ပါတယ်။ တနှစ်ဆိုတဲ့အချိန်ဟာ မှန်မှန်ကန်ကန်အသုံးချမယ်ဆိုရင် မပြောင်းအလဲအတွက် လုံလောက်တဲ့အချိန်လို့ ၂၀၀၂ ခုနှစ် တွေ့ဆုံဆွေးနွေးရေးကာလက ဒေါ်အောင်ဆန်းစုကြည်က ပြောဖူးပါတယ်။ ( "… certainly change is not going come within days and I don't think it's going to come within weeks either. But I think we could always work hard to try to make the change come within month …")

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အရင်ကပြောဖူးတဲ့အတိုင်း မြန်မာပြည်အပြောင်းအလဲအတွက် စောင့်ရမယ့်အချိန်ဟာ လပိုင်းပဲလိုတယ်လို့ အခုအချိန်မှာ ယုံကြည်နေသေးတယ်ဆိုရင် ရွှေဝါရောင်အလွန် တွေ့ဆုံဆွေးနွေးရေးဇာတ်မျောကြီးအတွက် စောင့်ပေးခဲ့တဲ့အချိန်ဟာ သူမအတွက် လုံလောက်သွားပြီလို့ ပြောရမှာဖြစ်ပါတယ်။ ဒါဟာ ကုလသမဂ္ဂသံတမန်တယောက်ကို ဘာကြောင့် လက်ခံမတွေ့ဆုံရသလဲဆိုတဲ့အဖြေရဲ့ တစိတ်တပိုင်းဖြစ်နိုင်ပါတယ်။ ထက်မြက်တဲ့ လူထုခေါင်းဆောင်တယောက်အနေနဲ့ ဒီထက်မက စဉ်းစားကောင်းစဉ်းစားနေနိုင်ပါသေးတယ်။

နေသွင်
(ဩဂုတ် ၃၁၊ ၂၀၀၈) ❖

## မျက်နှာဖုံးသတင်းမှ

ကိုလည်း ပြောဆိုခဲ့သည်ဟုသိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် လွန်ခဲ့သည့်ဩဂုတ်လလယ်ပိုင်းမှစတင်၍ တလနီးပါးခန့် မည်သည့်အစားအသောက်ပေးပို့ခြင်းကိုမှ လက်မခံခဲ့သည်ကို သူမ အစာငတ်ခံဆန္ဒပြနေသည်ဟု အများမှထင်မြင်လျက်ရှိခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်မှ ပြောဆိုဖြေကြားခြင်းမရှိခဲ့ဟုသိရသည်။ အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ယခုကဲ့သို့ အစားအသောက်များကိုလက်မခံပဲ ငြင်းဆန်နေခဲ့ခြင်းသည် သူမ၏တောင်းဆိုချက်များကို စစ်အစိုးရမှ လိုက်လျောလာစေရန်အတွက် ဆန္ဒပြနေခဲ့ခြင်းသာဖြစ်သည်ဟု ပြောဆိုသွားခဲ့သည်။ ယခုအခါတွင် သူမ၏တောင်းဆိုချက်တစိတ်တပိုင်းအား စစ်အစိုးရဘက်မှလိုက်လျောခဲ့သဖြင့် အစားအစာများကို စက်တင်ဘာ (၁၇) ရက်နေ့တွင် ပြန်လည်လက်ခံခဲ့သည်။

စစ်အစိုးရဘက်က သူမ၏မိသားစုထံမှ ပေးပို့သည့်စာများ လက်ခံခွင့်နှင့် နိုင်ငံခြားမဂ္ဂဇင်းများ ဖတ်ရှုခွင့်တို့ကိုခွင့်ပြုလိုက်ပြီး သူမအားကူညီစောင့်ရှောက်ပေးနေသည့် ဒေါ်ခင်ခင်ဝင်းနှင့် သမီးဖြစ်သူ မဝင်းမမတို့၏သွားလာလှုပ်ရှားမှုအပေါ်တွင်လည်း ကန့်သတ်ထားမှုများကို လျှော့ချပေးခဲ့သည်ဟုသိရသည်။

အယူခံလွှာကိစ္စနှင့်ပတ်သက်၍ ယခုအခါတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ရှေ့နေဦးကြည်ဝင်းတို့၏ တွေ့ဆုံမှုသည် (၅) ကြိမ်မြောက်ရှိခဲ့ပြီး အဆိုပါအယူခံလွှာအား နေပြည်တော်သို့တင်သွင်းခဲ့ရာ စစ်အစိုးရဘက်မှ လက်ခံရယူထားရှိပြီးဖြစ်ကြောင်းနှင့် အယူခံလွှာပါအချက်အလက်များအား အတိအကျပြောဆိုခြင်းမရှိခဲ့သော်လည်း ပြည့်စုံမှုရှိသည့်အတွက် ကျေနပ်မှုရှိကြောင်း ရှေ့နေဦးကြည်ဝင်းထံမှ သိရှိခဲ့ရသည်။ ❖

## စာမျက်နှာ (၄) ဖွန်မှိုင်းဆောင်းပါးမှ ...

ကျနော် သဘောတူပါတယ်။

ဒီနေ့ ကျနော်တို့ ဒီသင်ခန်းစာကို ယူနိုင်ကြဖို့လိုတယ်။

ဒီသင်ခန်းစာကို ကျကျနနယူပြီး ပြင်ဆင်မှုပြည့်စုံသည်ထက်ပြည့်စုံအောင် အင်အားစုတိုင်းက အရှိန်မြှင့်လှုပ်ရှားနေကြပြီလို့လည်း ယုံကြည်ပါတယ်။

ညီညွတ်ရေးကိုတည်ဆောက်ကြတဲ့နေရာမှာ အပြန်အလှန်လေးစားဖို့၊ အပြန်အလှန်တန်ဖိုးထားဖို့၊ ရိုးသားဖြောင့်မတ်ဖို့၊ တဦးချင်းအကျိုး၊ တခုချင်းအကျိုးထက် တတိုင်းပြည်လုံးအကျိုး၊ တမျိုးသားလုံးအကျိုးကိုမျက်နှာမူဖို့၊ တစိပ်တပိုင်းအကျိုးထက် တစုံလုံးအကျိုး၊ တခုလုံးအကျိုးကိုရှေ့ရှုဖို့ အထူးလိုအပ်တယ်ဆိုတဲ့အချက်တွေက ညီညွတ်ရေးသမားတိုင်းစိတ်ထဲ၊ နှလုံးထဲမှာ အမြဲစွဲထားရမယ့် အခြေခံစိတ်ထားတွေဖြစ်ပါတယ်။

ဒီစိတ်ထားတွေကို မိမိရဲ့မျက်လုံးအိမ်သဖွယ်၊ မိမိရဲ့အသက်သဖွယ်ထားကြမယ်ဆိုရင် ....

ကျနော်တို့ အလုပ်သဘောဆောင်တဲ့ စုဖွဲ့မှုမျိုးတွေကို မုချရှာဖွေတွေ့ရှိကြလိမ့်မယ်လို့ ကျနော်ယုံကြည်တယ်။

*"ရိုးသားစွာလုပ်၊ ကောက်ကျစ်စွာ မလုပ်နဲ့"*
*"စည်းလုံးရေးလုပ်၊ သွေးကွဲရေး မလုပ်နဲ့"*
*"ဒီမိုကရေစီနည်းနှင့်လုပ်၊ အာဏာရှင်နည်းနဲ့မလုပ်နဲ့"*ဆိုတဲ့ စည်းရုံးရေးလမ်းညွှန်တွေကို ကျနော်ဖတ်ဖူး၊ ကြားဖူးခဲ့တာကြာပြီ။

အခု ကျနော်တို့အင်အားစုတွေအားလုံးက ဒီစည်းရုံးရေးလမ်းညွှန်တွေကို လက်တွေ့ကျင့်သုံးနေကြပြီဆိုတာကြားရတော့ ကြားရရုံနှင့်တင် အရေးတော်ပုံကြီးတခုလုံးအတွက် ကျနော် သာဓုခေါ်ချင်တယ်။

တနေ့ပြီးသွားတိုင်း ရှေ့ကိုတလှမ်းတိုးသွားနိုင်ကြပါစေလို့လည်း ဆန္ဒပြုပါတယ်။

၂၀၀၈ ကုန်တော့မယ်။

ကျနော်တို့အားလုံး ရိုးသားစွာ၊ အမြော်အမြင်ရှိစွာ၊ ဖွဲ့နပဲကြီးစွာ အစွမ်းကုန်ကြိုးစားရင်း အောင်ပွဲအရောက် လက်တွဲချီတက်ကြပါစို့လို့ အင်အားစုအသီးသီးကို ပန်ကြားတောင်းဆိုလိုက်ပါရစေ။ ။

ဖွန်မှိုင်း
စက်တင်ဘာ ၂၅၊ ၂၀၀၈။

# အရိပ်မဲကြီး

**ဦးတင့်**



> “ အမှန်တကယ်တော့ ကျနော့်ရင်ထဲမှာ ကျနော်အပါအဝင် ကျနော့်ရဲဘော်တွေဟာ အရိပ်မဲကြီးရဲ့သခင်တစုကို အလုပ်ကျွေးပြုနေရတာဖြစ်ကြောင်း သူတို့ကို သင်ကြားပြသပေးချင်တာပါ။ အခုလို ဆန္ဒနဲ့ဘဝ သဟဇာတကင်း မဲ့စွာနဲ့ကြာရှည်စွာတောင့်တနိုင်တော့မှာမဟုတ်ကြောင်း ကျနော့်ကိုယ်ကျနော်သိနေရပါတယ်၊

ကျနော်ဟာ (Commanding Officer) CO လို့ခေါ်တဲ့ ဗမာစစ်တပ်ကတပ်ရင်းမှူးတဦးပါ။ (Lieutenat Colonel) ဒုဗိုလ်မှူးကြီးအဆင့်ပေါ့ဗျာ။ တပ်မ (၇၇) လက်အောက်ခံ ခြေမြန်တပ်ရင်းတရင်းမှာ တာဝန်ထမ်းဆောင်နေပါတယ်။ ဒီအဆင့်အထိကာလအတွင်း ကျနော်ဟာ တပ်မ (၄) မှာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ တိုင်းရင်းသားတွေအချင်းချင်းပြန်တိုက်ရတဲ့ တိုက်ပွဲ (၁၀) ပွဲလောက်မှာ ဗမာစစ်တပ်ကိုယ်စားပြု တိုက်ပွဲဝင်ခဲ့သူတဦးလည်းဖြစ်ပါတယ်။ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း) တွေမှာ ထိုးစစ်ဆင်ကြတော့ ကျနော်တို့ အနိုင်ရရှိခဲ့တယ်လို့ထင်ရတာပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တွေ သူတို့စခန်းတွေကို စွန့်ခွာပေးရတယ်လေ။ သူဖက်ကိုယ့်ဖက် ကျဆုံးရှုံးမှုတွေတော့ရှိကြတာပေါ့။

ဝန်ခံကြစတမ်းဆိုရင် ကျနော်တို့ဗမာစစ်သားတွေ တော်ကြလို့မဟုတ်ပါဘူး။ တိုင်းရင်းသားအဖွဲ့တွေရဲ့ အခိုင်အမာစခန်းတွေကို လက်နက်အင်အား၊ လူအင်အားနဲ့ ကောက်ကျစ်တဲ့နည်းနာတွေသုံးပြီး တိုက်ခဲ့ကြတာကိုး။ ကောက်ကျစ်တယ်လို့ပြောရင် နားဝင်မချိုတော့ စစ်ပရိယာယ်သုံးတယ်လို့ပဲ စစ်သည်တွေကိုအသိပေးကြရတယ်။ ရှေ့မတိုးရဲ့တဲ့ စစ်သည်တွေကို ခြိမ်းခြောက်လို့တမျိုး၊ မြှောက်ပင့်လို့တဖုံ၊ မက်လုံးပေးတဲ့အခါပေး၊ နာဠိဂါရီရိဆင်ကိုသေရည်တိုက်သလို Army Rum နဲ့ ရဲဆေးတင်ပြီး အတင်းဝင်ရောက်စီးနင်းခိုင်းခဲ့ရတာပါ။ မစီးနင်းခင်ကလည်း သတ္တဝါနဲ့လက်နက်မမျှတဲ့ အမြောက်လက်နက်ကြီးတွေနဲ့ တိုင်းရင်းသားတွေခေါင်းမဖော်နိုင်အောင် ပစ်ကူပေးကြပါတယ်။ သေချာအောင် လေတပ်အကူအညီတောင်း၊ လေကြောင်းပစ်ကူပေးကြတဲ့တိုက်ပွဲတွေလည်း ရှိခဲ့ပါတယ်။ စခန်းသိမ်းပြီးတဲ့အချိန်မျိုးမှာတော့ ကိုယ့်မြေ၊ ကိုယ့်ရေအတွက် အသက်ပေးဆပ်ခဲ့တဲ့ တိုင်းရင်းသားအချို့ရဲ့ဖြစ်အင်ကို မျက်ဝါးထင်ထင်တွေ့ရတဲ့ ကျနော်ဟာ ရင်ထဲမှာမချိအောင်ခံစားခဲ့ရပါတယ်။ တိုင်းရင်းသားတို့ရဲ့ တရားသောစစ်ပွဲအတွက် အသက်ပေးခုခံတဲ့အာဇာနည်စိတ်ဓာတ်ကို ကျနော့်ရင်ထဲမှာ ကျိတ်ပြီး ချီးကျူးဂုဏ်ပြုမိခဲ့ရသလို၊ မတရားတဲ့ မမျှတတဲ့ စစ်ပွဲတွေကို ကိုယ်တိုင်ပါဝင်တိုက်ခိုက်ပေးနေရတဲ့ ကျနော့်ရဲ့ဘဝကို ရွံရှာစက်ဆုပ်လာခဲ့ရပါတယ်။ ဖြစ်နိုင်ရင် တိုင်းရင်းသားအားလုံးရဲ့ရှေ့မှာ နအဖကိုယ်စား အမှားတွေကိုဝန်ခံပြီး ပေးလာမယ့်အပြစ်တွေကိုသာ ခံယူချင်စိတ်ပေါ်ပေါက်လာခဲ့ရပါတယ်။ ဒါကြောင့် တရားမျှတမှုမရှိတဲ့ တိုက်ပွဲတွေ၊ သေနတ်သံတွေ၊ ယမ်းငွေ့တွေ၊ ဆူပူအော်ဟစ်သံ၊ ငိုသံတွေကြားကပြေးထွက်ပြီး တိုင်းပြည်တခုရဲ့အေးချမ်းသာယာတဲ့ငြိမ်းချမ်းရေးကို တောင့်တမျှော်လင့်နေခဲ့မိပါတယ်။

ဒီတိုက်ပွဲတွေဟာ ကျနော်တို့အတွက်လား၊ တိုင်းရင်းသားတွေအတွက်လား၊ မြန်မာပြည်ကြီးတခုလုံး ငြိမ်းချမ်းဖို့လား၊ ဒါမှမဟုတ် ဘယ်သူ့အတွက် တိုက်ပေးနေရတာလဲဆိုတဲ့အတွေးတွေ ကျနော်ဗိုလ်ကြီးဘဝမှာကတည်းက စတင်ပြီး ကျနော့်ခေါင်းထဲကို ဝင်ရောက်လာနေခဲ့ပါပြီ။ သေချာပါတယ်ဗျာ။ ကျနော့်အတွက်လည်း မဟုတ်ဘူး။ တိုင်းရင်းသားတွေအတွက်လည်းမဟုတ်ဘူး။ တနိုင်ငံလုံး အေးချမ်းသာယာအောင်ဆောင်ရွက်နိုင်မယ့် အရည်အချင်းလည်း နအဖမှာမရှိဘူးဆိုတဲ့ ခိုင်မာတဲ့အဖြေကို ကျနော်တွက်ထုတ်ရရှိနေပါပြီ။ ဒါဆို ဘယ်သူ့အတွက်လဲ။ သေချာတာကတော့ တိုင်းပြည်အာဏာကို အတင်းအဓမ္မရယူထားတဲ့စစ်အစိုးရနဲ့ ကျနော်တို့ကို အုပ်ချုပ်အမိန့်ပေးနေတဲ့ Head Quarter က ထိပ်တန်းစစ်ခေါင်းဆောင်တွေ၊ စစ်တိုင်းဒေသမှူးတွေနဲ့ တပ်မမှူးအဆင့်တွေဆိုတဲ့ အာဏာရူးလူတစုအတွက်မျှသာပါပဲ။

အခုအချိန်မှာ တပ်ရင်းမှူးဆိုတဲ့ ဒီရာထူးကလည်း ကျနော့်ရင်ထဲကခံစားချက်အဖြေကို ချေဖျက်နိုင်စွမ်းမရှိတော့ပါဘူး။ ရိုးသားသူ တိုင်းရင်းသားတို့အပေါ် ကိုယ်ချင်းစာနာတတ်တဲ့ခံစားချက်ကို စွဲကိုင်ခဲ့ပြီးဆိုကတည်းက ဒီထက်မြင့်တဲ့ရာထူးကိုလည်း ကျနော့်ရင်ထဲမှာ ကျနော့်ရင်ကို သံရည်ပူလောင်းချသလို ခံစားစေရပါတယ်။ တပ်အခြေအနေမှန်ကို တင်ပြရမယ်ဆိုရင်တော့ စစ်သည်တို့ရဲ့စိတ်ဓာတ်ရေးရာကျဆင်းမှုတွေ၊ စစ်ပြေးမှုကိစ္စရပ်တွေနဲ့ ဆင်းရဲငတ်ပြတ် စာရိတ္တချွတ်ချုံကျမှုတွေပဲရှိပါတယ်။ တပ်ရင်းမှူးတယောက်အနေနဲ့ နာမည်ကောင်း မရရင်နေပါစေ။ နာမည်မကျရေးအတွက် ကျနော်ဟာ တပ်အတွင်း ချွတ်ယွင်းမှုအပေါင်းကိုဖယ်ရှားပြီး၊ စိတ်ဓာတ်အင်အား၊ ကြံ့ခိုင်မှုနဲ့တိုက်ရည်ခိုက်ရည်ပြည့်ဝမှုရှိကြောင်းချည်းကိုသာ တိုင်းကိုအစီရင်ခံတင်ပြပေးခဲ့ရပါတယ်။ ဒါတွေဟာ လိမ်ညာမှုကိုမုန်းတီးတဲ့ ကျနော့်ရဲ့ ပေါ်လက်တင်ပြီး စဉ်းစားခန်းဖွင့်ခဲ့ပါတယ်။

အဲဒီလိုစဉ်းစားမိပြီလို့ဆိုရင်ပဲ အမိမြန်မာပြည်ကြီးတခုလုံးဟာ နေရာမလပ် အရိပ်မဲတခုဖုံးလွှမ်းနေတာကို ကျနော့်အမြင်အာရုံထဲမှာ ထင်ဟပ်ပေါ်လွင်လာပါတော့တယ်။

အရိပ်မဲ ....

ဟုတ်ပါတယ်။ အရိပ်မဲကြီး ....။

အလွန်ကိုကြောက်စရာကောင်းတဲ့၊ ရက်စက်ကြမ်းကြုတ်တဲ့ အရိပ်မဲပါ။ ပဥ္စလက်အောက်လမ်းဆန်လွန်းတဲ့ ဒီအရိပ်မဲဟာ မြန်မာပြည်နယ်ပယ်အပြည့် ကြီးစိုးချယ်လှယ်နေပါရောလား။ ဒီအရိပ်မဲအောက်မှာ ကျနော်လည်း ပါဝင်မွန်းကြပ်လို့၊ ရိုးသားသူ တိုင်းရင်းသားပြည်သူတရပ်လုံးဟာလည်း အပြုံပိုအလဲလဲနဲ့ လောကငရဲအတိ၊ ဒီလိုပြည်သူတွေကိုနှိပ်စက်နေတဲ့အရိပ်မဲကြီးဟာ ကျနော်တို့ကို ထားရာနေ၊ စေရာသွား၊ ခိုင်းတာလုပ်ပေးနေရတဲ့ တိုက်ပွဲဝင်ကျေးကျွန်ကြီးတွေအတွက်လည်း အချိန်မရွေးပြုစားဒုက္ခပေးနိုင်တဲ့ အညိုမကာ အမဲမကျတဲ့ အရိပ်ကြီးပါပဲ။ ကျနော်လို့ကောင်မျိုးလည်း ဒီအရိပ်မဲကို တန်ပြန်စော်ကားဖို့မစဉ်းစားလေနဲ့ သူတို့ရဲ့အလိုတော်မပြည့်ရုံနဲ့တင် ဒုက္ခပေးနိုင်တဲ့မိစ္ဆာမျိုးတွေ၊ ကယ်သူမဲ့ဘဝနဲ့ ကျနော်ရဲ့ ရဲမက်တွေရဲ့ပုံရိပ်ကလည်း သနားစဖွယ်ထင်ဟပ်လာပြန်ပါတယ်။ သူတို့ဟာ ကျနော့်အပေါ် ဒုက္ခမျိုးစုံခံပြီး သစ္စာရှိနေကြပါတယ်။ သူတို့ရဲ့ရင်ထဲမှာကတော့ သူတို့ဘဝကို စာနာပေးနိုင်သူ ကျနော့်အပေါ် သစ္စာစောင့်သိမှု၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်မှုတွေပါပဲ။ သူတို့မှာ ဒီလိုစိတ်မျိုးတွေကိန်းအောင်နေအောင်လည်း အထက်ကပေးတဲ့တာဝန်အရ အချိန်ယူပြီး ကျနော်ကိုယ်တိုင် ရိုက်သွင်းပေးခဲ့တာပါ။

အမှန်တကယ်တော့ ကျနော့်ရင်ထဲမှာ ကျနော်အပါအဝင် ကျနော့်ရဲဘော်တွေဟာ အရိပ်မဲကြီးရဲ့သခင်တစုကို အလုပ်ကျွေးပြုနေရတာဖြစ်ကြောင်း သူတို့ကို သင်ကြားပြသပေးချင်တာပါ၊ အခုလို ဆန္ဒနဲ့ဘဝ သဟဇာတကင်းမဲ့စွာနဲ့ ကြာရှည်စွာတောင့်တနိုင်တော့မှာမဟုတ်ကြောင်း ကျနော့်ကိုယ်ကျနော်သိနေရပါတယ်။ ကျနော့်ရဲ့ သစ္စာရှိရဲဘော်တွေကို ကျနော့်ရင်ထဲကအမှန်တရားတွေ ဖုံးမနိုင်ဖိမရ ဖွင့်အံချပြမိခဲ့ရင်.... ဆိုတာတွေ ကျနော်တွေးမိတိုင်း ရင်ဆိုင်ရမယ့် အရိပ်မဲရဲ့အမျက်ဒေါသကို မြင်ယောင်ကြက်သီးထခဲ့ရပါတယ်။

ဒါဆိုရင် ဒုက္ခမျိုးစုံကြားက တိုင်းရင်းသားတွေရှိရာ အရပ်ဆီကို တကိုယ်တည်းပြေးပြီး အေးအတူပူအမျှနေထိုင်ရင်း တတ်စွမ်းသမျှ ကူညီဖေးမခွင့်ရရင် ကောင်းလေမလား။ အဲဒါလည်း မဖြစ်နိုင်သေးပါဘူး။ ဒါဆို ကျနော်ချစ်ခင်သံယောဇဉ်ရှိရာ စစ်သည်တွေကိုကော ဒီလိုဒုက္ခဇုံထဲမှာ ဥပက္ခာပြုခဲ့ရပေမှာပေါ့။ မဖြစ်နိုင်သေးပါဘူး။ ကျနော်သံယောဇဉ်ရှိရာ သူတို့ရဲ့ဒုက္ခတွေကို ကူညီဖြေရှင်းပေးရင်း ဒုက္ခမျိုးစုံကိုကျနော်ပါ ခံစားလိုက်ချင်ပါတယ်။ ဒီလိုနဲ့ဆက်ပြီး အတွေးနယ်ချဲ့ခဲ့မိပါတယ်။

ဒီမကောင်းဆိုးဝါးအရိပ်မဲကြီးလွတ်ရာမြေ ဒို့ပြည်တွင်းမှာ ရှိလေမလားပေါ့။ ဒီမကောင်းဆိုးဝါးကြီးလွတ်ရာမြေ ဒို့ပြည်တွင်းမှာ တနေရာသာရှိခဲ့၊ ကျနော့်တူသားရဲဘော်တွေ ချီတက်ပြီးသိမ်းပိုက်ချင်လိုက်ပါရဲ့။ ပြီးတော့ အဲဒီမြေမှာ ငြိမ်းမှုရဲ့အရသာကို အပြည့်အဝမျှစေခံစားလိုက်မယ်လို့ ကြံကြံဖန်ဖန်စဉ်းစားမြင်ယောင်မိခဲ့ပါတယ်။ မရှိ။ လုံးဝမရှိ။ အရိပ်မဲလွတ်ရာမြေ ဒို့တိုင်းပြည်မှာ တနေရာမှမရှိ။ ဒီတော့ ဒါလဲမဖြစ်နိုင်သေးဘူးလို့ တွေးမိပြီး ဝမ်းနည်းခဲ့ရပြန်ပါတယ်။ ဒါဆို ဒီကမ္ဘာမှာ ငါတို့ရဲ့ဒုက္ခတွေကို ကယ်တင်ပေးနိုင်မယ့်သူတွေ မရှိတော့ဘူးလား။ အခြားသာယာပါတယ်ဆိုတဲ့ တိုင်းပြည်တွေကတော့ ကျနော်တို့ဒုက္ခတွေကို ဒီအတိုင်းလက်ပိုက်ကြည့်နေကြရက်သလား။ သန်းပေါင်းများစွာသော ဒို့ဗမာပြည်သားတွေရဲ့ ထာဝရငြိမ်းချမ်းရေးကို ဒီလိုပဲ လစ်လျူရှုထားကြတော့မှာလားလို့ မဆီမဆိုင် အပြစ်တင်အတွေးတောင်တွေးခဲ့မိပါတယ်။

တနေ့ကတော့ ရေဒီယိုမှာကြားမိပါရဲ့။ ကမ္ဘာ့ကုလသမဂ္ဂရဲ့လုံခြုံရေးကောင်စီမှာ မြန်မာ့အရေးဆွေးနွေးကြတယ်တဲ့။ ဟုတ်တယ်။ ဒါဟာ ဒို့ရဲ့ဒုက္ခအပေါင်းကို ကယ်တင်ပေးမယ့်အသံ။ ကယ်တင်ရှင်နဲ့အသံ။ ဒုက္ခအပေါင်းကိုငြိမ်းစေပြီး ငြိမ်းချမ်းခြင်းကိုဆောင်ကြဉ်းပေးမယ့်အသံလို့တွေးတောရင်း ကျနော်တကိုယ်တည်း ခွန်အားပြည့်ဝလာသလို ခံစားခဲ့မိပါတယ်။ ဒါဆို ဘယ်တော့ကူညီကြမလဲ။ ဘယ်တော့ရောက်မလဲ။ အဲ .... လာရင်လည်း အမြန်ဆုံးလာကြပါစေ။ သေချာတာကတော့ သူတို့ဟာ

စာမျက်နှာ (၁၇) ကော်လံ (၃) သို့...

အဆိပ်အတောက်ပမာ ကြောက်ရွံ့နေခဲ့ရပါပြီ။

တပ်ရင်းမှူးဖြစ်တဲ့ကျနော်ဟာ ကိုယ့်တပ်ရင်းကို စစ်ဆေးမှုတွေ စတင်ပြုလုပ်ခဲ့ပါတယ်။ မဝရေစာစားနေကြရတဲ့ အောက်ခြေအရာရှိစစ်သည်တွေရဲ့ ချုံးချုံးကျနေတဲ့ စိတ်ဓာတ်ရေးရာအခြေအနေ၊ အချိန်မှန်လုပ်အားပေးတွေအောက်က နင်းပြားရဲဘော်မိသားစုများရဲ့ဒုက္ခတွေနဲ့၊ တပ်ပြေးရဲဘော်တွေ နဲ့၊ တဝက်သာသာရှိတဲ့ စစ်သည်အင်အားနဲ့ အနာဂတ်တိုက်ပွဲတွေအတွက် ရင်လေးရတဲ့ စိတ်ပျက်စရာအခြေအနေမျိုးစုံကိုသာ တွေ့မြင်ခဲ့ရပါတယ်။ မကြာခင်မှာ စစ်ဆင်ရေးထွက်ကြရမယ်။ တပ်ရင်းအဆင့် စုဖွဲ့လေ့ကျင့်မှုတွေလုပ်ပါ။ မိမိတပ်အခြေအနေအား အထက်ဌာနများသို့ နေ့စဉ်သတင်းပေးပို့တင်ပြပါဆိုတဲ့ စစ်တိုင်းရဲ့တချက်လွှတ်အမိန့်တွေကလည်း နေ့စဉ်ထမ်းဆောင်နေကျတာဝန်အရ လိမ်ညာမှုတွေသာဖြစ်ပါတယ်။

ဒီလိုနဲ့ ကျနော်ဟာ ပုဂ္ဂိုလ်တစုကိုကိုယ်စားပြုတဲ့၊ မတရားတဲ့၊ ဘက်စုံချွတ်ယွင်းမှုတွေနဲ့ပြည့်နေတဲ့၊ လိမ်ညာမှုမျိုးစုံနဲ့ချစားနေတဲ့ ဗမာစစ်တပ်ကြီးမှာ ဆက်လက်တာဝန်ထမ်းဆောင်လိုစိတ်ပါ ကင်းမဲ့နေပြီဖြစ်ပါတယ်။ ကျနော်တောင် ဒီလောက်အကြပ်ဆိုက်နေရင် ကျနော့်လက်အောက်က စစ်သည်တွေရဲ့စိတ်ဓာတ်ရေးရာဆိုရင်တော့ ကျနော်မတွေးရဲတော့။ သူတို့ကိုလည်း ကျနော်ကိုယ်ချင်းစာနာမိပေမယ့် နှစ်သိမ့်စရာနည်းလမ်းလည်း မရှိတော့ပါဘူး။ ဒီလိုနဲ့ ကျနော်ဘာဆက်လုပ်သင့်သလဲဆိုတာကို ရုံးပိတ်ရက်ရဲ့ တခုသောတနင်္ဂနွေမှာ အိမ်တံခါးကိုပိတ် “မနှောက်ယှက်ရ”စာတမ်းချိတ်ပြီး အိပ်ယာထဲဝင် နဖူး

## ခိုင်မာသည့်တပ်ပေါင်းစုတရပ်ဖွဲ့စည်း၍လူထုအင်အားအပြည့်အဝရယူကာ ယနေ့ကာလတိုင်းပြည်၏ခြိမ်းခြောက်စိန်ခေါ်နေမှုများအား ရင်ဆိုင်နိုင်လိမ့်မည်ဖြစ်ကြောင်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အနှစ်(၂၀)ပြည့်မွေးနေ့တွင်ထုန်ပြန်ကြေညာ




လူ့ဘောင်သစ်ပါတီဥက္ကဌဦးအောင်မိုးဇော်မှအဖွင့်မိန့်ခွန်းပြောကြားစဉ်

၂၀၀၈ ခုနှစ်၊ အောက်တိုဘာ (၁၄) ရက်နေ့တွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အနှစ် (၂၀) ဖြတ်သန်းမှု ပြည့်မြောက်သည့်အခမ်းအနားတခုအား ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။

ပါတီအနေဖြင့် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် စစ်အာဏာရှင်စနစ်အား အကုန်အစင်ပျက်သုဉ်းသည်အထိ အနှစ် (၂၀) ကာလအတွင်း ကျရာအခန်းကဏ္ဍမှနေ၍ နည်းပုံသဏ္ဍာန်မျိုးစုံဖြင့် တိုက်ပွဲဝင်ခဲ့ပြီး၊ တိုက်ပွဲဝင်ကာလတလျှောက် မြန်မာပြည်သူလူထုအတွက် အသက်ပေးတိုက်ပွဲဝင်ခဲ့သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဌ ရဲဘော်မြင့်ဇော်အပါအဝင် ပါတီခေါင်းဆောင်၊ ရဲဘော်ရဲဘက်များနှင့် စစ်အစိုးရအကျဉ်းထောင်အတွင်း ဖိနှိပ်ညှင်းပန်းမှုများကို ရဲရဲဝင့်ဝင့်ရင်ဆိုင်ခဲ့၊ ရင်ဆိုင်နေဆဲဖြစ်သည့် အဖွဲ့အစည်းအသီးသီးနှင့် အင်အားစုများအားလုံးကို လေးလေးနက်နက် ဦးညွှတ်ဂုဏ်ပြုမှတ်တမ်းတင်လျက်ရှိကြောင်း အနှစ် (၂၀) ပြည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးသဘောထားထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပါတီဖြတ်သန်းစဉ်ခရီးတလျှောက်တွင် ဝန်းရံခဲ့ကြသော၊ သဏ္ဍာန်မျိုးစုံဖြင့် အကူအညီများပေးခဲ့သည့် ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာရှိ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များနှင့် အင်အားစုများကိုလည်း အစဉ်အမြဲ ကျေးဇူးတင်ရှိမှုနှင့်အတူ ထာဝစဉ်မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယနေ့ကာလ မြန်မာ့မြေပေါ်တွင် စစ်အာဏာရှင်စနစ် တရားဝင်တည်ရှိ သက်ဆိုးရှည်ခွင့်ရရှိစေရန်အတွက် ၂၀၁၀ တွင် ရွေးကောက်ပွဲကျင်းပ၍ အရယူရန် စစ်အစိုးရအနေဖြင့် ကြံစည်လျက်ရှိကြောင်း၊ တဖက်တွင်လည်း ပြည်သူ့ဆန္ဒအမှန်ဖြစ်သည့် (၉၀) ပြည့်နှစ်ရွေးကောက်ပွဲရလဒ်အား တစမကျန် ဖျက်သိမ်းရန်ပြင်ဆင်နေကြောင်းနှင့် လူမျိုးစုံပြည်သူလူထုအား နည်းမျိုးစုံဖြင့် ဖိနှိပ်ညှင်းပန်းသတ်ဖြတ်ကာ (၅၇) သန်းသော မြန်မာပြည်သူလူထုအား စိန်ခေါ်ခြိမ်းခြောက်လျက်ရှိသည်။

ထို့ကြောင့် အဆိုပါ စိန်ခေါ်ခြိမ်းခြောက်နေမှုများအား ရင်ဆိုင်နိုင်ရေးအတွက် မိမိတို့အနေဖြင့် တဦးချင်း၊ တဖွဲ့ချင်း၊ တပါတီချင်းဆောင်ရွက်၍ ရနိုင်လိမ့်မည်မဟုတ်ပဲ ပြည်တွင်းပြည်ပအင်အားစုများမှ အမြင်သဘောထားကိုစုစည်း၍ စုဖွဲ့မှုရှိရှိဖြင့်သာ ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း အဆိုပါ သဘောထားကြေညာချက်တွင် အမြင်သဘောထားများကို ဖော်ပြတိုက်တွန်းထားသည်။

မိမိတို့အနေဖြင့် စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အား လက်မခံနိုင်ပဲ၊ ၉၀ ပြည့်ရွေးကောက်ပွဲရလဒ်အား အသိအမှတ်ပြု အကောင်အထည်ဖော်ခြင်းမရှိပဲ နောက်ထပ်ရွေးကောက်ပွဲအသစ်တခုအား နအဖစစ်အစိုးရအနေဖြင့် လုံးဝလုပ်ပိုင်ခွင့်မရှိကြောင့် ယနေ့လက်ရှိ ဖြစ်ပေါ်နေသည့် နိုင်ငံရေးအကျပ်အတည်းအား ဖြေရှင်းနိုင်ရန်မှာ "စု၊ လွှတ်၊ တွေ့" လုပ်ငန်းစဉ် (၃) ရပ်အား စစ်အစိုးရအနေဖြင့် မဖြစ်မနေ ဆောင်ရွက်ရမည့် ပဏာမလုပ်ငန်းစဉ်များအဖြစ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ယုံကြည်လျက်ရှိသည်။

မတူညီသည့် အခြေအနေများအောက်တွင် မတူညီသည့် အဖွဲ့အစည်းများအနေဖြင့် ကွဲပြားခြားနားသည့်နည်းနာများဖြင့် ရင်ဆိုင်ဖြတ်ကျော်ရန် ပြင်ဆင်လျက်ရှိနေသည်ကို မိမိတို့ပါတီအနေဖြင့် နားလည်သော်လည်း ယနေ့ကာလဖြစ်ပေါ်နေသည့်စိန်ခေါ်မှုများသည် မြန်မာပြည်၏ကံကြမ္မာအား အခြေအနေတခုသို့တိုင်အောင် အဆုံးအဖြတ်ပေးနိုင်သည့် စိန်ခေါ်မှုကြီးဖြစ်နေသည့်အလျောက် မိမိတို့ အတိုက်အခံအင်အားစုပါတီများအနေဖြင့်လည်း ကြီးမားကျယ်ပြန့်၍ တမျိုးသားလုံးအား ဦးဆောင်မှုအပြည့်အဝပေးနိုင်သည့် တပ်ပေါင်းစုကြီးတရပ်အား အကောင်အထည်ဖော်ဖွဲ့စည်းပြီး လူထုအင်အားကို အပြည့်အဝရယူမှုသာလျှင် ယနေ့ကာလ၏ စိန်ခေါ်ခြိမ်းခြောက်နေမှုများကို ရင်ဆိုင်နိုင်လိမ့်မည်ဖြစ်ကြောင်း အကြံပြုတင်ပြထားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မဟာမိတ်တပ်ပေါင်းစုအသီးသီးမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး အင်အားစုအသီးသီးမှ သဝဏ်လွှာများပေးပို့ ဂုဏ်ပြုခဲ့ကြသည်။ ❖

## အာဏာရှင်အစိုးရပြုတ်ကျရန် အတိုက်အခံအဖွဲ့များအနေဖြင့် အတူတကွ ပူးပေါင်းတိုက်ပွဲဝင်ရန် လိုအပ်ပြီဟု ကေအဲန်အယ်လ်အေတပ်မဟာ (၇) တပ်မှူး ထောက်ပြပြောဆို

စက်တင်ဘာလ (၁၂) ရက်။

ယနေ့မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခက်အခဲများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမှုသာလျှင် အကောင်းဆုံးဖြစ်ပြီး နိုင်ငံရေးအား စစ်ရေးဖြင့်ဖြေရှင်းနေခြင်းသည် ယာယီသာဖြစ်သည်ဟု ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအဲန်အယ်လ်အေ) တပ်မဟာ (၇) တပ်မှူးမှ ပြောဆိုခဲ့ကြောင်းသိရသည်။

တပ်မဟာ (၇) ၏တာဝန်ခံ ဗိုလ်မှူးချုပ်ဂျော်နီက ယနေ့မိမိတို့အနေဖြင့် လက်နက်ကိုင်တိုက်ခိုက်နေခြင်းသည် ကရင်တမျိုးသားထဲအတွက်မဟုတ်ပဲ အဖိနှိပ်ခံနေရသည့် တိုင်းရင်းသား၊ လူတန်းစားအာလုံးအတွက်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဗမာလူမျိုးအားတိုက်ခိုက်နေခြင်းမဟုတ်ပဲ ဖိနှိပ်သည့် အာဏာရှင်ကိုတိုက်ခိုက်နေခြင်းသာဖြစ်ကြောင်း၊ ကရင်လည်း ဗမာ၊ ဗမာလည်း ကရင်၊ တိုင်းရင်းသားညီအကိုများဖြစ်ကြောင်းနှင့် မိမိတို့အနေဖြင့်လည်း ယခင်ကဖြစ်ပျက်ခဲ့သည်များကို မမေ့နိုင်သော်လည်း ခွင့်လွှတ်သင်ပုန်း ချေလိုက်ပြီဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ယနေ့မြန်မာနိုင်ငံအားအုပ်ချုပ်နေသည့် 




ဗိုလ်မှူးချုပ်ဂျော်နီ

စစ်အစိုးရသည် ငြိမ်းချမ်းစွာဆန္ဒပြနေသည့် သံဃာတော်များကို ရက်ရက်စက်စက်နှိမ်နင်းသတ်ဖြတ်ခဲ့သည့်အတွက် အကြမ်းမဖက်မှုကိုမှု ပြန်စဉ်စားရန်လိုအပ်ကြောင်း၊ လက်နက်မဲ့သည့်လူထုအပေါ် ဖက်ဆစ်အစိုးရကဲ့သို့ ရက်စက်သည့်အစိုးရဖြစ်နေသည့်အတွက် လူထုအား လက်နက်တပ်ဆင်ပေးကာ ဖက်ဆစ်တော်လှန်ရေးအသွင် စတင်ရန်လိုအပ်သည်ဟုယူဆသည့် တိုင်းရင်းသားခေါင်းဆောင်များလည်းရှိကြောင်း၊ သို့သော်လည်း မိမိတို့တော်လှန်ရေးအဖွဲ့အစည်းအကြီး ညီညွတ်ပါက ဘုံရန်သူဖြစ်သည့် အာဏာရှင်ပြုတ်ကျမည်ဖြစ်သဖြင့် ဒီမိုကရေစီအဖွဲ့များအနေဖြင့်လည်း အတူတကွလက်တွဲရန်လိုအပ်နေပြီဖြစ်ကြောင်း ဗိုလ်မှူးချုပ်ဂျော်နီက ထောက်ပြပြောဆိုခဲ့သည်။

ကေအဲန်အယ်လ်အေ၏ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးကလည်း စစ်အစိုးရသည် လက်နက်မဲ့သည့်ပြည်သူလူထုအား ရက်ရက်စက်စက်သတ်ဖြတ်နေသည့်အချက်ကို ကန့်ကွက်ကြောင်းနှင့် နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် မိမိတို့၏ ကေအဲန်ယူ မိခင်အဖွဲ့အစည်းမှ ကြိုးပမ်းနေသည့်တိုင် မိမိကိုယ်မိမိ ခုခံကာကွယ်နိုင်ရေးအတွက် လက်နက်ကိုင်ဆောင်ထားရန်လိုအပ်ကြောင်း ပြောဆိုခဲ့သည်။

ယခုအခါတွင် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) ၏ လက်နက်ကိုင်တိုက်ပွဲဆင်နွဲလာခဲ့သည်မှာ အနှစ် (၆၀) ပြည့်မြောက်ရန်နီးကပ်လာပြီဖြစ်သည်။

❖

## ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးတပ်နှင့် နအဖတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွား နအဖစစ်သား (၈) ဦးသေဆုံးပြီး ဒဏ်ရာရသူရှိသည်ဟုသိရ

ပြီးခဲ့သည့် ဩဂုတ်လ (၃၁) ရက်နေ့ စစ်အစိုးရတပ်ဖွဲ့များနှင့် ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးတပ် (PNLO) တို့အကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရတပ်ဘက်မှ စစ်သား (၈) ဦး သေဆုံးခဲ့ကြောင်းသိရသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင် ဆီဆိုင်မြို့နယ်အတွင်းရှိ ထီးတမောင်နှင့် နန့်အောကျေးရွာကြားတွင် ညနေ (၄) နာရီအ ချိန်ခန့်က ခြေမြန်တပ်ရင်း (ခမရ) ၄၂၅၊ (ခမရ) ၄၂၆ တပ်များနှင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစိုးရတပ်ဖွဲ့များက ဆီဆိုင်မြို့မှနေ၍ တောင်ကြီးမြို့သို့အပြန်တွင် ယခုကဲ့သို့ ရင်ဆိုင်တိုးကာ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ နအဖစစ်တပ်ဘက်မှ (၈) ဦးကျဆုံးကာ ဒဏ်ရာရသူများလည်းရှိကြောင်း ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးတပ်၏ စည်းရုံးရေးတာဝန်ခံကပြောဆိုခဲ့သည်။ (ကနည) ကုန်းလမ်းဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအဖွဲ့မှ ဆီဆိုင်မြို့သို့လာရောက်ကာ ဆိုင်ကယ်လိုင်စင်၊ ကားလိုင်စင်များလာရောက်လုပ်ကိုင်ရာတွင် (ခမရ) ၄၂၅ နှင့် ၄၂၆ တပ်ရင်းများပါလာခဲ့ပြီးအပြန်တွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နှစ်ဖက်တိုက်ပွဲမှာ (၁) နာရီခန့်ဖြစ်ပွားခဲ့ပြီး နအဖအစိုးရတပ်တွင် အင်အား (၃၀) ခန့်ရှိကြောင်းသိရသည်။

ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးတပ်သည် ၂၀၀၇ ခုနှစ် ဇွန်လအတွင်းက ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ် (ရလလဖ) အား စစ်အုပ်စုမှ လက်နက်ချရန်ဖိအားပေးခဲ့စဉ် ခွဲထွက်လာခဲ့ပြီး နယ်စပ်တနေရာတွင်အခြေစိုက်လျက် စစ်အုပ်စုအား လက်နက်ကိုင်တော်လှန်နေသည့်အဖွဲ့ဖြစ်သည်။ ❖

စာမျက်နှာ (၁၇) ဦးတင့်ဆောင်းပါးမှ …

ငြိမ်းချမ်းရေးရဲ့စေတမန်တွေပဲဆိုတာ ကျနော်အပြည့်အဝခံယူထားမိပါတယ်။ ဟုတ်ပါတယ်။ ဒါဟာ ချိုးဖြူငှက်တွေပါပဲ။ ဒီစေတမန်ချိုးဖြူငှက်တွေ ချဉ်းနင်းဝင်ရောက်လာရင် ဒို့တိုင်းပြည်လည်း အဖြူရောင်တိုင်းပြည်ကြီးဘဝကို မလွဲမသေရောက်ရမှာပါ။

အဲဒီလိုချိုးဖြူငှက်တွေဝင်ရောက်လာမှ ကျနော်ဟာ ကျနော့်ရဲ့သစ္စာရှိရဲဘော်တွေကိုဦးဆောင်ပြီး ဒီအဖြူရောင်တပ်တွင်းကို ပူးပေါင်းဝင်ရောက်ပစ်လိုက်မယ်လို့ မာန်တင်းလိုက်မိပါတယ်။ အဲဒီနောက်မှာတော့ မိစ္ဆာကောင်အရိပ်မဲကို ကျနော်တို့တိုင်းပြည်က ကွယ်ပျောက်သွားတဲ့အထိ ချေမှုန်းသုတ်သင်ပစ်လိုက်ချင်ပါတော့တယ်။ ဒါဟာ ကျနော့်လိုတပ်ရင်းမှူးတဦးတည်းရဲ့ ရင်တွင်းခံစားချက်ဆန္ဒမဟုတ်ပါဘူး။ ဒီအရိပ်မဲကြီးရဲ့အောက်မှာ အဝေးကခစားနေရသူ တပ်မှူးအပေါင်းရဲ့ရင်ထဲက အမှန်တရားတွေသာဖြစ်ပါတယ်။ ကျနော့်မျှော်လင့်ချက် အတွေးပုံရိပ်တွေအတိုင်း အရိပ်မဲကြီးကိုတွန်းလှန်ပြီးလေမှ ဒို့တိုင်းရင်းသားအားလုံးဟာ ငြိမ်းချမ်းရေးရဲ့အရသာကို အပြည့်အဝခံစားကြရမယ့်ပုံရိပ်ကိုတွေးမိတိုင်းကျနော်ဟာ ပီတိအပြုံးတပွင့်လင်းလက်ခဲ့ရပါတော့တယ်။

ဒီလိုနဲ့ ကျနော့်ရဲ့တကိုယ်တော်ပီတိအပြုံးတွေမဆုံးခင် ….

တဒုန်းဒုန်းနဲ့ အိမ်ရှေ့တံခါးခေါက်သံကြားလိုက်ရတော့ ကျနော့်အတွေးတွေလွင့်ပါးသွားတဲ့အတွက် တပ်ရင်းမှူးတဦးအနေနဲ့ ဒေါသထွက်ခဲ့ရပါတယ်။ မနှောက်ယှက်ဖို့ စာကပ်ထားပါရက်နဲ့ ဘယ်ကောင်အတင့်ရဲလေသလဲပေါ့။

"ဩော် …. တပ်ရေးဗိုလ်ကြီးကိုး"

"CO ကြီး စိတ်မရှိပါနဲ့"လို့ တောင်းပန်ရင်း တပ်ရေးဗိုလ်ကြီးက အလေးပြုလိုက်မှ ကျနော်လည်း ပြန်အလေးပြုလိုက်ရပါတယ်။ "ဘာကိစ္စလဲ" လို့ တိုတုတ်စွာ ကျနော်မေးလိုက်တော့ တပ်ရေးဗိုလ်ကြီးက "CO ကြီးခင်ဗျာ ….။ တိုင်းက အရေးကြီးကြေးနန်း ရောက်လာပါတယ်။ (၁) ပတ်အတွင်း ခဆရ ထွက်နိုင်ရေး၊ တပ်ကိုအသင့်ပြင်ဆင်ထားရန်၊ (၂) CO ကြီးသည် မနက်ဖြန် (၁၃း၃၀) ချိန်တိတိတွင် တိုင်းခဆရအစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ရန်၊ (၃) ရကြောင်းပြန်ဆိုတဲ့ ဦး (၁) လဝကြေးနန်းပါ၊ ဒါကြောင့် CO ကြီးကို ချက်ချင်းအကြောင်းကြားရတာကိုခွင့်လွှတ်ပါ"ဆိုတဲ့ တပ်ရေးဗိုလ်ကြီးရဲ့ကြေးနန်းသတင်းပို့မှုအဆုံးမှာ ကျနော်ဟာ စိတ်နှလုံးမသာယာစွာနဲ့ နဖူးကိုလက်ဝါးနဲ့ ရိုက်မိလိုက်ပါတော့တယ်ခင်ဗျား။

….

ဦးတင့်

❖ ❖

ဗမာပြည်နိုင်ငံရေးမှာ ထူးထူးခြားခြား တွေ့နေရတဲ့အချက်တခုကတော့ ပြည်တွင်းမှာမြေပေါ်လှုပ်ရှားတဲ့ အတိုက်အခံအင်အားတွေကိုတွေ့ရတာ နည်းသထက်နည်းလာပြီး ပြည်ပမှာတော့ အတိုက်အခံအဖွဲ့အစည်းတွေ များသထက် များလာ၊ စီမံကိန်းတွေ များသထက်များလာတာပါပဲ။

ပြည်တွင်းမှာ နည်းသထက် နည်းလာနေတဲ့အကြောင်းရင်းက နအဖက ဖမ်းပြီး ထောင်ထဲထည့်နေတာရယ် မြေအောက်လျှိုးသူ လျှိုး၊ ပြည်ပထွက်သူထွက်သူ ထွက်မို့ တရားဝင်ဥပဒေဘောင်အတွင်း လှုပ်ရှားသူတွေ နည်းသထက် နည်းလာတာဖြစ်ပါတယ်။ စိတ်ပျက်လက်လျှော့သွားတာ၊ ဘက်ပြောင်းတာတွေလည်း အနည်းအပါးတော့ရှိပါတယ်။ ဒါနဲ့ပြောင်းပြန်ဖြစ်တဲ့ ပြည်ပရှိ အခြေအနေကတော့ ကွဲကြပြဲကြလို့၊ တဗိုလ်တစင်ထောင်ကြလို့ အရေအတွက်တွေပွားများနေတာဖြစ်ပါတယ်။ စီမံကိန်းတွေကလည်း တနှစ်ပြီး တနှစ် တိုးလာလိုက်တာ၊ အသစ်ပေါ်ထွက်လာလိုက်တာ၊ မယုံကြည်နိုင်စရာပါပဲ။ ပြည်တွင်းကအင်အားတွေရဲ့အခြေအနေကို အသေအချာမသိတော့ ပြောရနည်းနည်းခက်ပါတယ်။ အထူးသဖြင့် မြေအောက်လုပ်ကိုင်နေကြတဲ့ အခြေအနေကို ဆုပ်ကိုင်မိဖို့မဖြစ်နိုင်လို့ပါ။ ဒါပေမဲ့ ပြည်ပကအင်အားတွေထဲမှာတော့ အဖွဲ့အစည်းတွေ၊ လှုပ်ရှားမှုအရေအတွက်တွေများလာပေမယ့် အဖွဲ့အစည်းတခုစီ၊ လှုပ်ရှားမှုတခုစီမှာ ပါဝင်သူအရေအတွက် နည်းနည်းလိုက်လာနေတယ်လို့ သတိထားမိနေပါတယ်။ စက်တင်ဘာသံဃာ့အရေးနောက်ပိုင်းမှာပေါ်လာတဲ့ ပြည်ပကအဖွဲ့အစည်းနဲ့ လှုပ်ရှားမှုအရေအတွက်ကိုကပဲ မနည်းပါဘူး။ အီးမေးလ်အကောင့်တခုရှိတာနဲ့ အဖွဲ့အစည်းတခု ထောင်လို့ရတယ်လို့ ပြောရမလိုဖြစ်နေတယ်။

ဒီပုံနဲ့မိုးကြီးအချုပ်ခံလို့မဖြစ်ပါဘူး။ အခုအခါမှာ နအဖစစ်အုပ်စုရဲ့ ရက်ရက်စက်စက်ဖိနှိပ်မှုအောက်မှာ အတိုက်အခံအင်အားစုတွေ ဖောင်းလိုက်ပိန်လိုက်၊ တက်လိုက်ကျလိုက်ဖြစ်နေတာဟာ မဆန်းဘူးလို့ ယေဘုယျပြောနိုင်ပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ ဒီအားနည်းချက်ကို တကယ်တမ်းသတိထားမိရဲ့လား။ ပြုပြင်ဖို့ရော သဘောထားရှိရဲ့လား ဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်။

ဒီနေ့ဗမာပြည်ရဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးအရေးတော်ပုံကြီးမှာ ပါဝင်ဆင်နွှဲနေကြတဲ့ လူတွေနဲ့ အင်အားစုတွေဟာ မတူတဲ့သမိုင်းဖြတ်သန်းမှုတွေနဲ့ မတူတဲ့တွေးခေါ်မှုလမ်းကြောင်းတွေက လာကြတာဖြစ်တယ်။ လွတ်လပ်ရေးတိုက်ပွဲပါဝင်ခဲ့တဲ့လူတွေ၊ အဖွဲ့အစည်းတွေရှိသလို၊ လွတ်လပ်ရေးရပြီးမှ ဖွဲ့စည်းတဲ့အင်အားစုတွေလည်း ရှိပါတယ်။ တချို့ကရှစ်လေးလုံးအရေးတော်ပုံထဲကပေါက်ဖွားလာတာဖြစ်ပြီး တချို့ကတော့ ပြည်ပရောက်မှ ဖွဲ့စည်းတာတွေဖြစ်ပါတယ်။ တချို့က လက်နက်ကိုင်အတွေ့အကြုံရှိပြီး တချို့ကတော့ မြေအောက်နဲ့မြေပေါ်အတွေ့အကြုံတွေရှိကြပါတယ်။ တချို့က လက်ဝဲအယူအဆကိုလက်ခံပြီး တချို့ကတော့ လက်ယာအယူအဆကို လက်ခံပါတယ်။ (ဒီနေရာမှာ လက်ဝဲလက်ယာဆိုတာဟာ အစဉ်အလာပြောလေ့ရှိတဲ့စံမျိုးနဲ့ ပြောတာပါ) ဒါဟာ ဗမာပြည်ရဲ့အရေးတော်ပုံမှာ ပိုမိုများပြားတဲ့အင်အားစုတွေပါဝင်မှုကို ဖော်ပြတာဖြစ်သလို အတိုက်အခံအင်အားစုတွေအကြားမှာ ညီညွတ်မှုတည်ဆောက်ရခက်ခဲတာရဲ့ အကြောင်းရင်းတခုလည်းဖြစ်နေပါတယ်။ မှန်တာပြောရရင် တချို့အဖွဲ့အစည်းတွေအကြားမှာ နအဖကိုဆန့်ကျင်တယ်ဆိုတာကလွဲပြီး တခြားမတူတာတွေ အများကြီးဆိုတာကို ဖုံးဖိလို့မရပါဘူး။ တည်းတည်းပဲဆိုရလောက်တဲ့ ညီညွတ်မှုတွေလည်းရှိပါတယ်။

ဒီလိုအခြေအနေမှာ တဖက်ဖက်က ကိုယ်ကျိုးစွက်ဖက်လိုက်ရင် ကွဲတော့တာပါပဲ။

အတိုက်အခံတွေဟာ ကိုယ့်ဆန္ဒနဲ့ ကင်းလွတ်ပြီး ၁၉၄၈ ခုနှစ်က စတင်ဖြစ်တည်ရှိနေတဲ့ မိမိတို့အတွင်းက ဒီအခြေအနေကို အသိအမှတ်ပြုဖို့လိုသလို ဒီအခြေအနေနဲ့အညီ စဉ်းစားလုပ်ကိုင်ကြဖို့ အလွန်အရေးကြီးပါတယ်။ အတိုက်အခံတွေအကြားမှာ ညီညွတ်ဖို့လိုတယ်ဆိုတာ ဘယ်သူမှမငြင်းပါ။ ဒါပေမယ့် တချို့ပြည်ပရောက်အဖွဲ့နဲ့ ပြည်ပရောက်ပုဂ္ဂိုလ်တွေကပြောတာတွေဟာ ဒီစကားကို တမင်ရှောင်လွှဲနေသလားတောင် စဉ်းစားစရာဖြစ်နေပါတယ်။ ပြည်တွင်းကလူတွေ မပြောတာကိုတော့ နားလည်နိုင်ပေမယ့် ပြည်ပကလူတွေ မပြောတာကိုတော့ မနည်းနားလည်ယူရပါတယ်။

ဗမာပြည်နိုင်ငံရေးမှာ ဒီအခြေအနေကို ကောင်းကောင်းနားလည်သူတဦးဟာ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ စစ်အုပ်စုပဲလို့ဆိုရင် မမှားဘူးထင်ပါတယ်။ သွေးခွဲအုပ်ချုပ်ရမယ်ဆိုတာကို နောကျေလှတယ်လို့ ဗိုလ်နေဝင်းကို အသိအမှတ်ပြုကြလေ့ရှိတာဟာ ဒီအရည်အချင်းကြောင့်ပဲဖြစ်ပါတယ်။ သူဟာ သူ့လက်အောက်လူတွေကိုသာမက ပြည်သူလူထုအကြား၊ သူ့ဆန့်ကျင်ဘက်တွေအကြားမှာလည်း အဲဒီလိုပဲသွေးကွဲအောင်လုပ်၊ သွေးကွဲနေတာကို ဆက်လက်တည်ရှိအောင် ထိန်းသိမ်းထားပြီး ရင်ဆိုင်သွားတာ၊ ကြွေ့တွေကိုကျော်ဖြတ်သွားတာဖြစ်ပါတယ်။

ဗိုလ်သန်းရွှေတို့ နအဖစစ်အုပ်စုဟာ ဗိုလ်နေဝင်းရဲ့ပုံရိပ်နဲ့တကွ ဗိုလ်နေဝင်းထားခဲ့တဲ့အမွေတွေအများအပြားကို စွန့်လွှတ်ပစ်လိုက်ပြီလို့ဆိုနိုင်ပေမယ့် သူတို့ဆက်ခံထိန်းသိမ်းထားတဲ့ ဗိုလ်နေဝင်းရဲ့ လုပ်နည်းကိုင်နည်းတွေ၊ စဉ်းစားတွေးခေါ်နည်းတွေကတော့ မနည်းပါဘူး။ ဒါကြောင့် တချို့က ဒီနေ့ နအဖရဲ့စစ်အာဏာရှင်စနစ်ဟာ “ဗိုလ်နေဝင်းနာမည်နဲ့ မဆလဝါဒမပါတဲ့ ဗိုလ်နေဝင်းစစ်အာဏာရှင်စနစ်” လို့ ထောက်ပြနေကြတာဖြစ်ပါတယ်။ လက်ရှိ သူတို့နဲ့ လက်မှတ်မထိုး၊ စာချုပ်မချုပ်ပဲ စစ်ရပ်စဲထားတဲ့တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ကိစ္စကိုကြည့်ရင် ဗိုလ်နေဝင်းရဲ့ စဉ်းစားနည်းနဲ့ လုပ်ဟန်အမွေကို ဆက်ခံထားတာ အထင်အရှားမြင်တွေ့ရပါတယ်။ စစ်အုပ်စုအနေနဲ့ ပြည်တွင်းစစ်ကို တမင်မွေးထားပြီး ဒါကိုလက်ညှိုးထိုးပြကာ မတန်တဆစစ်တပ်တခုတည်ထောင်၊ အဲဒီတပ်ကို စစ်အုပ်စုရဲ့ တလက်ကိုင် လက်ကိုင်တုတ်တပ်အဖြစ်ထားပြီး လုပ်ကိုင်စားသောက်သွားရေးစစ်အာဏာရှင်စနစ်ကို ထိန်းသိမ်းသွားရေးဆိုတာဟာလည်း ဗိုလ်နေဝင်းရဲ့ရွှေဉာဏ်တော်ပဲဖြစ်ပါတယ်။

ဒီလိုအခြေအနေမှာ ပြည်ပရောက်တွေအကြား အဆဲမျိုးစုံနဲ့ ဆဲရေးတိုက်ခိုက်ကြတာတွေ များသထက် များလာတာတွေ့ရသလို ပြည်တွင်းမှာတော့လည်း အမျိုးသားဒီမိုကရေစီထဲကနေ လူငယ်တွေကကြေငြာနှုတ်ထွက်တာမျိုးတွေကို ဝမ်းနည်းစရာတွေ့နေရပါတယ်။ တဖက်မှာတော့လည်း ဆောင်းပါးရေးတဲ့နည်း၊ ဒါမှမဟုတ် အင်တာဗျူးကတဆင့်ပြောတဲ့နည်းတွေနဲ့ နအဖဆီ ပြောင်လက်နက်ချနေတာလည်း တွေ့နေရပါတယ်။ တချို့ကတော့လည်း နအဖသဘောကျအောင် ဒီချုပ်နဲ့ဗကပကို တလှည့်စီတိုက်ပြနေကြပါတယ်။ စစ်အုပ်စုနဲ့ပြည်သူတွေရဲ့ ရာစုနှစ်တဝက်နီးပါး တိုက်ပွဲစဉ်ကြီးအတွင်းမှာ သူတို့လိုပဲ သူတို့လမ်း သူတို့၊ သူတို့သမိုင်း သူတို့ရေးပြီး လွင့်သွားသူတွေဟာ မနည်းတော့၊ မဆန်းတော့ဘူးလို့ပြောရမှာပါ။ နိုင်ငံရေးအရ အကြပ်အတည်းဆိုက်နေတာမဟုတ်တဲ့နအဖကတော့ အဲဒီလိုလက်နက်ချအချက်ပြနေကြတာကို ပြုံးကြည့်နေမှာပါ။ သူတို့အဖို့ လက်ကမ်းကြိုဆိုဖို့မလိုပါဘူး။

သွေးစည်းညီညွတ်ရေးဆိုတာ ပြောလို့လွယ်ပါတယ်။ ဒါပေမယ့် လက်တွေ့တည်ဆောက်ဖို့၊ ထိန်းသိမ်းတယ်ဆိုတာကတော့ သိပ်ခက်ခဲတဲ့ဖြစ်စဉ်ရှည်ကြီးတခုဖြစ်ပါတယ်။ လက်တွေ့တိုက်ပွဲတွေတိုက်နေရရင် သွေးစည်းညီညွတ်ရေးကိုထိန်းသိမ်းရတာ မခက်လှပါဘူး။ ဒါပေမယ့် လက်တွေ့တိုက်ပွဲမရှိတဲ့ အနေအထားမှာ အတွေးအခေါ်တွေယိုင်လာတာနဲ့အမျှ တည်ဆောက်ထားတဲ့ ညီညွတ်ရေးတွေဟာ ဂယိမ်းဂယိုင်ဖြစ်တတ်ပါတယ်။ လှုပ်ရှားမှုကြီးတခုလုံးအတွင်းသာမက အဖွဲ့အစည်းတခုအတွင်း၊ အစုကလေး တစုအတွင်းတောင် အက်သံပေးတတ်ပါတယ်။ ညီညွတ်ရေးကို တန်ဖိုးထားတယ်ဆိုတာဟာ အတွေးအခေါ်ရင့်ကျက်မှု၊ နိုင်ငံရေးအမြော်အမြင်ရှိမှုနဲ့ လက်တွေ့ကျကျ စဉ်းစားတတ်မှုတို့ရဲ့လက္ခဏာဖြစ်ပါတယ်။ တဖက်မှာလည်း ညီညွတ်ရေးကို တန်ဖိုးမထားတာ၊ အသိရှိရှိနဲ့ ဖျက်ဆီးတာတို့ဟာ အတွေးအခေါ်အရရော၊ နိုင်ငံရေးအရပါ ဖောက်ပြန်တာဖြစ်ပါတယ်။

ဗညြ

❖




BINA
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
ဇေရချမ်း

**စာစီစာရိုက်**
ကျော်ထက် ၊ တင်ထွဋ်ပိုင်

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက်

မိုးကြိုးသတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com

ပြည်တွင်း
လှုပ်ရှားမှုဓာတ်ပုံများကို
အသုံးပြုခွင့်ပေးသည့်
နိုင်ငံရေး
အံတုမှုကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။
အယ်ဒီတာအဖွဲ့

– ကိုယ့်အခွင့်အရေးအတွက်
ကိုယ်တိုင်တိုက်ပွဲဝင်ကြ...
– ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ
ရဲရဲလုပ်ကြ...
– မတရားတဲ့အမိန့်အာဏာဟူသမျှ
တာဝန်အရဖီဆန်ကြ...

# ဟံသာဝတီသတင်းစာဆရာကြီးဦးဝင်းတင်ပြန်လည်လွတ်မြောက်

## မြန်မာနိုင်ငံဒီမိုကရေစီရရှိသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဟုပြောဆို



ပြန်လည်လွတ်မြောက်လာခဲ့သည့်သတင်းစာဆရာကြီးဦးဝင်းတင်နှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ရွှေ

စစ်အစိုးရ၏အကျဉ်းထောင်အတွင်း (၁၉) ကြာ ဖမ်းဆီးထိမ်းသိမ်းထားခြင်းခံခဲ့ရသည့် ဟံသာဝတီသတင်းစာအယ်ဒီတာချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အရေးပါသည့်အခန်းမှပါဝင်ခဲ့သူ ဆရာကြီးဦးဝင်းတင်သည် စက်တင်ဘာလ (၂၂) ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်ဟု သိရသည်။ အသက် (၇၈) နှစ်ကျော်လာပြီဖြစ်သည့် ဦးဝင်းတင်သည် စစ်အစိုးရအကျဉ်းထောင်အတွင်းတွင် သွေးတိုး၊ နှလုံး၊ ဆီးချိုနှင့် အရိုးကျီးပေါင်းတက်ရောဂါဝေဒနာများကို ခံစားခဲ့သည်။

၁၉၈၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် လူထုအရေးတော်ပုံကြီးတွင် ဦးဆောင်အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမှုဆောင်ကော်မတီအတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် စစ်အစိုးရ၏ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

ဦးဝင်းတင်သည် ထောင်တွင်းဖြတ်သန်းချိန် (၁၉) နှစ်တွင် စစ်အစိုးရဘက်မှ နိုင်ငံမရေးမလုပ်တော့ပါဟု ခံဝန်ကတိလက်မှတ်ထိုးပေးလျှင် ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခဲ့ကာ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေး၊ လွှတ်တော်ခေါ်ပေးရေးနှင့် တွေ့ဆုံဆွေးနွေးရေး (စု၊ လွှတ်၊ တွေ့) ဆိုသည့်မူကို ယခုထိတိုင် မယိမ်းမယိုင်စွဲကိုင်ထားလျက်ရှိသည်။

ထောင်ဝတ်စုံဝတ်လျက်နှင့် လွတ်မြောက်လာသည့် ဆရာကြီးဦးဝင်းတင်သည် ဒီမိုကရေစီရသည်အထိ နိုင်ငံရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟုပြောဆိုခဲ့ပြီး "ကျနော်က နိုင်ငံရေး သမားပဲဗျာ။ နိုင်ငံရေးဆက်လုပ်မှာပေါ့။ အဲန်အယ်လ်ဒီရဲ့ လက်ရှိအခြေအနေ၊ ရပ်တည်ချက်ရော၊ ဘာညာရော ကျနော်သဘောကျနေတယ်။ အဲဒီတော့ ကျနော်အဲန်အယ်လ်ဒီနဲ့ပဲလုပ်မှာပဲ။ ကျနော်တို့လုပ်မှာကတော့ နိုင်ငံရေးနည်းနဲ့လုပ်မှာပဲ။ ကျနော်ပြောချင်တာကတော့ ကျနော်နိုင်ငံရေးပဲ ဆက်လုပ်မယ်။ ကျရာနေရာကလုပ်မယ်။ ပေးရာတာဝန်ကလုပ်မယ်။"ဟု ထောင်မှလွတ်မြောက်ကာစတွင် ပြောကြားခဲ့သည်။

စစ်အစိုးရမှ ၁၉၉၁ ခုနှစ် ဇူလိုင်လတွင် ပုဒ်မ ၂၁၆ နှင့်အမှုဆင်၍ ထောင်ဒဏ် (၃) နှစ်၊ ၁၉၉၁ ခုနှစ်တွင် အရေးပေါ်စီမံချက်ဥပဒေ ပုဒ်မ ၅ (ည) နှင့်ထောင်ဒဏ် (၁၂) နှစ်၊ ၁၉၉၅ ခုနှစ်တွင် စာမျက်နှာ (၉၃) မျက်နှာပါရှိသည့် "မြန်မာပြည်ထောင်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ" အစီရင်ခံစာအဖြစ် ထောင်တွင်းနိုင်ငံရေးအကျဉ်းသားများ၏အတွေ့အကြုံများကို စုစည်းရေးသားကာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် ယိုဇီဗိုယိုကိုတာထံပေးပို့ခဲ့မှုအား စစ်အစိုးရသိရှိသွားသောကြောင့် ထောင်ဒဏ် (၇) နှစ် ထပ်မံစီရင်ခြင်းခံခဲ့ရပြန်သည်။

၂၀၀၁ ခုနှစ်တွင် ယူနက်စကိုမှချီးမြှင့်သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ရေးဆု (Guillermo Cano World Press Freedom)၊ ကမ္ဘာ့စာနယ်ဇင်းအသင်း၏ လွတ်လပ်ရေးအတွက်ရွှေကလောင်ဆု (World Association of Newspaper's Golden Pen of Freedom) နှင့် ပြင်သစ်နိုင်ငံအခြေစိုက် နယ်စီးမခြားသတင်းထောက်ဆု (Wineer of Reporters Without Border) တို့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

သတင်းဆရာကြီးဦးဝင်းတင် ပြန်လည်လွတ်မြောက်လာသည့်ကိစ္စအား ပြင်သစ်နိုင်ငံအခြေစိုက် နယ်စီးမခြားသတင်းထောက် များအဖွဲ့ RSF နဲ့ မြန်သတင်းသမဂ္ဂတို့က ဦးဝင်းတင် ပြန်လည်လွတ်မြောက်လာသည့်အတွက် ဝမ်းမြောက်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။

အာရ်အက်စ်အက်ဖ်၏ပြောခွင့်ရသူ မစ္စတာဗင်းဆင့်နဲ့ဗရိုဆယ် Mr.Vincent Brossel က "သူလွတ်လာဖို့ ဖိအားပေးတောင်းဆိုနေတဲ့ ကျနော်တို့အတွက် နှစ်ပေါင်းများစွာစောင့်နေခဲ့တဲ့သတင်းဖြစ်ပါတယ်။ သူ့ကိုလွှတ်ပေးတာ နောက်တောင်ကျနေပါတယ်။ လွန်ခဲ့တဲ့ (၃) နှစ်ကတည်းက လွတ်ရမှာဖြစ်ပါတယ်။ ဒီပြန်လွတ်လာတာဟာ ကျန်တဲ့အကျဉ်းချခံနေရတဲ့ မြန်မာစာနယ်ဇင်းသမားတွေ ပြန်လွတ်လာဖို့ ပထမဆုံးခြေလှမ်းဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ တချိန်တည်းမှာလည်း ကိုဇာဂနာတို့၊ ကိုဇော်သက်ထွေးတို့လိုပုဂ္ဂိုလ်မျိုးတွေလည်း ပြန်လွှတ်ပေးဖို့ ထောက်ပြချင်ကြောင်း"မစ္စတာဗင်းဆင့်ဗရိုဆယ်က ပြောဆိုခဲ့သည်။

ဦးဝင်းတင်အပါအဝင် နိုင်ငံရေးအကျဉ်းသားတချို့ ပြန်လည်လွတ်မြောက်လာခြင်းသည် အချိန်အတော်ကြာကာလအတွင်း မြန်မာနိုင်ငံမှထွက်လာသည့် အကောင်းဆုံးသတင်းဖြစ်ပြီး၊ ဝမ်းနည်းစရာကောင်းသည့်အချက်တခုမှာ ယခုလွတ်မြောက်လာသည့်အရေအတွက်သည် နိုင်ငံရေးအကျဉ်းသားအားလုံး၏ (၁) ရာခိုင်နှုန်းပင်မရှိသေးကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnisity International ၏ မြန်မာနိုင်ငံဆိုင်ရာသုတေသနမှူး ဘန်ဂျမင်ဇာဝက်ကီး (Benjamin Zawacki) က လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလည်း ပြန်လည်လွတ်မြောက်လာသည့် သတင်းစာဆရာကြီးဦးဝင်းတင်အား ၎င်း၏ မူလတာဝန်များကို ဆက်လက်ထမ်းဆောင်သွားရန် တာဝန်ပေးသွားမည်ကို ဦးဝင်းတင်အနေဖြင့်လက်ခံကြောင်းနှင့် ပါတီဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စစ်မှန်သည့် ဒီမိုကရေစီထွန်းကာရေးအတွက် အဲန်အယ်လ်ဒီပါတီစုစည်းရေးနှင့် အဲန်အယ်လ်ဒီကိုဝန်းရံရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဲန်အယ်လ်အနေဖြင့်လည်း စုစည်းနိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်စုစည်းကာ ဆောင်ရွက်နိုင်ပါက အကောင်းဆုံးဖြစ်ကြောင်းကိုလည်း ဦးဝင်းတင်က အကြံပြုပြောဆိုခဲ့သည်။

ယခုအခါတွင် စစ်အစိုးရမှလွှတ်ပေးခဲ့သည့် အကျဉ်းသား (၉,၀၀၀) ကျော်တွင် နိုင်ငံရေးအကျဉ်းသားများဖြစ်သည့် ဆရာကြီးဦးဝင်းတင်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်အမတ်များဖြစ်သည့် ဒေါက်တာသန်းငြိမ်း၊ ဒေါက်တာဒေါ်မေဝင်းမြင့်၊ ဦးအောင်စိုးမြင့်နှင့် အခြားနိုင်ငံရေးအကျဉ်းသားအနည်းငယ်လည်း ပြန်လည်လွတ်မြောက်လာခဲ့ကြောင်းသိရသည်။ ❖

# စိတ်တိုင်းကျတဖက်သတ်ရေးဆွဲထားသည့် စစ်အုပ်စု၏ဖွဲ့စည်းပုံအခြေခံဥပဒေအား လက်မခံ

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့်လည်း ရပ်တည်ချက်အား ပြောင်းလဲမည်မဟုတ်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၀၀၈ စက်တင်ဘာလ (၁၆) ရက်နေ့က ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အစည်းအဝေးတရပ်ကျင်းပကာ အစည်းအဝေးဆုံးဖြတ်ချက်အရ အထူးကြေညာချက် ၁၈/၀၉/၀၈ တစောင်အား စက်တင်ဘာ (၂၂) ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်တွင် စစ်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်နေရာတွင် ဥပဒေနှင့် နည်းဥပဒေတို့ကိုချိုးဖောက်ကာ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ တလွဲပြောဆိုခြင်း၊ လိမ်လည်လှည့်ဖျားခြင်း၊ မလျော်ဩဇာသုံးခြင်းတို့ဖြင့် ၎င်းတို့ရေးဆွဲသည့် ဖွဲ့စည်းပုံအား အဓမ္မအတည်ပြုနေခြင်းများကြောင့် အများပြည်သူလူထုအနေဖြင့် လက်ခံနိုင်ဖွယ်မရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် တိုင်းပြည်၏ အသက်သွေးကြောဖြစ်သည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် ချို့ယွင်းချက်၊ အားနည်းချက်များရှိနေပြီး အများပြည်သူမှ လက်ခံယုံကြည်နိုင်ခြင်းမရှိပါက မည်သို့မှ နိုင်ငံတည်ငြိမ်မှုရှိမည်မဟုတ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများသည် နိုင်ငံရေးစနစ်ပေါ်တွင် တည်မှီလျက်ရှိသည်။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများအပါအဝင် အများပြည်သူလူထုလက်ခံနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတခုပေါ်ပေါက်လာရေးအတွက် ....

(၁) အာဏာပိုင်တို့က ၎င်းတို့ကိုယ်တိုင်ပြဌာန်းထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃) နှင့်အညီ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သောနိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန်။

(၂) ယင်းပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီကို ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အနိုင်ရပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အပစ်အခတ်ရပ်စဲထားသော လက်

စာမျက်နှာ (၇) ကော်လံ (၄) သို့....